မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက် ၂၀၁၈ ခုနှစ်၊ မေ ၁၀ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၇)၊ အမှတ် (၂၂၀)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Zhao Kezhi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၉

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Zhao Kezhi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၆ ❑

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးနှင့် ဆွစ်ဇာလန်သံအမတ်ကြီးအား သီးခြားစီလက်ခံတွေ့ဆုံ

စာ » ၃

ဩစတြေးလျ - မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

စာ » ၄

ဒါကာကြေညာချက်တွင် ရခိုင်ပြည်နယ်၏အခြေအနေအား ရည်ညွှန်းဖော်ပြခဲ့ခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံက တုံ့ပြန် ပြန်လည်လက်ခံရေးလုပ်ငန်း အမြန်စတင်ရေးအတွက် စစ်မှန်စွာ ပူးပေါင်းဆောင်ရွက်ရန် ဘင်္ဂလားဒေ့ရှ်အား တိုက်တွန်း

၂၀၁၈ ခုနှစ်၊ မေလ ၅ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် (၄၅)ကြိမ်မြောက် အစ္စလာမ့်စ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အိုအိုင်စီ) နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ ထုတ်ပြန်ခဲ့သော ဒါကာကြေညာချက်တွင် မြန်မာလုံခြုံရေးတပ်ဖွဲ့များ၏ လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များအပေါ် စိုးရိမ်ပူပန်ကြောင်း ဖော်ပြထားပါသည်။

ယင်းကြေညာချက်မှာ ဟန်ချက်ညီမျှမှု၊ တရားမျှတမှုကင်းမဲ့သည့်အပြင် ယနေ့ကြုံတွေ့နေရသည့် လူသားချင်းစာနာမှု အခြေအနေများကို စတင်ဖြစ်ပွားစေခဲ့သော Arakan Rohingya Salvation Army (ARSA) အမည်ရှိ အကြမ်းဖက်အဖွဲ့၏ ရက်စက်စွာ အကြမ်းဖက်တိုက်ခိုက်မှုများကိုမူ ရှုတ်ချခြင်း အလျှင်းမရှိကြောင်း တွေ့ရှိရပါသည်။

ရခိုင်ပြည်နယ်၏ ဖြစ်စဉ်များအား "လူမျိုးစုသုတ်သင်ရှင်းလင်းမှု"၊ "အစိုးရအားပေးသည့်အကြမ်းဖက်မှု"ဟူသော

စာမျက်နှာ ၃ ကော်လံ ၁ ❈

KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by
World Finance

Awarded by
Euromoney

Awarded by
The FinanceAsia

မြန်မာ့အလင်း

ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း

ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း **(Purchasing Managers' Index -PMI)** သည် ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍ၏ စီးပွားရေးအနေအထားကောင်းမွန်ခြင်းကို ဖော်ပြသည့် အညွှန်းကိန်း ဖြစ်ပါသည်။ ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း **(PMI)** ကို အချက်ငါးချက်အပေါ် အခြေခံ၍ တွက်ချက်ပါသည်။ ဝယ်ယူရေးအမှာစာအသစ်များ၊ ပစ္စည်းအရန်သင့်သိုလှောင်ထားရှိမှု၊ ကုန်ပစ္စည်းထုတ်လုပ်မှု၊ ပစ္စည်းဖြန့်ဝေပို့ဆောင်မှုနှင့် အလုပ်ခန့်ထားနိုင်မှုအခြေအနေတို့ ဖြစ်ပါသည်။ ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်းသည် ၅၀ အထက်ရှိပါက စီးပွားရေးကျယ်ပြန့်အားကောင်းလာခြင်းကို ညွှန်းဆိုပါသည်။ ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်းသည် ၅၀ အောက်ရှိပါက စီးပွားရေးကျဆင်းကျုံ့ဝင်လာခြင်းကို ညွှန်းဆိုပါသည်။ ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်းသည် ၅၀ ဖြစ်နေပါက တစ်စုံတစ်ရာအပြောင်းအလဲ မရှိခြင်းကို ညွှန်းဆိုပါသည်။

ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း **(PMI)** သည် စီမံခန့်ခွဲမှုပြုလုပ်ရမည့်ပုဂ္ဂိုလ်များအတွက် လွန်စွာအသုံးဝင်သော အညွှန်းကိန်းတစ်ရပ်ဖြစ်ပါသည်။ ဥပမာအားဖြင့် မော်တော်ကားထုတ်လုပ်သောကုမ္ပဏီတစ်ခုက အနာဂတ်၌ ကားဝယ်ယူရေးအမှာစာများ ပိုမိုရရှိမည်ဟု မျှော်မှန်းထားသော အခြေအနေအပေါ်မူတည် တင်ပြလိုပါသည်။ ဤသို့ဖြစ်ပါက မော်တော်ကားအစိတ်အပိုင်း စက်ပစ္စည်းများအတွက်အမှာစာနှင့် သံမဏိနှင့် ပလတ်စတစ်ကဲ့သို့သော ကုန်ကြမ်းပစ္စည်းတို့၏ အမှာစာတို့များပြားလာမည် ဖြစ်ပါသည်။ မော်တော်ကားဝယ်ယူရေးအမှာစာများ တိုးပွားမှုနှင့်အညီ လိုအပ်ပစ္စည်းများအရန်သင့် သိုလှောင်မှုကိုလည်း ချိန်ညှိပြုလုပ်ရမည် ဖြစ်ပါသည်။ မော်တော်ကားအမှာစာများ တိုးပွားလာနေပါက မော်တော်ကား၏ တန်ဖိုးကို မြှင့်တင်နိုင်သကဲ့သို့ မော်တော်ကားအတွက် ပေးသွင်းနေသော အစိတ်အပိုင်းများနှင့် ကုန်ကြမ်းတို့၏ ဈေးမြင့်လာမှုကိုလည်း လက်ခံနိုင်သောအနေအထားမျိုးရှိပါသည်။ တစ်ဖန်မော်တော်ကားအမှာစာများကျဆင်းနေပါက မော်တော်ကား၏ဈေးနှုန်းကို ချလာနိုင်သကဲ့သို့ မော်တော်ကားထုတ်လုပ်ရေးအတွက် ပေးသွင်းနေသော ပစ္စည်းတို့၏ ဈေးနှုန်းချပေးရန်ကိုလည်း တောင်းဆိုလာနိုင်ပါသည်။ ကုမ္ပဏီတစ်ခုသည် ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း **(PMI)** အပေါ်အခြေခံ၍ နှစ်စဉ်ဘတ်ဂျက်လိုအပ်ချက်ကို စီမံလျာထားသကဲ့သို့ ခန့်ထားရမည့်ဝန်ထမ်းအရေအတွက်ကိုလည်း မှန်းဆပါသည်။ စီမံခန့်ခွဲရမည့် ငွေကြေးပမာဏကိုလည်း တွက်ချက်ပါသည်။

၂၀၁၈ခုနှစ် ဧပြီလတွင် ထုတ်ပြန်ခဲ့သော အာဆီယံနိုင်ငံများ၏ ထုတ်လုပ်မှုဆိုင်ရာဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း **(PMI)** အရ မြန်မာနိုင်ငံသည်နှစ်လဆက်တိုက် ထိပ်ဆုံး၌ ရပ်တည်ခဲ့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံသည် **(PMI)** ညွှန်းကိန်း ၅၅ ဒသမ ၅ ဖြင့် ပထမနေရာ၌ ရပ်တည်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် **(PMI)** ညွှန်းကိန်း ၅၂ ဒသမ ၇ ဖြင့် ဒုတိယနေရာ၌ ရပ်တည်နေပါသည်။ စင်ကာပူနိုင်ငံက ၅၁ ဒသမ ၅၊ ထိုင်းနိုင်ငံက ၄၉ ဒသမ ၅၊ မလေးရှားနိုင်ငံက ၄၈ ဒသမ ၆ ရှိပါသည်။ ဤသည်မှာ **Nikkei** ၏ ပံ့ပိုးမှုဖြင့်ပြုလုပ်သော **IHS Markit** ၏ စစ်တမ်း၌ ဖော်ပြထားချက်များ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ၂၀၁၈ခုနှစ်၊ မတ်လ ထုတ်လုပ်မှုဆိုင်ရာဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း **(PMI)** သည် ၅၃ ဒသမ ၇ ဖြစ်ပါသည်။ ဤကဲ့သို့ မြန်မာနိုင်ငံ၏ထုတ်လုပ်မှုဆိုင်ရာ ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း **(PMI)** နှစ်လဆက်တိုက် တိုးတက်လာခြင်းသည် မြန်မာနိုင်ငံ၏ ထုတ်လုပ်ရေးကဏ္ဍ သိသာစွာအရှိန်အဟုန်ရလာခြင်းကို ဖော်ပြခြင်းဖြစ်၍ ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

စာအုပ်စာပေ လှူမိတ်ဆွေ

ပုဂံခရီးသွား လာရောက်မှု ယခင်နှစ်ကထက်လျော့နည်း

ပုဂံ မေ ၉

ပြီးခဲ့သည့် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပုဂံရှေးဟောင်းဒေသသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည်လာရောက်မှုမှာ ယခင်နှစ်ကထက် လျော့နည်းကျဆင်းခဲ့ကြောင်း မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များဥက္ကဋ္ဌ (ပုဂံဇုန်) ဦးဇော်ဝိတ်က ပြောသည်။

"ပုဂံဒေသမှာ နိုင်ငံခြားသားခရီးသွား လာရောက်မှုက ပြီးခဲ့တဲ့နှစ်နဲ့ နှိုင်းစာရင် လျော့ကျသွားခဲ့ပါတယ်၊ ဒီလိုလျော့ကျသွားတဲ့ အကြောင်းကတော့ နိုင်ငံရေးနဲ့လည်းဆိုင်တယ်၊ ဘုရားတွေပေါ်မှာ Sunset တို့၊ Sunrise တို့ကြည့်တာတွေကို လွန်ခဲ့တဲ့သုံးလလောက်က ပိတ်ပင်ထားပါတယ်၊ ဒီအတွက်ကြောင့် မီဒီယာတွေကနေ တစ်ဆင့်ပျံ့နှံ့သွားပြီး ခရီးသွားကကျဆင်းသွားတာတွေ့ရပါတယ်၊ ပြန်လည်ခွင့်ပြုပေးနိုင်ဖို့ကြိုးစားပေးမယ့် မအောင်မြင်ပါဘူး၊ ဒီအတိုင်းဆိုရင် ပုဂံကို နိုင်ငံခြားသား ခရီးသွားလာရောက်မှုက သိသိသာသာလျော့ကျသွားနိုင်တဲ့ အနေအထား ဖြစ်လာနိုင်ပါတယ်"ဟု ဦးဇော်ဝိတ်က ပြောသည်။

ပြီးခဲ့သည့်နှစ်အတွင်း ပုဂံဒေသသို့ နိုင်ငံခြားသားခရီးသွား ဧည့်သည် ၃၀၀၀၀၀ ကျော် လာရောက်ခဲ့ရာမှ ယခုနှစ် ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် ခရီး ၂၈၀၀၀၀ ခန့် သာလာရောက်ခဲ့ကြောင်း၊ ပွင့်လင်းလာသောခေတ်တွင် ခရီးသွားလာရောက်မှုမှာ တဖြည်းဖြည်းကျဆင်းလာနေကြောင်း သိရသည်။

လက်ရှိအချိန်အတွင်း ပုဂံဒေသတွင် ဟိုတယ်အလုံးပေါင်း တရားဝင်လိုင်စင်ရ ဟိုတယ် ၈၄ လုံး ရှိပြီး အခန်းပေါင်း ၃၀၀၀ ကျော်ရှိကြောင်း၊ သို့သော်လည်း လိုင်စင်မရသေးသောဟိုတယ်အလုံး ၄၀ ကျော်ရှိသည့်အတွက် အခန်းပေါင်း ၄၅၀၀ ရှိကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ-မြင့်မောင်စိုး**

ထင်သာမြင်သာပြုပြင်စရာ

စလင်းမြို့မှ အန္တရာယ်ရှိ ရေတွင်းပျက် ဖယ်ရှားပေးစေလို

မကွေးတိုင်းဒေသကြီး စလင်းမြို့ ပေါင်းနားရပ်ကွက်နှင့် ဈေးမရပ်ကွက် ဆက်စပ်နယ်မြေ မဏိဇောတဆီစက်အဝင်အနီး လမ်းနယ်တွင် လူအများအသုံးမပြုတော့သည့် ရေတွင်းပျက်သည် လမ်းနှင့် နီးကပ်စွာရှိနေပြီး ရေတွင်းနှုတ်ခမ်းပေါင်အကာမှာလည်း နှစ်ပေခန့်သာ မြင့်နေသဖြင့် ညအချိန် သွားလာသူများအတွက် အန္တရာယ်ရှိနေသည်။

မေ ၆ ရက် ညဦးပိုင်းတွင် လမ်းသွားဆိုင်ကယ်တစ်စီးမှာ အဆိုပါ ရေတွင်းပျက်အား တိုက်မိပြီး ဆိုင်ကယ်စီးလာသူနှစ်ဦးလုံး ရေတွင်းပျက်ထဲ ပြုတ်ကျခဲ့ရာ ရေတွင်းပျက်အနီးနေသူများ အချိန်မီသိရှိ၍ ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါ အန္တရာယ်ရှိ ရေတွင်းပျက်ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောလျင်စွာ မြေဖို့ဖျက်သိမ်းပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

စစ်ကြည် (စလင်း)

ထီးလင်း၌ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကျင်းပ

ထီးလင်း မေ ၉

(၂၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို မေ ၇ ရက်က ဂန့်ဂေါခရိုင် ထီးလင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲသို့ အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲ၌ ငါးဦး၊ ကာတွန်းပြိုင်ပွဲ၌ ၁၀ ဦး၊ ပိုစတာပြိုင်ပွဲ၌ နှစ်ဦး၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ၌ ကိုးဦး၊ ကာတွန်းပြိုင်ပွဲ၌ လေးဦး၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲ၌ ကိုးဦး၊ ကာတွန်းပြိုင်ပွဲ၌ တစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၉-၅-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၃၇၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၈၂၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၃၇၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၈၃၀၀၀

စက်သုံးဆီဈေးနှုန်း (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

စက်သုံးဆီ	လက်လီဈေး
ဒီဇယ်(တစ်လီတာ)	၈၄၀/၈၅၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၅၅/၈၆၀ ကျပ်
အောက်တိန်း ၉၂	၈၀၅/၈၁၅ ကျပ်
အောက်တိန်း ၉၅	၈၅၀/၈၆၀ ကျပ်

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၄၀ ·၀
ဥရောပ	တစ်ယူရို	၁၅၈၉ ·၆
စင်ကာပူ	တစ်ဒေါ်လာ	၁၀၀၀ ·၀
ဗြိတိန်	တစ်ပေါင်စတာလင်	၁၈၁၅ ·၀
ဂျပန်	၁၀၀ ယန်း	၁၂၂၈ ·၅
ဩစတြေးလျ	တစ်ဒေါ်လာ	၉၉၈ ·၇၇
တရုတ်	တစ်ယွမ်	၂၁၀ ·၃၆
အိန္ဒိယ	တစ်ရူပီး	၁၉ ·၉၄၉
ကိုရီးယား	၁၀၀ ဝမ်	၁၂၄ ·၂၃
ထိုင်း	တစ်ဘတ်	၄၁ ·၉၅၄
မလေးရှား	တစ်ရင်းဂစ်	၃၃၉ ·၂၀

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဋ္ဌေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Zhao Kezhi အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးနှင့် ဆွစ်ဇာလန်သံအမတ်ကြီးအား သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် မေ ၉

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Zhao Kezhi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ကူညီထောက်ပံ့ရေး ဆွေးနွေး

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်လည်း တက်ရောက်သည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E.Mr. Paul R. Seger နှင့် တာဝန်ရှိသူများအား ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ ဆွစ်ဇာလန်နိုင်ငံမှ မြန်မာနိုင်ငံအတွက် ၂၀၁၉-၂၀၂၃ (၅) နှစ်တာကာလ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာစီမံကိန်းရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Paul R. Seger အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

❑ ရှေ့စာမှ

တွေ့ဆုံစဉ် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှတစ်ဆင့်ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး၊ နယ်စပ်ဒေသများလုံခြုံရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအတွက်လိုအပ်သည့် ရဲအသုံးအဆောင်ပစ္စည်းကိရိယာများ ကူညီထောက်ပံ့ပေးရေး၊ ရဲကွပ်ကဲမှုဗဟိုဌာနတည်ထောင်နိုင်ရေး၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် ကျောက်ဖြူစီမံကိန်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်လည်း တက်ရောက်သည်။

သတင်းစဉ်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၉

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

❋ ရှေ့စာမှ

အသုံးအနှုန်းများဖြင့် တာဝန်မဲ့စွာ ဖော်ပြခြင်းအပေါ် မြန်မာနိုင်ငံအနေဖြင့် ပြတ်သားစွာ ပယ်ချပါသည်။ မောင်တောဒေသတွင် မွတ်စလင်အသိုက်အဝန်းမှာ လူများစုဖြစ်ပြီး၊ ယင်း၏ (၅၀) ရာခိုင်နှုန်းကျော်မှာ ယင်းကျေးရွာများတွင် ဆက်လက်နေထိုင်နေကြဆဲ ဖြစ်ပါသည်။

အစိုးရအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုမှန်သမျှကို ခွင့်လွှတ်မည်မဟုတ်ကြောင်း ကြိမ်ဖန်များစွာ ပြောကြားထားပြီး ဖြစ်ပါသည်။ ခိုင်မာသော အထောက်အထားရှိသည့် စွပ်စွဲပြောကြားချက်များနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေး၍ ဥပဒေနှင့်အညီ အရေးယူသွားမည် ဖြစ်ပါသည်။

ဒါကာကြေညာချက်တွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံသဘောတူညီချက်အတိုင်း ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား အမြန်ပြန်လည်လက်ခံရေးလုပ်ငန်း စတင်ရန် အရေးတကြီးလိုအပ်နေမှုနှင့် ရခိုင်ပြည်နယ်တွင် သဟဇာတဖြစ်မှု မြှင့်တင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်သည့် အကြံပြုမှုများ တစ်လုံးတစ်ပါဒမျှ ဖော်ပြထားခြင်းမရှိသည်မှာ အထူး စိတ်မကောင်းဖွယ်ရာ ဖြစ်ပါသည်။

ယခုအခါ မုတ်သုံကာလနီးကပ်လာသည်နှင့်အမျှ မြန်မာနိုင်ငံအနေဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား ဆောလျင်စွာ စတင်နိုင်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ပေးရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံအား မြန်မာနိုင်ငံက တိုက်တွန်းပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား မိမိဆန္ဒအလျောက် ဘေးကင်းစွာနှင့် ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်လာနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အဆင်သင့်ရှိကြောင်း ဖော်ပြအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၁၈ ခုနှစ်၊ မေလ ၉ ရက်။

ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲ ဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန် ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာ မျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား

ဘယ်လိုစီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား ဖြစ်ပါလိမ့်မယ်။ အစုအဖွဲ့၊ ဂိုဏ်းဂဏစိတ်တွေကို ဖယ်ရှားပြီး၊ နိုင်ငံနဲ့ပြည်သူများ အကျိုးသယ်ပိုးရာမှာ၊ မည်သူကိုမျှ လက်ညှိုးမထိုး၊ မိမိရဲ့စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်းလူတိုင်း အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်မယ်ဆိုရင် ဘယ်လိုကြီးမား၊ ခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

ဩစတြေးလျ-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် မေ ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Mr. Nicholas Coppel အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အမြင်ချင်းဖလှယ် ဆွေးနွေး

ထိုသို့ တွေ့ဆုံစဉ် ဩစတြေးလျ-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်နှင့် ဒီမိုကရေစီစနစ် အားကောင်းစေရေးအတွက် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် ပူးပေါင်းပါဝင်ကူညီပေးရေး၊ ပညာရေးမြှင့်တင်ရေးအတွက် အကူအညီပေးရေးအစီအစဉ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရေးအတွက် အထောက်အကူပြုရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

အာဆီယံပြန်ကြားရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးတက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စင်ကာပူထွက်ခွာ

ရန်ကုန် မေ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် စင်ကာပူနိုင်ငံတွင် မေ ၁၀ ရက်၌ ကျင်းပမည့် အာဆီယံပြန်ကြားရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး (14th Conference of the ASEAN Ministers Responsible for Information – AMRI)နှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ယနေ့နံနက် ၇ နာရီခွဲက လေကြောင်းခရီးဖြင့် စင်ကာပူနိုင်ငံသို့ ထွက်ခွာရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(အသံလွှင့်) ဦးဇေယျာလည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြောင်း သိရသည်။

သတင်းစဉ်

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်နိုင်ရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရနှင့် ပါဝင်လိုသည့် ကုမ္ပဏီများ ညှိနှိုင်း

ပုသိမ် မေ ၉

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယမန်နေ့ နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် စီမံကိန်းများနှင့် တရုတ်-မြန်မာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုစင်္ကြံ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြိုတင်ပြင်ဆင်လုပ်ဆောင်နိုင်ရန် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တရုတ်-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုစင်္ကြံ အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်လိုသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး တရုတ်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုစင်္ကြံနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက တရုတ်နိုင်ငံ၏ One Belt One Road အောက်တွင် စီးပွားရေးစင်္ကြံအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပင်လယ်ထွက်ပေါက်ရှိသည့် နေရာတိုင်းသည် နောက်ပိုင်းတွင် စင်္ကြံအဖြစ် ပါဝင်မည်ဖြစ်ပြီး မေ ၁၄ ရက်တွင် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် နောက်ဆုံးအကြိမ် ညှိနှိုင်းအစည်းအဝေးပြုလုပ်မည် ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအနေဖြင့် တရုတ်-မြန်မာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုစင်္ကြံတွင် ထည့်သွင်းစဉ်းစားလိုသည့် စီမံကိန်းများရှိပါက တိုင်းဒေသကြီးလည်း အကျိုးရှိ၊ ရင်းနှီးမြှုပ်နှံသူများလည်း အကျိုးရှိစေရန်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရာတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လုပ်ဆောင်ရမည့် နယ်ပယ်အသီးသီးနှင့် ကဏ္ဍအလိုက်ဆောင်ရွက်ရမည့်ကိစ္စရပ်များအပေါ် တက်ရောက်လာကြသည့် ကုမ္ပဏီများမှ ဆောင်ရွက်လိုသည့် လုပ်ငန်းစီမံကိန်းများအား တင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များသို့ သွားရောက်စစ်ဆေးခဲ့ပြီး ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှု၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန်ကိစ္စများအား မှာကြားခဲ့သည်။

ထို့နောက် ပုသိမ်စက်မှုမြို့တော် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးရာ စက်မှုမြို့တော် တည်ဆောက်ရေး တာဝန်ခံများမှ ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြင်ဆင်ဖတ်ရှုပေးပါရန်

၉-၅-၂၀၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၄) တွင် ဖော်ပြခဲ့သော "မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်းကြီးများ လုံခြုံရေး တို့နှင့် စပ်လျဉ်း၍ ဆွေးနွေး" သတင်း၏ စာပိုဒ်(၃)၊ စာကြောင်းရေ (၁၆)တွင် တရုတ်နိုင်ငံ၊ **ယူနန်ပြည်နယ်က (၁၈.၉) သန်း တန်ဖိုးရှိ** စာသားအစား **တရုတ်ငွေ ယွမ် (၁.၈၉) သန်း တန်ဖိုးရှိ** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် မေ ၉

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သိုက်ချောင်းမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ပခုက္ကူမြို့တွင် ၀ ဒသမ ၇၅ လက်မ၊ ကျိုက္ခမီမြို့တွင် ၀ ဒသမ ၄၇ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၄၃ လက်မ၊ ဖလမ်းမြို့၊ တီးတိန်မြို့၊ ဂန့်ဂေါမြို့နှင့် ပေါင်မြို့တို့တွင် ၀ ဒသမ ၃၅ လက်မစီ၊ မချမ်းဘောမြို့၊ ရမည်းသင်းမြို့နှင့် မော်ဘီမြို့တို့တွင် ၀ ဒသမ ၂၄ လက်မစီနှင့် ကလေးမြို့တွင် ၀ ဒသမ ၂၃ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဖွဲ့စည်းခြင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များကို အခက်အခဲရှိပါက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်ဖြစ်

နေပြည်တော် မေ ၉

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union- MPU) အစည်းအဝေး(၃/၂၀၁၈) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း **(ယာပုံ)**က မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို ပြင်ဆင် ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ အခက်အခဲများ၊ လိုအပ်ချက်များကို ဝိုင်းဝန်းကူညီဖြေရှင်းနိုင်ရန် ရည်ရွယ်ပြီး ယခုအစည်းအဝေးကို ခေါ်ယူခြင်းဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များအား နိုင်ငံခြားခရီးစဉ်ဖိတ်ကြားမှုများတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့အနေဖြင့် နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့် မူဝါဒများနှင့်အညီ သွားရောက်ရပါကြောင်း၊ ပြည်သူ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပါက သက်ဆိုင်ရာလွှတ်တော်များသို့ အသိပေးစေလိုကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဖွဲ့စည်းခြင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များကို လွှမ်းမိုးရန်အတွက် မဟုတ်ဘဲ အခက်အခဲရှိပါက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း ပြောကြားသည်။

အပြုသဘော ဆွေးနွေး

ဆက်လက်ပြီး မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၏ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းထားမှုများတွင် လက်တွေ့ဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် အခက်အခဲများအပေါ် မူတည်၍ ပြန်လည်ပြင်ဆင်ရန် ဆောင်ရွက်နေပါကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများတွင် ကွဲပြားခြားနားဆောင်ရွက်မှုများမရှိစေရန် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌများအနေဖြင့် ညှိညှိနှိုင်းနှိုင်းပြန်လည်သုံးသပ် ဆောင်ရွက်သွားရန် မိမိအနေဖြင့် အကြံပြုလိုပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို ကြားသိနေရပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများတွင် အပြန်အလှန်ထိန်းကျောင်းမှုစနစ် Check and Balance သည် ရှိနေရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဝေဖန်ခြင်းထက် အားနည်းချက်ကို ထောက်ပြခြင်း၊ တည့်မတ်ပေးခြင်းနှင့် တိုက်တွန်းခြင်းတို့ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်အပိုင်းက ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ဝိုင်းဝန်းဆွေးနွေး အဖြေရှာကြမည်ဆိုပါက နောင်မဝေးသည့်အချိန်ကာလတွင် မိမိတို့လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်း၊ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းရမည့်လုပ်ငန်း၊ ပြည်သူ့ကိုယ်စားပြုလုပ်ငန်းများသည် ယခုထက် ပိုမိုအောင်မြင်လာမည်ဖြစ်ပါကြောင်းနှင့် ရင်းနှီးပွင့်လင်းစွာ အပြုသဘောဆွေးနွေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးအေးသာအောင်က မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အစည်းအဝေး (၂/၂၀၁၈) ဆုံးဖြတ်ချက်များအပါအဝင် လွှတ်တော်ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

လွှတ်တော်ဆောင်ရွက်နေမှုအခြေအနေ

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်က လွှတ်တော်ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် လွှတ်တော်အတွင်းဖြစ်စေ၊ လွှတ်တော်အချင်းချင်းဖြစ်စေ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ လွှတ်တော်များသည် ပြည်သူလူထုအကျိုး သယ်ပိုးရန်ဖြစ်ပါကြောင်းနှင့် လွှတ်တော်ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ရုံး အဖွဲ့မှူး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက လွှတ်တော်သုံးရပ်ရှိ နည်းဥပဒေများကို လက်တွေ့ဆောင်ရွက်နေမှုအခြေအနေများနှင့် ကိုက်ညီမှုရှိစေရန် ပြန်လည်ရေးဆွဲလျက်ရှိပါကြောင်း၊ အလားတူ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ၏ နည်းဥပဒေများ ပြင်ဆင်ဖြည့်စွက်ရေးဆွဲရန် လျာထားကြောင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများက လွှတ်တော်ဆိုင်ရာကိစ္စရပ်များနှင့် လွှတ်တော်အလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော်နာယကတို့က သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်း၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ၁၃ ဦး၊ ဒုတိယဥက္ကဋ္ဌ တစ်ဦးနှင့် လွှတ်တော်ရုံးအသီးသီးမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

၂၈ ကြိမ်မြောက် အရှေ့အာရှပညာရှင်များကွန်ရက်အဖွဲ့ဝင် နိုင်ငံများ၏ ညှိနှိုင်းဆောင်ရွက်သူများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (Myanmar Institute of Strategic and International Studies) နှင့် တရုတ် Network of East Asian Think-Tanks - NEAT (NEAT China) တို့ ပူးတွဲကျင်းပသည့် ၂၈ ကြိမ်မြောက် အရှေ့အာရှပညာရှင်များ ကွန်ရက်အဖွဲ့ဝင်နိုင်ငံများ၏ ညှိနှိုင်းဆောင်ရွက်သူများ အစည်းအဝေး - The 28th NEAT Country Coordinator Meeting ဖွင့်ပွဲအခမ်းအနားကို မေ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Sule Shangri-La ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွှန့်မောင်ရှိန်က အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ အာဆီယံ+၃ နိုင်ငံများမှ NEAT ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ အဖွဲ့ဝင်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးမြင့်တို့ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ၂၇ ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ၏ ညှိနှိုင်းဆောင်ရွက်သူများအစည်းအဝေးနှင့် ၁၅ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတို့၏ အစီရင်ခံစာများအား ဆွေးနွေးခြင်း၊ ၂၀၁၇ အာဆီယံ+၃ နိုင်ငံများ၏ အဆင့်မြင့် အရာရှိများအစည်းအဝေးသို့ တင်ပြခဲ့သည့် NEAT စာချွန်လွှာ (Memorandum) အစီရင်ခံစာ ဆွေးနွေးခြင်း၊ NEAT လုပ်ငန်းအဖွဲ့ ကျိုးကြောင်းဖော် ပြချက်စာတမ်းများ ဆွေးနွေးခြင်း၊ နောက်တစ်ကြိမ် ကျင်းပမည့် ၂၉ ကြိမ်မြောက် အရှေ့အာရှပညာရှင်များအဖွဲ့ကွန်ရက် ညှိနှိုင်းဆောင်ရွက်သူများ အစည်းအဝေးနှင့် ၁၆ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတို့အတွက် ဆွေးနွေးမည့် ခေါင်းစဉ်နှင့် ကြိုတင်ပြင်ဆင်မှုများ ဆွေးနွေးခြင်း စသည့် ခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❊ ကျောဖုံးမှ

ယင်းသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီးရှိ အဆောက်အအုံမဆောက်လုပ်ရန် တားမြစ်ထားသည့် ဇုန်အတွင်းတွင် ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်း၌ အဆောက်အအုံအချို့နှင့် ဘန်ကာများဆောက်လုပ်ထားမှုအပေါ် တရားဝင်ကန့်ကွက်ခဲ့ပြီး အဆိုပါ ဆောက်လုပ်ထားသည့် အဆောက်အအုံများသည် နှစ်နိုင်ငံအကြား ချုပ်ဆိုထားသော နယ်နိမိတ်စာချုပ်ပါ သတ်မှတ်ချက်များကို ဖောက်ဖျက်ရာရောက်သဖြင့် ဖယ်ရှားပေးရန် ပြောကြားခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နယ်နိမိတ်မျဉ်းအနီးရှိ အဆောက်အအုံမဆောက်လုပ်ရန် တားမြစ်ထားသည့် ဇုန်အတွင်းတွင် မြန်မာဘက်ခြမ်း၌ နေအိမ်၊ အဆောက်အအုံများ ဆောက်လုပ်လျက်ရှိရာတွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပံ့ပိုးပေးနေမှုများ ရပ်ဆိုင်းပေးရန်နှင့် ယင်းဇုန်အတွင်း၌ တရားမဝင် နေထိုင်လျက်ရှိကြသော နေရပ်စွန့်ခွာသူများ ပြန်လည်ထွက်ခွာကြရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပူးပေါင်းဆောင်ရွက်ပေးရန်လည်း သံအမတ်ကြီးအား ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လွန်ခဲ့သောလများအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဟု ယူဆရသော ရခိုင်၊ မြို၊ ခမီ၊ ဒိုင်းနက်လူမျိုး ၃၆၈ ဦးတို့နှင့်ပတ်သက်၍ အသိပေးပြောကြားခဲ့ပြီး ၎င်းတို့အား လိုအပ်သော နိုင်ငံသားစိစစ်မှုများ ဆောလျင်စွာပြုလုပ်ရေးနှင့် ၎င်းတို့ဆန္ဒအလျောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နေရပ်သို့ ပို့ဆောင်ရေးအတွက် ဆောင်ရွက်ရန် သံအမတ်ကြီးအား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအစိုးရအကြား ရရှိထားသည့် သဘောတူညီချက်များနှင့်အညီ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားကြသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား မိုးရာသီမကျရောက်မီ စတင်ရန် မြန်မာနိုင်ငံအနေဖြင့် အဆင်သင့်ရှိနေကြောင်း ထပ်လောင်းပြောကြားခဲ့ပြီး မြန်မာဘက်မှ စာရင်းပေးပို့ထားသော ရခိုင်ပြည်နယ်တွင်း၌ နေထိုင်ကြသည့် ဟိန္ဒူနှင့် မူဆလင် ၁၂၀၀ ခန့်အား ပြန်လည်ပို့ဆောင်ရေးအတွက်လည်းကောင်း၊ မြန်မာဘက်မှ စိစစ်ထားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပေးပို့ထားသော စာရင်းပါ လူ ၉၂၉ ဦးတို့ကို ပြန်လည်ပို့ဆောင်ရေးအတွက်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ဆောလျင်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကို တိုက်တွန်းပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ Physical Arrangement တွင် သဘောတူညီထားချက်များအရ သတ်မှတ်ထားသည့် ပုံစံများတွင် ဖြည့်စွက်၍ လူစာရင်းများပေးပို့ရန်လိုအပ်ကြောင်း သံအမတ်ကြီးအား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသူများအရေးကိစ္စနှင့် အခြားသော နှစ်နိုင်ငံဆိုင်ရာ အကျိုးတူကိစ္စရပ်များကို နှစ်ဖက်စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း၊ အိမ်နီးချင်းကောင်းစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဖြေရှင်းသွားစေလိုကြောင်း သံအမတ်ကြီးအား ပြောကြားခဲ့သည်။

သတင်းစဉ်

❖ ကျောဖုံးမှ

အဓိကထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးတွင် အတည်ပြုရန်ကျန်ရှိသည့် ဥပဒေများကိုလည်း ဆက်လက်ဆွေးနွေးအတည်ပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်ကျင်းပခဲ့သည့် ပုံမှန်အစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ယခုကျင်းပပြုလုပ်မည့် အဋ္ဌမပုံမှန်အစည်းအဝေးကိုလည်း အောင်မြင်စွာကျင်းပနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီ နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်မည့်နေရာများကို သွားရောက်စစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် လုံခြုံရေးပိုင်းဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းပေးခဲ့ပါကြောင်း၊ လွှတ်တော်အစည်းအဝေးတက်ရောက်ရန် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်သည့် နေရာများသို့ မရောက်ရှိမီ ကျန်းမာရေးဆေးပေးခန်းများကို ကြိုတင်ဖွင့်လှစ်ပေးရန် လိုအပ်ပါကြောင်းနှင့် တက်ရောက်လာကြသည့် ဌာနအဖွဲ့အစည်းအသီးသီးမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ရမည့်အချက်များကို အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီအသီးသီးမှ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော်နာယကတို့က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီအတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၉

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ သာယာဝတီမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီနှင့် မြင်းမူမြို့၊ မြင်းခြံမြို့နှင့် အောင်လံမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မြန်မာ့အလင်း**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာအသစ်ပြင်ဆင်ခြင်း

မျက်မှောက်ကာလပညာခေတ်တွင် ပညာရည်တိုးတက်မြင့်မားရေးအတွက် အရည်အသွေးမြင့်မားသော သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာအဆင့်မီရေးဆွဲရန်လိုအပ်ပါသည်။ ထို့ပြင် သင်ရိုးညွှန်းတမ်းများ အရည်အသွေးပြည့်မီသည့်တိုင် သင်ယူတတ်မြောက်မှု အကဲဖြတ်စနစ်များ ကောင်းမွန်မှန်ကန်မှသာ အာမခံချက်ရှိသော ပညာရေးစနစ်ကိုထူထောင်နိုင်ပြီး ပညာရည်ပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များပေါ်ထွက်လာမည်ဖြစ်ပါသည်။ အရည်အသွေးမြင့်မားပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သော ဘောဂဗေဒပညာရှင်များ၊ စီးပွားရေးပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များပေါ်ထွန်းလာစေရန် အခြေခံပညာအထက်တန်းအဆင့်တွင် ဘောဂဗေဒအခြေခံသဘောတရားများကို ပိုမိုနားလည်သဘောပေါက်စေရန်၊ ပိုမိုလေ့လာနိုင်လာစေရန်လိုအပ်ပါသည်။

အခြေခံပညာအထက်တန်းအဆင့်တွင်ဘောဂဗေဒဘာသာရပ်ကို နဝမတန်းနှင့်ဒသမတန်းတို့တွင် သင်ကြားပို့ချလျက်ရှိပါသည်။ နဝမတန်းပြဋ္ဌာန်းစာအုပ်တွင် ဘောဂဗေဒဘာသာရပ်၏ အခြေခံများ၊ ဘောဂဗေဒအသုံးအနှုန်းများနှင့် စီးပွားရေးလုပ်ဆောင်ချက်များ စသည်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အအုံပုံစံကို စီးပွားရေးကဏ္ဍအလိုက်လည်းကောင်း ထည့်သွင်းရေးသားပြုစုထားပါသည်။ ဒသမတန်းပြဋ္ဌာန်းစာအုပ်တွင် ဘောဂဗေဒဘာသာရပ်၏ အခြေခံသဘောတရားများကို မိုက်ခရိုဘောဂဗေဒ၊ မက်ခရိုဘောဂဗေဒ၊ ငွေကြေးနှင့်ဘဏ်လုပ်ငန်း၊ ပြည်သူ့ဘဏ္ဍာရေး၊အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးစသည့် ဘောဂဗေဒဘာသာရပ်ခွဲများ၏ အခြေခံသဘောတရားများ၊ သီအိုရီအခြေခံများကို အခန်း (၆)ခန်း ရေးသားပြုစုထားပါသည်။

ထို့ကြောင့်ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို ခြုံငုံသုံးသပ်ရပါက တက္ကသိုလ်ဝင်အဆင့် ဘောဂဗေဒဘာသာရပ်ကိုသင်ယူကြမည့် ကျောင်းသား ကျောင်းသူများအတွက် အခြေခံအုတ်မြစ်ချနိုင်သည့် အခြေခံသင်ရိုး (Foundation course) ဖြစ်ပြီး လေ့လာသူကျောင်းသား ကျောင်းသူများကို သိသင့်သိထိုက်သည်များ ပြည့်စုံစွာပါဝင်ကာ နိုင်ငံတကာအဆင့်မီ ရေးသားထားကြောင်း လေ့လာတွေ့ရှိရပါသည်။

ပြင်ဆင်ပြုစု

ဘောဂဗေဒဘာသာရပ် ပြဋ္ဌာန်းစာအုပ်သည် ဘောဂဗေဒဘာသာရပ်၏ အခြေခံသဘောတရားများကို ခြုံငုံမိစေပြီး အာမခံချက်ရှိသောပညာရပ်ကို အခြေခံတည်ဆောက်ပေးနိုင်သော်လည်း သင်ယူတတ်မြောက်မှု အကဲဖြတ်သည့်စာမေးပွဲစနစ်ကို လေ့လာသုံးသပ်ပါက အလွတ်ကျက်ဖြေဆိုမှု များလွန်းနေခြင်း၊ မေးခွန်းတွင် မေးထားသော မေးခွန်းပုဒ်ရေ များလွန်းနေခြင်းကြောင့် ဖြေဆိုသူများက ဖြေဆိုရန်အတွက် ပြဋ္ဌာန်းစာအုပ်ကို အားလုံးခြုံငုံမိအောင် မလေ့လာတော့ဘဲ အချို့သော သင်ခန်းစာအခန်းများကို ချန်ထားခြင်းများတွေ့ရှိရပါသဖြင့် ပြောင်းလဲပြင်ဆင်နိုင်ရန် မေးခွန်းလွှာပုံစံအသစ်ကို ပြင်ဆင်ပြုစုရခြင်း ဖြစ်ပါသည်။

ထိုသို့ပြင်ဆင်ရာတွင် မေးခွန်းအားလုံးကို ပြင်ဆင်ခြင်းမဟုတ်ဘဲ အနည်းငယ်သာ ပြင်ဆင်ခြင်းဖြစ်ပါသည်။ ယခင်ကအတိုင်း အလွတ်ကျက်ဖြေဆိုရသော မေးခွန်းများပါဝင်သကဲ့သို့ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားတွေးခေါ်ဖြေဆိုရသော မေးခွန်းများလည်း ပါဝင်မည်ဖြစ်ပါသည်။ ယခင်မေးခွန်းတွင် ရွေးချယ်ရန်ပုဒ်ရေများပြားသဖြင့် သင်ရိုးကုန်လေ့လာမှုအားနည်းခြင်းကိုလည်း လျော့နည်းသွားစေရန် မေးခွန်းပုဒ်ရေကို အနည်းငယ်လျှော့ချမည်ဖြစ်ပါသည်။

ယခင်ဘောဂဗေဒမေးခွန်းတွင် အပိုင်း(က) နှင့် အပိုင်း(ခ) ဟူ၍ (၂)ပိုင်းခွဲကာ အပိုင်း(က) တွင် အမှတ် ၄၀ ဖိုး မဖြေမနေရမေးခွန်း ၂ ပုဒ်ပါဝင်ပြီး အပိုင်း(ခ)တွင် ၂၀ မှတ်တန်မေးခွန်း ၄ ပုဒ် မှ နှစ်သက်ရာ ၃ ပုဒ် ဖြေဆိုရန် မေးခွန်းများ ပါဝင်ပါသည်။ ၂၀ မှတ်တန်မေးခွန်းတွင်လည်း ထပ်မံ၍ ရွေးချယ်ရန်ပေးထားပါသဖြင့် မေးခွန်းပုဒ်ရေများစွာထဲကမှ နှစ်သက်ရာကိုဖြေဆိုစေသောကြောင့် ဖြေဆိုသူများက သင်ရိုးကုန်လေ့လာခြင်းမပြုတော့ဘဲ ရွေးချယ်ကျက်မှတ်လာကြသည်ကို တွေ့ရှိရပါသည်။

ယခင်မေးခွန်းတွင် ရွေးချယ်ဖြေဆိုနိုင်ရန် ပေးထားသည့်ပုဒ်ရေများနေသည့်အတွက် ဖြေဆိုသူများအနေဖြင့် ပြဋ္ဌာန်းစာအုပ်၏တစ်ဝက် (သို့) သုံးပုံနှစ်ပုံခန့်ကိုသာ လေ့လာရုံမျှဖြင့် အောင်မှတ်ရနိုင်သည့်အပြင် ဂုဏ်ထူးရနိုင်သည်အထိပင် ဖြေဆိုနိုင်ကြသော်လည်း ဘောဂဗေဒအခြေခံအားလုံးကို နားလည်သဘောပေါက်နိုင်ခြင်း မရှိသည်ကိုတွေ့ရှိရပါသည်။ ဘာသာရပ်သင်ခန်းစာအနေဖြင့် အခြေခံသဘောတရားများကို ထိထိမိမိကွင်းဆက်ကျကျ ရေးသားပြုစုထားသော်လည်း ပေးလိုသည့် ဗဟုသုတများကို အပြည့်အဝရရှိခြင်း မရှိသည်ကိုတွေ့ရှိလာပါသည်။

ယခုပြင်ဆင်သည့်မေးခွန်းတွင် အပိုင်းမခွဲတော့ဘဲ မေးခွန်း ၅ ပုဒ်ပါဝင်ပြီး မေးခွန်းအားလုံးကို ဖြေဆိုရမည်ဖြစ်ပါသည်။ မေးခွန်းတစ်ပုဒ်ချင်းစီတွင်မှ ရွေးချယ်ရန်ပေးသွားမည်ဖြစ်ပြီး ဆက်လက်၍ မေးခွန်း ၁ ပုဒ်ချင်းစီကို ရှင်းပြသွားပါမည်။

ကိုယ်ပိုင်ဉာဏ်ဖြင့် ဖြည့်စွက်စေရန်

မေးခွန်းနံပါတ် ၁(က)တွင် မှား (သို့) မှန် ဖြေဆိုရန်မေးခွန်းကို ယခင်က ၁၀ ခုမေးထားပြီး ၁ ခုလျှင် ၁ မှတ်နှင့် ၁၀ မှတ်ဖြစ်ပါသည်။ ယခု အသစ်ပြင်ဆင်ရာတွင် ၅ ခုမေးထားပြီး ၁ ခုလျှင် ၁ မှတ် နှင့် ၅ မှတ်ဖြစ်ပါသည်။ မေးခွန်းနံပါတ် ၁(ခ)တွင် ဖော်ပြချက် ၁ ခုချင်းစီ၌ အဖြေ ၃ ခုထဲမှ အဖြေမှန် ၁ ခုကိုရွေးချယ်ရမည့်မေးခွန်းကို ယခင်က ၅ ခုမေးထားပြီး ၁ ခုလျှင် ၁ မှတ်နှင့် ၅ မှတ်ကို အပြောင်းအလဲမလုပ်ဘဲ ယခင်အတိုင်းဆက်လက်ထားရှိပါသည်။ မေးခွန်းနံပါတ် ၁(ဂ)တွင် ကွက်လပ်ဖြည့်ရန် မေးခွန်းကို ယခင်က ၅ ခုမေးထားပြီး ၁ ခုလျှင် ၁ မှတ်နှင့် ၅ မှတ်ဖြစ်ပါသည်။ ယခုအသစ်ပြင်ဆင်ရာတွင် ၁၀ ခုမေးထားပြီး၁ ခုလျှင် ၁ မှတ်နှင့် ၁၀ မှတ်ဖြစ်ပါသည်။ စဉ်းစားတွေးခေါ်ပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် ဖြည့်စွက်စေရန်ရည်ရွယ်ပြီး ပြောင်းလဲလိုက်ခြင်းဖြစ်ပါသည်။

မေးခွန်းနံပါတ်(၂) အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းတွင် ယခင်က ၁၈ ခုပေးထားပြီး ၁၀ ခု ဖြေဆိုစေရာမှ ယခုအခါ ၁၂ ခုသာပေးထားပြီး ၁၀ ခုကိုဖြေဆိုရန် ပြောင်းလဲထားပါသည်။ ၁ ခုလျှင် ၂ မှတ်နှုန်းဖြင့် ၁၀ ခုအတွက် ရရှိမည့်အမှတ်မှာ ၂၀ မှတ်ဖြစ်ပါသည်။ မေးခွန်းတွင် ပေးထားမှုများနေခြင်းက သင်ခန်းစာအချို့ကိုချန်ထားခဲ့ခြင်းကြောင့် ကျောင်းသားများ၏ နားလည်တတ်ကျွမ်းမှုကို လျော့နည်းစေသဖြင့် ရွေးချယ်ရန် နယ်ပယ်ကိုလျှော့ချခြင်းဖြင့် သင်ယူတတ်မြောက်မှု ပိုမိုလာစေရန် ရည်ရွယ်ပါသည်။

ယခင်မေးခွန်းပုံစံအဟောင်းတွင် အပိုင်း(ခ)၌ မေးခွန်း ၄ ပုဒ်ပေးထားပြီး နှစ်သက်ရာ ၃ ပုဒ်ကိုဖြေဆိုရပါသည်။ မေးခွန်းနံပါတ် (၃)(၄)နှင့်(၅)ကို အမှတ် ၂၀ တန်မေးခွန်းရှည် ၁ ပုဒ်နှင့် ၁၀ မှတ်တန်မှတ်စုတို ၄ ခုကို သို့မဟုတ်ခံ၍ ပုံစံတူမေးထားပါသည်။ ဖြေဆိုသူ က အမှတ် ၂၀ တန် မေးခွန်းရှည် သို့မဟုတ် ၁၀ မှတ်တန်မှတ်စုတို ၂ ခုကို နှစ်သက်ရာ ဖြေဆိုရပါသည်။ မေးခွန်းနံပါတ် (၆)တွင် တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းကို ၁၀ မှတ်တန် ၃ ပုဒ်မှ ၂ ပုဒ်ကို ဖြေဆိုရပါသည်။

နှစ်သက်ရာ ၂ ပုဒ်ကို ဖြေဆိုရမည်

ယခုပုံစံသစ်တွင် အပိုင်းမခွဲတော့ဘဲ ဆက်တိုက် ၅ ပုဒ်ကိုသာမေးမည်ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၃) တွင် ၁၀ မှတ်တန်မှတ်စုတို ၄ ခုပေးထားပြီး နှစ်သက်ရာ ၂ ပုဒ်ကို ဖြေဆိုရပါမည်။ ယခင်က အမှတ် ၂၀ မှတ်အတွက် ရွေးချယ်ရန် အမှတ် ၆၀ ဖိုးပေးထားသော်လည်း ယခုအခါ ၄၀ ဖိုးသာ ပေးထားမည် ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော သင်ခန်းစာအခန်း(၆)ခန်းစလုံးမှ နှစ်စဉ်မေးနေကျ မှတ်စုတိုများအတိုင်း ၄ ပုဒ်ကိုပေးထားမည်ဖြစ်ပါသည်။ ဖြေဆိုသူက နှစ်သက်ရာ ၂ ပုဒ်ကို ဖြေဆိုရမှာဖြစ်ပြီး ရရှိမည့်အမှတ်မှာ ၂၀ မှတ်ဖြစ်ပါသည်။

မေးခွန်းနံပါတ် (၄) တွင် အမှတ် ၂၀ တန်မေးခွန်းရှည် ၂ ပုဒ်ကို သို့မဟုတ်ခံကာ မေးထားပြီး နှစ်သက်ရာ ၁ ပုဒ်ကိုဖြေဆိုရပါမည်။ ယခင်မေးခွန်းတွင် မေးခွန်းနံပါတ် ၁ ခုထဲတွင် ၂၀ မှတ်တန် မေးခွန်းရှည်နှင့် ၁၀ မှတ်တန် မှတ်စုတိုကို ရောမေးထားသော်လည်း ယခုပြင်ဆင်သည့်မေးခွန်းတွင် မေးခွန်းရှည်နှင့်မှတ်စုတိုကို သီးခြား ၁ ပုဒ်စီခွဲလိုက်ပါသည်။ မေးခွန်းနံပါတ် ၃ တွင် ၁၀ မှတ်တန်မှတ်စုတိုကိုမေးထားပြီး မေးခွန်းနံပါတ် (၄)တွင် အမှတ် ၂၀ တန်မေးခွန်းရှည်ကို မေးမြန်းသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ဖြေဆိုသူများသတိပြုရန်မှာ ယခင်က ၁၀ မှတ်တန်မှတ်စုတို့ကိုသာ လေ့လာကျက်မှတ်ခြင်းဖြင့် အလွတ်ကျက်ဖြေဆိုရသည့် မေးခွန်းများကို ဖြေဆိုနိုင်မည်ဖြစ်သော်လည်း ယခုမေးခွန်းတွင် မေးခွန်းနံပါတ်(၄)ကို ဖြေဆိုနိုင်ရန်အတွက် အမှတ် ၂၀ တန်မေးခွန်းရှည်ကို လေ့လာကျက်မှတ်ရန် လိုလာပါသည်။

မဖြစ်မနေဖြေဆိုရမည့် မေးခွန်း

မေးခွန်းနံပါတ် (၅)တွင် ယခင်က မေးခွန်းနံပါတ် (၆) တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းကို ယခင်အတိုင်းမပြောင်းလဲဘဲ ၁၀ မှတ်တန် ၃ ပုဒ်မှ ၂ ပုဒ်ကို ဖြေဆိုရရန် မေးထားမည် ဖြစ်ပါသည်။ မေးခွန်းပုံစံမပြောင်းသော်လည်း ဤမေးခွန်းသည် တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းဖြစ်သဖြင့် ဖြေဆိုသူက မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားတွေးခေါ်၊ တွက်ချက်သုံးသပ် ဖြေဆိုရမည် ဖြစ်ပါသည်။ ယခင်ကအပိုင်း(ခ)တွင် (၄)ပုဒ်ထဲမှ (၃)ပုဒ်ကိုဖြေဆိုရသဖြင့် ယင်းမေးခွန်းကို ရှောင်၍ ဖြေဆိုနိုင်သော်လည်း ယခုမေးခွန်းပုံစံသစ်တွင် မဖြစ်မနေဖြေဆိုရမည့် မေးခွန်းဖြစ်လာပါသည်။

မေးခွန်းပုံစံပြောင်းလဲရခြင်း၏ ရည်ရွယ်ချက်မှာ အလွတ်ကျက်ဖြေဆိုမှုမှ ကိုယ်တိုင်စဉ်းစားတွေးခေါ်ဖြေဆိုနိုင်သည့် မေးခွန်းမျိုးပြောင်းလဲခြင်းဖြစ်ရာ မေးခွန်းနံပါတ်(၆)ကို ဖြေဆိုနိုင်ရန် ဖြေဆိုသူများအနေဖြင့် သင်ခန်းစာများကို ကျေညက်အောင်လေ့လာထားမှသာ စဉ်းစားတွေးခေါ်နိုင်ပြီး အခက်အခဲမရှိ ဖြေဆိုနိုင်ကြမည်ဖြစ်ပါသည်။

ဦးစားပေးပြင်ဆင်ထား

မေးခွန်းပုံစံသစ်ဟုဆိုသော်လည်း လုံးဝပုံစံပြောင်းလဲခြင်းမဟုတ်ဘဲ သင်ယူလေ့လာမှုပိုမိုအားကောင်းလာစေရန် ကျောင်းသား ကျောင်းသူများ၏ လေ့လာမှုနယ်ပယ်ပိုမိုကျယ်ပြန့်လာခြင်းကြောင့် ဘောဂဗေဒအခြေခံသဘောတရားများကို ပိုမိုကျယ်ပြန့်စွာတတ်ကျွမ်းလာစေရန်ရည်ရွယ်ပြီး ပေးထားချက်လျှော့ချခြင်းကိုသာ ဦးစားပေးပြင်ဆင်ထားပါသည်။ ပေးထားချက်ကို လျှော့ချရာတွင်လည်း ပြဋ္ဌာန်းစာအုပ်ပါသင်ရိုးကိုမျှတစွာ ခြုံငုံပါဝင်သော မေးခွန်းဖြစ်စေရန် ညှိနှိုင်းမေးသွားမည်ဖြစ်ပါသည်။ သင်ခန်းစာအခန်းအချို့ကို ဇောင်းပေး၍များများထည့်မေးခြင်းမျိုး၊ အချို့အခန်းများကို လုံးဝထည့်မမေးခြင်းမျိုး ပြုမည်မဟုတ်ကြောင်းကိုလည်း အသိပေးလိုပါသည်။ မေးခွန်းနားမလည်လောက်အောင်၊မေးနေကျ ပုံစံနှင့်လုံးဝကွဲလွဲသွားအောင် ပြင်ဆင်ထားခြင်းမဟုတ်ကြောင်းကို သိရှိနားလည်စေရန် ဤဆောင်းပါးကို ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

အကျိုးရလဒ်များရရှိ

မေးခွန်းအသစ်ပြင်ဆင်ခြင်းဖြင့် စာဖြေသူများ၏လေ့လာမှုပိုမိုကျယ်ပြန့်လာပြီး ဘောဂဗေဒဘာသာရပ်၏ အခြေခံသဘောတရားများကို ပိုမိုနားလည်တတ်ကျွမ်းလာနိုင်သည့်အပြင် အလွတ်ကျက်မှတ်ဖြေဆိုသည့် မေးခွန်းများသာမက ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဖြေဆိုရခြင်း၊ တွက်ချက် သုံးသပ်ဖြေဆိုရခြင်းတို့ကြောင့် ဖြေဆိုသူများ၏ ဉာဏ်ရည်ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ ဘာသာရပ်အခြေခံပိုင်နိုင်တတ်ကျွမ်းမှုပိုမိုလာခြင်းကြောင့် တက္ကသိုလ်တွင် အဆင့်မြင့်ပညာများ ပိုမိုလွယ်ကူစွာသင်ယူနိုင်ခြင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပါဝင်ပံ့ပိုးပေးနိုင်သော စီးပွားရေးပညာရှင်များ ပေါ်ထွက်လာနိုင်ခြင်း စသည့် အကျိုးရလဒ်များရရှိလာမည်ဖြစ်ပါသည်။

ထို့ကြောင့် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသားကျောင်းသူများကို စီးပွားရေးနှင့် ပတ်သက်သော အခြေခံဘောဂဗေဒ အသိပညာများ၊ အခြေခံသဘောတရားများကို ပိုမိုထိရောက်စွာ နားလည်သဘောပေါက်ပြီး ပြဋ္ဌာန်းစာအုပ်ကို အပြည့်အဝလေ့လာနိုင်ကြစေရန်နှင့် တတ်ကျွမ်းမှုစိစစ် အကဲဖြတ်ရာတွင် အရည်အသွေးကောင်းမွန်စေရန်ရည်ရွယ်၍ မေးခွန်းပုံစံအသစ်ကို ပြောင်းလဲပြင်ဆင်ပါကြောင်း တင်ပြလိုက်ပါသည်။

(နမူနာမေးခွန်းပုံစံကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် (၁၀-၅-၂၀၁၈)ရက်နေ့မှစ၍ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်)

ယခင်မေးခွန်းနှင့် ၂၀၁၉ ခုနှစ်တွင် အသစ်ပြင်ဆင်မည့်မေးခွန်းအား နှိုင်းယှဉ်ဖော်ပြချက်

စဉ်	ယခင်မေးခွန်း		အသစ်ပြင်ဆင်သောမေးခွန်း	
၁။	အပိုင်း(က)တွင်(၂၀)မှတ်တန်(၂)ပုဒ်နှင့်အပိုင်း(ခ)တွင်မေးခွန်း (၄)ပုဒ် မေးထားပြီးနှစ်သက်ရာ(၃)ပုဒ်၊ စုစုပေါင်း (၅)ပုဒ်ဖြေဆိုရန်		အပိုင်းမခွဲတော့ဘဲ(၂၀)မှတ်တန် မေးခွန်း (၅) ပုဒ် မေးထားပြီး မေးခွန်းအားလုံးကို ဖြေဆိုရန်	
	အကြောင်းအရာ	ရမှတ်	အကြောင်းအရာ	ရမှတ်
၂။	မေးခွန်းနံပါတ် ၁။ (က) မှား/မှန်ဖြေဆိုရန် (၁×၁၀)	၁၀	မေးခွန်းနံပါတ် ၁။ (က) မှား/မှန်ဖြေဆိုရန် (၁×၅)	၅
၃။	မေးခွန်းနံပါတ် ၁။ (ခ) အဖြေမှန်ရွေးရန် (၁×၅)	၅	မေးခွန်းနံပါတ် ၁။ (ခ) အဖြေမှန်ရွေးရန် (ယခင်အတိုင်း မပြောင်းပါ) (၁×၅)	၅
၄။	မေးခွန်းနံပါတ် ၁။ (ဂ) ကွက်လပ်ဖြည့်စွက်ရန် (၁×၅)	၅	မေးခွန်းနံပါတ် ၁။ (ဂ) ကွက်လပ်ဖြည့်စွက်ရန် (၁×၁၀)	၁၀
၅။	မေးခွန်းနံပါတ် ၂။ အဓိပ္ပာယ်ဖွင့်ဆိုချက် (၁၈ ခုမှ ၁၀ ခုဖြေဆိုရန်) (၂×၁၀)	၂၀	မေးခွန်းနံပါတ် ၂။ အဓိပ္ပာယ်ဖွင့်ဆိုချက် (၁၂ ခုမှ ၁၀ ခုဖြေဆိုရန်) (၂×၁၀)	၂၀
၆။	မေးခွန်းနံပါတ် ၃။ ၂၀ မှတ်တန် (၁)ပုဒ်နှင့် ၁၀ မှတ်တန် (၄)ပုဒ် ပေးထားချက်မှနှစ်သက်ရာ (၂၀)မှတ်ဖိုးဖြေဆိုရန်	၂၀	မေးခွန်းနံပါတ် ၃။ ၁၀ မှတ်တန် မှတ်စုတို (၄) ပုဒ် ပေးထားချက်မှ နှစ်သက်ရာ (၂၀)မှတ်ဖိုးဖြေဆိုရန်	၂၀
၇။	မေးခွန်းနံပါတ် ၄။ ၂၀ မှတ်တန် (၁)ပုဒ်နှင့် ၁၀ မှတ်တန် (၄) ပုဒ်ပေးထားချက်မှနှစ်သက်ရာ (၂၀)မှတ်ဖိုးဖြေဆိုရန်	၂၀	မေးခွန်းနံပါတ် ၄။ ၂၀ မှတ်တန် မေးခွန်းရှည် (၂) ပုဒ် ပေးထားချက်မှ နှစ်သက်ရာ (၁) ပုဒ်ဖြေဆိုရန်	၂၀
၈။	မေးခွန်းနံပါတ် ၅။ ၂၀ မှတ်တန် (၁)ပုဒ်နှင့် ၁၀ မှတ်တန် (၄)ပုဒ် ပေးထားချက်မှနှစ်သက်ရာ (၂၀)မှတ်ဖိုးဖြေဆိုရန်	၂၀	-	
၉။	မေးခွန်းနံပါတ် ၆။ တွက်ချက်ရန် (၁၀) မှတ်တန်ပုစ္ဆာ (၃) ပုဒ်မှ (၂) ပုဒ်ဖြေဆိုရန်	၂၀	မေးခွန်းနံပါတ် ၅။ တွက်ချက်ရန် (၁၀)မှတ်တန်ပုစ္ဆာ(၃) ပုဒ်မှ (၂)ပုဒ်ဖြေဆိုရန် (ယခင်အတိုင်းမပြောင်းပါ)	၂၀

မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုအခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော်   မေ   ၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Zhao Kezhi အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အပြန်အလှန်သတင်းအချက်အလက်ဖလှယ်ရေးကဏ္ဍများတွင် အောက်ခြေအဆင့်အထိ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား၊ ရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ပြည်နယ် မောင်တောဒေသဖြစ်စဉ်များနှင့်ပတ်သက်၍ အခြေအနေအမှန်အတိုင်း တရုတ်နိုင်ငံက ရပ်တည်ထောက်ခံပေးမှု အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Zhao Kezhi အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော်   မေ   ၉

e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းမှ အဖွင့်အမှာစကားပြောကြား၍ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်မှ အမှာစကားပြောကြားသည်။

e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက e-Government လုပ်ငန်းစဉ်များ အောင်မြင်မှုနည်းပါးရသည့် အကြောင်းရင်းများကို ပြောကြားခဲ့ပြီး ဆက်လက်၍ e-Government စနစ် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် ဦးဆောင်ကော်မတီမှ ချမှတ်ထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ပေါင်းစပ်ညှိနှိုင်းခြင်း ကွပ်ကဲကြပ်မတ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်သည့် ဥပဒေမူဘောင်၊ မူဝါဒများနှင့် စံချိန်စံနှုန်းသတ်မှတ်ချက်များကို အမြန်ရေးဆွဲပြဋ္ဌာန်းသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ Myanmar e-Governance Master Plan တွင်ပါရှိသော လုပ်ငန်းစဉ်မူဘောင်နှင့် လမ်းပြမြေပုံများအား အခြေပြုပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ပုံဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ကာလအပိုင်းအခြားအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် Quick Win ဖြစ်စေမည့် လုပ်ငန်းများကို ရွေးချယ်သတ်မှတ်၍ သွက်လက်မြန်ဆန်စွာ စတင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းစဉ်များကို သတ်မှတ်ပေးနိုင်ရေးအတွက် ပထမဦးစွာ အစိုးရဌာနများ၏ e-Government လုပ်ငန်းများကို စစ်တမ်းကောက်ယူသွားမည်ဖြစ်ပြီး CIO များအား အစည်းအဝေးခေါ်ယူ၍ ရှင်းလင်းသွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ တိုင်းပြည်အတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် Ne-ID စနစ် တည်ဆောက်ခြင်းလုပ်ငန်းအား ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းအဖွဲ့ (Sub Committee) များ လိုအပ်သလိုဖွဲ့စည်းသွားနိုင်ရေးကိစ္စကိုလည်း ယနေ့အစည်းအဝေးတွင် ဆွေးနွေးသွားစေလိုပါကြောင်း၊ အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်နိုင်မှုမရှိခြင်း၊ Project duplicate ဖြစ်ခြင်းများကို ရှောင်ကြဉ်နိုင်ရေးနှင့် နိုင်ငံ၏ အမှန်တကယ် လိုအပ်ချက်နှင့် ကိုက်ညီမှုရှိပြီး အကျိုးကျေးဇူးထိထိရောက်ရောက်ရရှိစေရေး စနစ်တကျစိစစ်ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ပေါင်းစပ်ဆောင်ရွက်

ဆက်လက်ပြီး e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံတွင် e-Government စနစ်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်သွားနိုင်ရေး ဦးစီးလမ်းညွှန်သွားနိုင်ရန် e-Government ဦးဆောင်ကော်မတီနှင့်လုပ်ငန်းကော်မတီကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် e-Government စနစ် အကောင်အထည်ဖော်ရာ၌ ဌာနများမှ ပူးပေါင်းဆောင်ရွက်မှုအားနည်းနေပြီး သီးခြားစီ အကွဲကွဲအပြားပြား ဆောင်ရွက်နေကြသည်ကို တွေ့ရှိရသဖြင့် ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ညွှန်ကြားချက်နှင့်အညီ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ Myanmar e-Governance Master Plan ကို အခြေခံပြီး လုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊

e-Governance လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်သုံးခု ရှိပါကြောင်း၊ ပထမလုပ်ငန်းစဉ်အနေဖြင့် ဥပဒေမူဘောင်ချမှတ်သွားရမည်ဖြစ်ကြောင်းနှင့်လက်ရှိတွင်Cyber Legal and Policy Framework (Cyber Law) ကိုရေးဆွဲသွားနိုင်ရန် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ် အစောပိုင်းတွင် ဥပဒေမူကြမ်း ရရှိစေရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒုတိယလုပ်ငန်းစဉ်မှာ ICT Infrastructure ပိုင်းဖြစ်ပြီး ၎င်းအပိုင်းတွင် မိုဘိုင်းဆက်သွယ်ရေးကွန်ရက်သည် လူဦးရေ၏ ၉၀ ရာခိုင်နှုန်းခန့်ကို လွှမ်းခြုံပြီးဖြစ်သည့်အတွက် ၎င်းအခြေအနေကောင်းများကို ထိရောက်စွာ အသုံးချပြီး Mobile Application များကို ဦးစားပေးဆောင်ရွက်သွားရန် အထူးလိုအပ်မည်ဖြစ်ပါကြောင်း၊ Data Center တည်ဆောက်သည့်အပိုင်းတွင်လည်း သီးခြားစီတည်ဆောက်အသုံးပြုကြမည့်အစား စုစည်းတည်ဆောက်ပြီး မျှဝေအသုံးပြုခြင်းအားဖြင့် တစ်စုတစ်ဝေးတည်း စီမံခန့်ခွဲနိုင်ပြီး လုံခြုံမှုပိုမိုကောင်းမွန်လာမည် ဖြစ်သည့်အတွက် နိုင်ငံတကာအဆင့်မီ e-Government Integrated Data Center (eGIDC)တည်ဆောက်ခြင်းစီမံကိန်းကို အစိုးရဌာနအားလုံးမှ အသုံးပြုသွားနိုင်အောင်ရည်ရွယ်ပြီး ကိုရီးယားသမ္မတနိုင်ငံ၏ EDCF ချေးငွေနှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ICT Infrastructureသည် e-Government စနစ်တည်ဆောက်ရာတွင် အခြေခံကျသောအပိုင်းဖြစ်သောကြောင့် အကျိုးအမြတ်ရရှိရေးကို ဦးစားမပေးဘဲ ပြည်သူလူထုအတွက် အကျိုးသက်ရောက်မှုရှိစေရေးကိုရှေးရှု၍ ဆောင်ရွက်ကြရန်မှာကြားလိုပါကြောင်း၊ တတိယလုပ်ငန်းစဉ်မှာ Application Software များဖြင့် ပြည်သူသို့ e-Service များ ဝန်ဆောင်မှုပေးနိုင်ရန်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ယင်းတွင် သဘောသဘာဝတူညီသည့်လုပ်ငန်းများကို သက်ဆိုင်ရာဌာနက တာဝန်ယူအကောင်အထည်ဖော်ပြီး အားလုံးမျှဝေ အသုံးပြုနိုင်အောင်ဆောင်ရွက်ရမည့်လုပ်ငန်း (Common and Shared Application) အပိုင်းနှင့် သဘောသဘာဝမတူညီသည့်လုပ်ငန်းများကို သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်သွားရမည့် (Ministry Specific Applications) အပိုင်းတို့ ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အချင်းချင်း အပြန်အလှန်လွယ်ကူစွာ ဆက်သွယ်ဆောင်ရွက်သွားနိုင်ရန် စံသတ်မှတ်ချက်များကိုချမှတ်၍ လိုက်နာဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အစိုးရဌာနအသီးသီး၏ e-Government လုပ်ငန်းများကို စစ်တမ်းကောက်ယူပြီး ပြန်လည်ဆန်းစစ်လေ့လာရန်နှင့် စဉ်ဆက်မပြတ် စောင့်ကြည့်သွားရန်အတွက် Monitoring အဖွဲ့တစ်ခုကို ပထမဦးစွာ ဖွဲ့စည်းသွားရန်လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

အခြေခံအုတ်မြစ်ဖြစ်

ဆက်လက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက e-ID စီမံကိန်းလုပ်ငန်းတွင် မြန်မာနိုင်ငံအတွင်း နေထိုင်သူများအား Unique ID တစ်ခုစီထုတ်ပေးခြင်းနှင့် National Database တည်ဆောက်ခြင်းလုပ်ငန်းနှင့် နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းတို့ ပါဝင်မည်ဖြစ်ပါကြောင်း၊ National Database တည်ဆောက်ခြင်းလုပ်ငန်းသည် e-ID စနစ်တစ်ခုလုံး၏ အခြေခံအုတ်မြစ်ဖြစ်ပြီး နိုင်ငံတော်အတွင်း နေထိုင်သောသူတစ်ဦးချင်းစီ၏ Biometric Data နှင့် Biographic Data များအား ကောက်ယူ၍ Electronic စနစ်ဖြင့် National Database တွင် သိမ်းဆည်းပြီး ကိုယ်ပိုင်နံပါတ်တစ်ခုစီ Unique Identity (UID) ထုတ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ UID ရပြီးသူများအား နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်၍ နိုင်ငံသားကတ် Smart Card ကို ပြောင်းလဲထုတ်ပေးနိုင်သည့် စနစ်ကို အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားကာ e-ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လေ့လာတွေ့ရှိချက်များ၊ နိုင်ငံတကာ၌ Smart Card အသုံးပြုဆောင်ရွက်နေမှုများနှင့်အားနည်းချက်၊ အားသာချက်များ၊ Unique Identity (UID) စနစ် စတင်ဆောင်ရွက်၍ ပြည်သူများအတွက် ဝန်ဆောင်မှုပေးနိုင်မည့် အခြေအနေများ၊ Smart Card ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ ဖွဲ့စည်းနိုင်ရေးအတွက် အဆိုပြုမူကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ဆွေးနွေး

ဆက်လက်၍ တက်ရောက်လာသည့် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဝင်များဖြစ်သည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသည့်ပညာရှင်များမှ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များအား ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံသံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံသံအမတ်ကြီး H.E. Mr. Philippe Kridelka နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့၌ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများ ပို့ချခြင်း၊ Voter education နှင့် Civic education လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် ဥရောပသမဂ္ဂမှ ကူညီဆောင်ရွက်ခဲ့မှု၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်သစ်များအား သင်တန်းပို့ချရာတွင် International IDEA နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

မြန်မာနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံသံအမတ်ကြီးက မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ကူညီဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားသည်။ ထို့အပြင် ဆက်လက်၍ ကျင်းပရန်ရှိသည့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများတွင် ကူညီဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

သတင်းစဉ်

မြန်မာ့ရုပ်မြင်သံကြား

၁၀ -၅- ၂၀၁၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀	-	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀	-	Breakfast News
၉း၁၀	-	သူတို့ဒေသ၊ သူတို့ဘဝ **တောင်တန်းတွေနဲ့ ဝေဝေဆာ စိမ်းစိုသာတဲ့မဲလံရှာ**
၉း၃၅	-	လှပစုံလင်အာဆီယံတစ်ခွင်
၁၁း၀၀	-	စာတတ်ဖို့ ဝင်ငွေကောင်းဖို့ အသက်ရှည်ဖို့
၁၃း၀၀	-	ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-I)(ကလေးမြို့) (ဒုတိယပိုင်း)

ညပိုင်း

၁၆း၃၅	-	**ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ(၅၁)**
၁၇း၀၅	-	**NHK အစီအစဉ် Mathematica** (ပီတာပြောတဲ့ မီတာအကြောင်း)
၁၇း၂၀	-	**ယာဉ်ကြောကျပ်တည်းမှုကို လျှော့ချနိုင်မည့် ငမိုးရိပ်ချောင်းကူးတံတား** (ကမာကြည်-၂)
၁၇း၃၅	-	လူမှုစီးပွားမြင်ကွင်းများ
၁၈း၃၅	-	မျက်မှောက်ရေးရာအဖြာဖြာ
၁၉း၁၅	-	**လင်းလက်လာသော အနာဂတ်** ဇော်ဝင်းနိုင်(မန်း)၊ ဝင့်ယမုံလှိုင် (ဒါရိုက်တာ- Arkar)
၂၀း၀၀	-	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅	-	**အနာဂတ်စာကြည့်တိုက်များ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေး**
	-	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးရာဇဝင်** (အပိုင်း-၃၁)
	-	မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်(အပိုင်း-၄) (ဒါရိုက်တာ- ကြည်စိုးထွန်း၊ အကယ်ဒမီ-ခင်သီတာထွန်း)

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲ ကျင်းပ

နေပြည်တော် မေ ၉

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၈ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာဝင်းမြတ်အေး၊ အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာမြသောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးသည် သီးခြားလွတ်လပ်ပြီး အစိုးရမဟုတ်သည့် နိုင်ငံရေးကင်းရှင်းသော လူမှုရေးအဖွဲ့အစည်းကြီး ဖြစ်ကြောင်း။

ပြည်သူများ၏ အကျိုး၊ အမျိုးသမီးနှင့် ကလေးများ၏ အကျိုးကိုရှေးရှုပြီး လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်နေသည့် ထူးခြားသည့် ဝိသေသလက္ခဏာများနှင့် ပြည့်စုံသည့်အသင်းကြီး ဖြစ်ကြောင်း၊ လိုအပ်သည့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အကူအညီနှင့် အကြံဉာဏ်များကို မိမိတို့ဝန်ကြီးဌာန အပါအဝင် ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ထံမှ ရယူတောင်းခံနိုင်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်နေသော ကျန်းမာရေးစီမံချက် အမျိုးမျိုးတွင်လည်း ပါဝင်ပူးပေါင်းကူညီစေလိုပါကြောင်း။

ထို့အပြင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကူအညီ အထောက်အပံ့များ ရရှိနိုင်သည့်အပြင် ပိုမိုအရည်အသွေး ပြည့်ဝသော ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်ပြီး ပုံရိပ်လည်းတိုးတက်လာမည်ဖြစ်ကြောင်း။

အသင်းကြီး၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များကို ရရှိအောင်ဆောင်ရွက်ပေးကြသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များကို လှိုက်လှဲစွာ ဂုဏ်ပြုပါကြောင်း၊ အသင်းဝင်များ၏

စေတနာ၊ မေတ္တာနှင့် လူမှုဝန်ထမ်းစိတ်ဓာတ်ကိုလည်း လေးစားပါကြောင်း။

မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ ရှိသောကြောင့် ပြည်သူများ၏ ကျန်းမာရေး အသိပညာမြင့်မားရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက် ပေးစေလိုပါကြောင်း။

ပြည်သူများ၏ အသိပညာမြင့်မားလာပါက ရောဂါဖြစ်ပွားမှုများကျဆင်းခြင်းနှင့် မိခင် သေဆုံးမှုနှင့် ၁ နှစ်အောက် ကလေး သေဆုံးမှုများ ကျဆင်းလာမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက် အောင်မြင်စေရန် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို လုပ်စေလိုကြောင်း။

ဤအသင်းကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု အပိုင်းကဏ္ဍ၌ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုသကဲ့သို့ တစ်ဖက်ကို တစ်ဖက် အထောက်အကူပြုလျက်ရှိနေပါကြောင်း၊ အသင်းကြီး၏ ဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံ မိခင်နှင့် ကလေးများ၏ ကျန်းမာရေးမြှင့်တင်ရေးအတွက် အလွန်အရေးပါကြောင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်လည်းကောင်း၊ မိမိတို့အနေဖြင့် လည်းကောင်း မှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်များမှ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ အသုံးပြုနိုင်ရန်အတွက် Standardized Health Messages စာအုပ်များကို ပေးအပ်ရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က လက်ခံရယူသည်။

ယင်းနောက် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုဓာတ်ပုံများကို ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များက လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ၂၈ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့က လုပ်ငန်းအစီရင်ခံစာများ၊ ဘဏ္ဍာရေးငွေစာရင်းရှင်းတမ်းနှင့် ရသုံးမှန်းခြေစာရင်းများအား ဖတ်ကြားကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့များမှ နှစ်ချုပ် အစီရင်ခံစာများကို ဖတ်ကြား တင်သွင်းကြသည်။

နှစ်ပတ်လည် အစည်းအဝေးကို ယနေ့မှ မေ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး စာတမ်းများ ဖတ်ကြားခြင်း၊ အကြံပြုချက် များ ဆွေးနွေးတင်ပြခြင်း၊ အထွေထွေ ဆွေးနွေးခြင်း၊ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအား အတည်ပြုခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ဗဟိုမှ ထောက်ပံ့ငွေ၊ ပံ့ပိုးငွေများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အာရှနဂါးလှေလှော်ပြိုင်ပွဲတွင် အောင်ပွဲရ မြန်မာလှေလှော်အဖွဲ့အား ဂုဏ်ပြုကြိုဆို

ရန်ကုန် မေ ၉

တရုတ်(တိုင်ပေ)တွင် မေ ၅ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည့် အာရှနဂါးလှေလှော် ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာလှေလှော် အားကစားအဖွဲ့သည် ရွှေငါးခု၊ ငွေနှစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့ပြီး ယနေ့နံနက် ၁၀ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြသည်။

“ဒီပြိုင်ပွဲက ဩဂုတ်လမှာ အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပမယ့် အာရှအိုလံပစ် အားကစားပြိုင်ပွဲအတွက် လက်ရည်စစ် သွားရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်အသင်းတွေကို ကျော်ဖြတ်နိုင်ခဲ့ပြီး မြန်မာကစားသမားများက တာဝေးနဲ့တာ လတ်ကောင်းတယ်၊ ထိုင်း၊ အင်ဒိုနီးရှားတို့က တာတိုကောင်းတယ်၊ ဒါကြောင့် လေ့ကျင့်တဲ့ပုံစံ၊ နည်းစနစ်ပိုင်းကို ပြုပြင်ပြောင်းလဲရမှာပါ၊ ဒီပြိုင်ပွဲမှာ မြန်မာအသင်းက (၂၇)ကြိမ်မြောက် အိမ်ရှင်မြန်မာဆီးဂိမ်းမှာ မီတာ ၅၀၀ လှေလှော်ပြိုင်ပွဲ သုံးပွဲစလုံး စံချိန်ကို ယခုပြိုင်ပွဲမှာ စံချိန်ချိုး လှော်ခတ်နိုင်ခဲ့ပါတယ်”ဟု ရိုးရာလှေနည်းပြချုပ် ဦးဝင်းဖေက ပြောသည်။

ယင်းပြိုင်ပွဲတွင် တရုတ်(တိုင်ပေ)အပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ကြပြီး လှေလှော်ကစားနည်း ရှစ်မျိုးထည့်သွင်းကျင်းပခဲ့ရာ မြန်မာအသင်းသည် ဆုတံဆိပ် ရှစ်ခု ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါအားကစားအဖွဲ့အား မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်း ထိုက်မင်း၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်နှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

သတင်းနှင့်ဓာတ်ပုံ တင်စိုး(မြန်မာ့အလင်း)

ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံစဉ်။

◆ *ကျော်ဖုံးမှ*

သတင်းမီဒီယာအဖွဲ့သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ ရုံးခန်းမ(၁)တွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ သင်းလွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်နှင့် တာဝန်ရှိသူများက ကချင်ပြည်နယ်အစိုးရအဖွဲ့ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများက ကချင်ပြည်နယ်အတွင်းရှိ လတ်တလော နေရပ်စွန့်ခွာတိမ်းရှောင်နေသောနေရာများသို့ လိုအပ်သလို စနစ်တကျစုဖွဲ့၍ ကွင်းဆင်းကြည့်ရှုခြင်း၊ လိုအပ်သည့် ကူညီထောက်ပံ့ပေးမှုများ ဆောင်ရွက်ခြင်းနှင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အမျိုးသမီးများအား ပြောင်းရွှေ့ပေးနေမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က “ပြီးခဲ့တဲ့ ဧပြီလလောက်ကစပြီး တပ်မတော်နဲ့ KIO နှစ်ဖက်ထိတွေ့မှု ဖြစ်တယ်၊ အချို့ ထိတွေ့မှုဖြစ်တဲ့နေရာနဲ့ အဲ့ဒီအနီးအနားက သူတွေက လုံခြုံရေးအရ ခေတ္တ တိမ်းရှောင်သူတွေရှိတယ်၊ အဲ့ဒီပြည်သူတွေကို ကျွန်တော်တို့ အစိုးရရော ၊ ကြက်ခြေနီ၊ လူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့တွေက တတ်နိုင်သလောက် ပံ့ပိုးကူညီကြပါတယ်။

“ကျွန်တော် နာယကအဖြစ် ဦးဆောင်ပြီး လုပ်ငန်းဦးစီးကော်မတီ ဖွဲ့တယ်၊ နောက်လုပ်ငန်းကော်မတီ လေးဖွဲ့ဖွဲ့ပါတယ်၊ လတ်တလော ဖြစ်ပွားတယ်ဆိုတဲ့နေရာတွေကို စေလွှတ်ပါတယ်၊ ဖြစ်နေတဲ့ အနေအထားကို လေ့လာတယ်၊ ဖြစ်တဲ့နေရာရဲ့ ရွာတွေရဲ့အခြေအနေကို လေ့လာဖို့ စေလွှတ်ပါတယ်၊ နေရာဒေသ မတူတဲ့အတွက် လေးဖွဲ့ခွဲ စေလွှတ်ပါတယ်၊ အခုအချိန်ထိ အကြမ်းဖျင်းလူဦးရေ လေးထောင်ကျော်လောက်ကို ကျွန်တော်တို့ ပြည်နယ်အစိုးရအနေနဲ့ သိန်းပေါင်း ၂၀၀၀ လောက် ထောက်ပံ့ထားပါတယ်” ဟု ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် မြစ်ကြီးနားမြို့နယ် တန်ဖရဲ၊ မြစ်ဆုံကျေးရွာရှိ မာရီယာကောင်းကင်ဘုံ သခင်မဘုရားကျောင်းသို့ သွားရောက်ကာ လတ်တလောအခြေအနေများကြောင့် ကျေးရွာများမှ နေရပ်စွန့်ခွာတိမ်းရှောင်၍ ဘုရားကျောင်းသို့ ခေတ္တရွှေ့ပြောင်းလာသူများနှင့် တွေ့ဆုံမေးမြန်း၍ သတင်းရယူသည်။

မြစ်ကြီးနားမြို့နယ် တန်ဖရဲ၊ မြစ်ဆုံကျေးရွာရှိ မာရီယာကောင်းကင်ဘုံ သခင်မဘုရားကျောင်းတွင် ကျေးရွာ ၁၈ ရွာမှ လူဦးရေ ၁၂၀၀ ခန့် ရောက်ရှိနေပြီး ဧပြီ ၂၆ ရက်ကတည်းက စတင်ရောက်ရှိခြင်းဖြစ်ကြောင်း တန်ဖရဲ ဘုန်းတော်ကြီးကျောင်း၏ ကျောင်းထိုင် ကက်သလစ်ဘုန်းတော်ကြီး ဖာသာရ်စတီဖင် ဆွပ်မာဆွတ်အောင်ထံမှ သိရသည်။

“ပုဂ္ဂလိကအလှူရှင်တွေ ရှိသလို အဖွဲ့အစည်းတွေကလည်း ပံ့ပိုးပါတယ်၊ စားသောက်ရေးနဲ့ ရိက္ခာအတွက်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနကလည်း ပံ့ပိုးပေးပါတယ်၊ ပြည်ထောင်စုဝန်ကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ကလည်း လူတစ်ဦးတစ်ယောက်အတွက် အရေးကြီးတဲ့ ဆန်၊ ဆီ၊ ဆားနဲ့ အခြားအရာတွေ ကူညီပေးပါတယ်၊ ကြက်ခြေနီနဲ့ နိုင်ငံတကာအဖွဲ့တွေက ကူညီပါတယ်၊ တစ်နေ့ကို ထမင်းနှစ်နပ် ကျွေးပါတယ်၊ နေရပ်ပြန်ရေးအတွက်ကတော့ တိကျမှန်ကန်တဲ့ အာမခံချက်မရှိရင် မပြန်ရဲပါဘူး၊ တောထဲမဝင်ရဲဘူး”ဟု ဖာသာရ်စတီဖင် ဆွပ်မာဆွတ်အောင်က ပြောသည်။

ဆက်လက်၍ သတင်းမီဒီယာအဖွဲ့သည် ကဝါးခ၊ နောင်နန်းကျေးရွာအုပ်စု တြီနတီနှစ်ခြင်း ဘုရားကျောင်းသို့ သွားရောက်၍ နေရပ်စွန့်ခွာတိမ်းရှောင်၍ ဘုရားကျောင်းသို့ ခေတ္တရွှေ့ပြောင်းလာသူများနှင့် တွေ့ဆုံသည်။

တြီနတီ နှစ်ခြင်းဘုရားကျောင်း သိက္ခာတော်ရဆရာတော် ဦးဒီလခေါင်က “လတ်တလော ဒီမှာ လူ ၇၈၀ လောက်ရှိတယ်၊ အင်ဂျန်းယန်ဘက်ကနေ ထပ်ပြီး မထွက်လာနိုင်တဲ့သူတွေ ရှိသေးတယ်၊ အင်ဂျန်းယန်ဘုရားကျောင်းမှာတင် လူ ၁၆၀ လောက် ရှိတယ်ပြောပါတယ်၊ သူတို့ရဲ့ပြောပုံအရ ငြိမ်းချမ်းချင်တယ်၊ သူတို့ရဲ့ နေရာဒေသမှာ အေးအေးချမ်းချမ်း ပြန်နေချင်ကြတယ်၊ ကလေးတွေဆို စရောက်ကတည်းက မိုးချုပ်လာရင် အိမ်ပြန်ချင်တယ်လို့ ပြောကြတယ်”ဟု ပြောသည်။

ယနေ့သွားရောက်သည့် ခေတ္တကယ်ဆယ်ရေးစခန်းများသို့ မီဒီယာအဖွဲ့နှင့်အတူ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြသည်။

သတင်းစဉ်

တန်ဖရဲ၊ မြစ်ဆုံကျေးရွာရှိ မာရီယာကောင်းကင်ဘုံသခင်မ ဘုရားကျောင်းတွင် တွေ့ရသည့် ခေတ္တနေရပ်စွန့်ခွာတိမ်းရှောင်လာကြသူများ။

ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများ၏ ရင်တွင်းပြောစကားများ

ထိုင်းနိုင်ငံ Camp များသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား ဒုတိယအကြိမ် ပြန်လည်လက်ခံမှုကို မေ ၈ ရက်တွင် ကရင်ပြည်နယ် မြဝတီမြို့ ကျောက်လုံးကြီး ပြန်လည်ကြိုဆိုလက်ခံရေးစခန်းနှင့် ကယားပြည်နယ် မယ်စဲ့ဂိတ်တို့၌ ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ယခုအကြိမ် ပြန်လည်လက်ခံမှုသည် ဒုတိယအကြိမ်ဖြစ်ကာ ၂၀၁၆ ခုနှစ်ကလည်း ပထမအကြိမ် ပြန်လည်လက်ခံမှုပြုခဲ့ပြီး တတိယအကြိမ် ပြန်လည်လက်ခံမှုကိုလည်း နှစ်နိုင်ငံအစီအစဉ်ဖြင့် မကြာမီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခု ဒုတိယအကြိမ် ပြန်လည်လက်ခံမှုတွင် ထိုင်းနိုင်ငံ Camp အသီးသီးမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား သတင်းအဖွဲ့မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ဦးဝင်းသိန်း

ဦးထွန်းဝင်း

ဒေါ်နော်တူ

ထိုင်းနိုင်ငံ Camp များသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေရာမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ကြိုဆိုလက်ခံရေးစခန်း၌ စာရင်းမှတ်တမ်းသွင်းနေစဉ်။

ဦးဝင်းသိန်း(ကော့ကရိတ်၊ ထိပ်ဖိုးစံရွာ)

ကျွန်တော် ထိုင်းမှာရောက်နေတာ နှစ် ၂၀ ကျော်ပြီ။ ခုပြန်လာတာက အုန်းဖျန်းစခန်းက ပြန်လာတာပါ။ ကိုယ့်ဇာတိမြေမှာ အခြေချဖို့ ဆုံးဖြတ်ပြီး ပြန်လာတာပါ။ ထိုင်းမှာက လုပ်ကိုင်စားသောက်ရတာ အခုနောက်ပိုင်း ခက်ခဲလာတယ်။ ကျွန်တော်က ထိုင်းမှာ ကျပန်းအလုပ် လုပ်ပါတယ်။ ချောချောမွေ့မွေ့နဲ့ ကိုယ့်နိုင်ငံကို ပြန်ရောက်လာရလို့ ဝမ်းသာပါတယ်။ ကူညီထောက်ပံ့ပေးတဲ့ သက်ဆိုင်ရာလူကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်။

ဦးထွန်းဝင်း(ထီးဝါးကလူးကျေးရွာ)

ကျွန်တော်အခုပြန်လာတာ ထိုင်းနိုင်ငံ နို့ဖိုးစခန်းကပါ။ အဲဒီစခန်းမှာ နှစ် ၂၀ လောက်ကြာခဲ့တယ်။ အဲဒီစခန်းက NGO ကျန်းမာရေးဌာနမှာ လုပ်ပါတယ်။ ကျွန်တော့်ဇာတိက ကြာအင်းဆိပ်ကြီးမြို့နယ် ထီးဝါးကလူးကျေးရွာကပါ။ ကျွန်တော်က ၁၉၉၃ ခုနှစ်ကတည်းက နယ်စပ်ကနေ အဲဒီစခန်းကို ရောက်သွားခဲ့တာပါ။ အခုကျွန်တော်နဲ့ အမျိုးသမီးနဲ့ပဲ ပြန်လာတယ်။ ကလေးတွေက ကျောင်းမပြီးသေးလို့ ကျန်ခဲ့တယ်။ ပြည်တွင်းမှာလည်း အေးချမ်းသွားပြီလို့ ဆွေမျိုးတွေက ပြောတယ်။ အသိမိတ်ဆွေတွေကလည်း ကိုယ့်ကျေးရွာတွေမှာ အေးအေးချမ်းချမ်း ပြန်လည်လုပ်ကိုင်စားသောက်လို့ရပြီလို့ ဆက်သွယ်လာတဲ့အတွက် ပြန်လာတာဖြစ်ပါတယ်။ အရင်လိုပဲ အေးအေးချမ်းချမ်းနဲ့ တောင်ယာပဲလုပ်ကိုင်သွားတော့မယ်။ ကလေးတွေကို ကျောင်းပြီးတာနဲ့ ပြန်လာကြဖို့ မှာထားခဲ့တယ်။

ဒေါ်နော်တူ(ကြာအင်းဆိပ်ကြီး)

အခုနောက်ပိုင်း ထိုင်းမှာအရင်လို မဟုတ်တော့ဘူး။ သွားရေး၊ လာရေးကအစ ခက်ခဲနေပြီး ခုပြန်လာတာက နို့ဖိုးစခန်းကပါ။ အဲဒီမှာ တစ်မိသားစုလုံး ၁၀ နှစ်လောက် ကြာခဲ့တယ်။ မွေးရပ်ဇာတိကတော့ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးကပါ။ အရင်က တောင်ယာပဲလုပ်တယ်။ အရင်လိုပဲ အေးအေးချမ်းချမ်းနဲ့ တောင်ယာပဲ လုပ်ကိုင်စားသောက်ဖို့ မိသားစုလိုက် ပြန်လာခဲ့တာပါ။ ကလေးတွေကိုတော့ ဒီမှာကျောင်းပြန်ထားရမယ်။ ဒီမှာ လမ်းစရိတ်၊ အသုံးစရိတ်တွေ ကူညီပေးတဲ့ သက်ဆိုင်ရာဌာနတွေကို ကျေးဇူးတင်ပါတယ်။

နော်ကြည်လေး(ဖားပြကျေးရွာ)

သွားတုန်းကတော့ အမေနေမကောင်းတာ၊ ဆေးသွားကုရင်း၊ ထိုင်းမှာ တစ်မိသားစုလုံး အလုပ်လုပ်ရင်း နေဖြစ်သွားတာပါ။ ခုလိုမြန်မာနိုင်ငံကို ပြန်လာရတာ ဝမ်းသာပါတယ်။

မမြင့်သန်း(ကျောက်တံခါး)

အရင်ကတော့ ကျောက်တံခါးမှာ နေတာပါ။ ကျွန်မကတော့ ထိုင်းမှာဈေးရောင်းပါတယ်။ ထိုင်းကနေပြန်ဖို့ အခြေအနေကြည့်နေတဲ့သူတွေ အများကြီးပဲ။ ခုလို ကောင်းကောင်းမွန်မွန်ဆို ပြန်လာဖို့ လူတွေအများကြီးပါ။ ခုတော့ အမျိုးတွေရှိတဲ့ ဝေါလေကိုသွားမှာပါ။ ထိုင်းမှာ ပြန်ချင်တဲ့သူတွေ စာရင်းတောင်းတယ်။ ခုပြန်လာတာက အုန်းဖျန်းကနေ ပြန်လာခဲ့တာပါ။ အဲဒီမှာ ခြောက်နှစ်ကြာပါတယ်။ အပြင်မှာ လုပ်ကိုင်စားသောက်တာက နှစ် ၂၀ လောက်ရှိပါတယ်။ ခုနောက်ပိုင်း လုပ်ကိုင်စားသောက်ရတာ မလွယ်တော့ ကိုယ့်နိုင်ငံပဲ ပြန်သတိရလို့ ပြန်လာတာပါ။

ယခုအခါ ကရင်ပြည်နယ် မြဝတီမြို့ရှိ ကျောက်လုံးကြီး ပြန်လည်ကြိုဆိုလက်ခံရေးစခန်း၌ စစ်ကိုင်းတိုင်းဒေသကြီးမှ ရှစ်ဦးသာ ကျန်ရှိပြီး ၎င်းတို့ကိုလည်း အမြန်ဆုံး မိမိနေရပ် ပြန်လည်ပို့ဆောင်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်း-မောင်စိန်လွင်၊
ထိန်လင်းအောင် (ပြန်/ဆက်)
ဓာတ်ပုံ- မင်းထက်၊
ထိန်လင်းအောင်(ပြန်/ဆက်)

မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာမှု အကူအညီလိုအပ်သူများအား ထောက်ပံ့နိုင်ရန် ကန်ဒေါ်လာ ၁၃ သန်း ထောက်ပံ့ပေးမည့်ကိစ္စဆွေးနွေး

နေပြည်တော် မေ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E . Mr. Nicholas Coppel (ယာပုံ)၊ Centre for Humanitarian Dialogue မှ Myanmar Country Representative, Mr. Adam Cooper နှင့် ကချင်ပြည်နယ်မှ အမျိုးသမီးခေါင်းဆောင်များ၊ ကချင်ပြည်နယ်အခြေစိုက် အရပ်ဘက်အဖွဲ့အစည်းမှ ခေါင်းဆောင်များနှင့်ငြိမ်းချမ်းရေး အတွက် ကျား၊ မ တန်းတူရေး မဟာမိတ်မှ ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့များ ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ သီးခြားစီလာရောက်တွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E. Mr. Nicholas Coppel နှင့် တွေ့ဆုံစဉ် ဩစတြေးလျနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ လူသားချင်းစာနာမှုအကူအညီလိုအပ်နေသောသူများအား ကူညီထောက်ပံ့နိုင်ရန် အမေရိကန်ဒေါ်လာ ၁၃ သန်းအား လူသားချင်းစာနာကူညီမှုများ ဆောင်ရွက်နေသော အဖွဲ့အစည်းမှတစ်ဆင့် ထောက်ပံ့ပေးသွားမည့်ကိစ္စ၊ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး အစီအစဉ်တွင် UNHCRနှင့် UNDP တို့ ပူးပေါင်းပါဝင်နိုင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည့်ကိစ္စ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် မေ ၁၇ ရက်တွင် ကျင်းပမည့်ကိစ္စ၊ UEHRD၏ လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့မှတစ်ဆင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ Centre for Humanitarian Dialogue နှင့်တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းသုံးခုနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအား ကနဦးအကောင်အထည်ဖော်မည့် စံပြမြို့နယ်တစ်ခု ရွေးချယ်သတ်မှတ်ရေးကိစ္စ စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းအဖွဲ့နှင့် အကောင်အထည်ဖော်ဆောင်ရေး အဖွဲ့အားသက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖွဲ့စည်းသွားမည့်ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ ကချင်ပြည်နယ်မှ အမျိုးသမီးခေါင်းဆောင်များ၊ ကချင်ပြည်နယ်အခြေစိုက် အရပ်ဘက်အဖွဲ့အစည်းမှ ခေါင်းဆောင်များနှင့် ငြိမ်းချမ်းရေးအတွက် ကျား၊ မ တန်းတူရေး မဟာမိတ်မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ် ကချင်ပြည်နယ်အတွင်း လက်နက်ကိုင် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာပြည်သူများအား လူသားချင်းစာနာကူညီမှုများ ထောက်ပံ့နိုင်ရေး၊ အခြားသောနေရာများတွင် ခိုလှုံနေသော နေရပ်စွန့်ခွာပြည်သူများအား လုံခြုံစိတ်ချ၍ အထောက်အပံ့များရရှိမည့် ယာယီခိုလှုံရေးစခန်းများ ထားရှိနိုင်ရေး၊ လူမှုအဖွဲ့အစည်းများမှ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းချိတ်ဆက်၍ ကြိုးပမ်းဆောင်ရွက်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်၏ ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေး(ဒုတိယနေ့)ကျင်းပ၊ ဆုံးဖြတ်ချက် ၁၅ ခုနှင့် မှတ်တမ်းနှစ်ခု ချမှတ်နိုင်ခဲ့

ရန်ကုန် မေ ၉

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့်၏ ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေး(ဒုတိယနေ့) ကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Lotte ဟိုတယ်တွင် ကျင်းပသည်။

အဆိုပါ ဒုတိယအကြိမ် JMC မျက်နှာစုံညီအစည်းအဝေးကို မေ ၈ ရက် မှ ၉ ရက်အထိ နှစ်ရက်ကြာကျင်းပခဲ့ပြီး အစည်းအဝေးသို့ JMC ကော်မတီ အဆင့်ဆင့်ရှိ ကော်မတီဝင် ၁၂၆ ဦး အနက် ၉၇ ဦးတက်ရောက်နိုင်ခဲ့ကြောင်း ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာလုပ်ငန်းများ နှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များနှင့် စိန်ခေါ်မှုများကို ဆွေးနွေးခဲ့ပြီး အကောင်းမွန်ဆုံးပုံစံဖြင့် ကျော်လွှားနိုင်မည့် နည်းလမ်းများကို ဆွေးနွေးနိုင်ခဲ့ကြောင်း JMC-U အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရိုက ပြောသည်။

နှစ်ရက်တာကျင်းပသည့် အစည်းအဝေးတွင် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-L)များ တိုးချဲ့ဖွဲ့စည်းရေး၊ ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM)များ စတင်ဖွဲ့စည်းနိုင်ရေး၊ JMC အဖွဲ့ဝင် လက်နက်ကိုင်အဖွဲ့အစည်း အချင်းချင်းအကြား ဆက်သွယ်မှုလမ်းကြောင်း ပိုမိုကောင်းမွန်လာစေရေး၊ ရုံးလုပ်ငန်းများ ပိုမိုချောမွေ့စွာ လည်ပတ်နိုင်စေရေးတို့ အပါအဝင် JMC အဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှု အသေးစိတ်အခြေအနေများ၊ အောင်မြင်မှုနှင့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့အပြင် JMC အဖွဲ့ဝင် နှစ်ဖက်လက်နက်ကိုင် တပ်ဖွဲ့ဝင်အချင်းချင်းတွေ့ဆုံ၍ ရင်းနှီးမှု၊ ယုံကြည်မှုတည်ဆောက်သွားရန်၊ တိုင်ကြားစာများနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်မှုအခြေအနေကို ပြည်သူလူထုအား အသိပေးသွားရန်၊ JMC အဖွဲ့ဝင်များနှင့် နည်းပညာအထောက်အကူပြု ဝန်ထမ်းများအား စွမ်းရည်မြှင့်တင်ရေးသင်တန်းများ ပို့ချသွားရန် စသည့် ရှေ့လုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးခဲ့ပြီး ယခု မျက်နှာစုံညီ အစည်းအဝေးမှ ဆုံးဖြတ်ချက် ၁၅ ခုနှင့် မှတ်တမ်းနှစ်ခု ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ အစည်းအဝေးသို့ ပြည်ထောင်စုအဆင့်(JMC-U)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် (JMC-S) ၊ ဒေသဆိုင်ရာအဆင့် (JMC-L)တို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ JMC အဆင့်ဆင့်၏ နည်းပညာအထောက်အကူပြု ရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးနှင့် ပတ်သက်၍ JMC-U အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်က “နှစ်ရက်တာ ဆွေးနွေးတဲ့နေရာမှာ အထူးသဖြင့်ကတော့ အားနည်းချက်၊ အားသာချက်အပြင် စိန်ခေါ်မှုလေးတွေလည်း ထည့်ပြီးတော့ ဆွေးနွေးခဲ့တာရှိပါတယ်၊ စိန်ခေါ်မှုတွေ အနေနဲ့ကတော့ JMC-S အချင်းချင်းသော်လည်းကောင်း၊ JMC-L အချင်းချင်းသော်လည်းကောင်း နယ်ဘက်မှာဆက်သွယ်မှု ခက်ခဲတာလေးတွေနဲ့ ပတ်သက်ပြီး ဖြေရှင်းဖို့ နည်းလမ်းလေးတွေ ဆွေးနွေးနိုင်ခဲ့ပါတယ်၊ နောက်တစ်ခုကတော့ ရပ်ကွက်၊ ကျေးရွာအဆင့် ဒေသခံစောင့်ကြည့်သူများအဖွဲ့ ဖွဲ့စည်းရေးကိုလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်၊ JMC အဆင့်ဆင့်မှာရှိတဲ့ ကော်မတီဝင်တွေအနေနဲ့ TSC ရုံးဝန်ထမ်းတွေကို စွမ်းရည်မြှင့်တင်မှုဆိုင်ရာ တည်ဆောက်ရေးနဲ့ ပတ်သက်တဲ့ သင်တန်းတွေကိုလည်း ဖွင့်လှစ်ပြီး တက်ရောက်သွားစေဖို့ အဓိကဆွေးနွေးခဲ့တာ ဖြစ်ပါတယ်”ဟု မီဒီယာများအား ပြောကြားသည်။

ယနေ့ ဆွေးနွေးပွဲအပြီးတွင် နှစ်ရက်ကြာဆွေးနွေးခဲ့မှုများနှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုအပေါ် JMC-U အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရိုက “အဓိကအားဖြင့် ဒီတစ်ခေါက် ကျွန်တော်တို့ဆွေးနွေးတဲ့ထဲမှာ ထိပ်တိုက်ရင်ဆိုင်မှု ရှောင်ရှားနိုင်အောင်အတွက် ပထမအနေနဲ့ကတော့ အောက်ခြေတပ်မှူးတွေ အချင်းချင်း နားလည်မှု၊ ယုံကြည်မှု၊ ရင်းနှီးမှုရှိအောင်အတွက် အစည်းအဝေးတွေလုပ်ဖို့အတွက် ပြောထားပါတယ်၊ ဒါပေမယ့် ဒီတစ်ခေါက်မှာတော့ ပြန်လည်သုံးသပ်ပြီးတော့ နှစ်ဖက်တပ်မှူးတွေ၊ ဌာနချုပ်ကနေလွှတ်လိုက်တဲ့ အဖွဲ့တွေနဲ့ နှစ်ဖက်တွေ့ဆုံနိုင်ဖို့အတွက်ကိုလည်း ဆွေးနွေးခဲ့ပါတယ်၊ အောက်ခြေတပ်မှူးတွေမဟုတ်ဘဲ တကယ့် နှစ်ဖက်တပ်မှူးတွေ တွေ့ဆုံနိုင်ဖို့ကိုလည်း ဆောင်ရွက်ဖို့ ဆုံးဖြတ်နိုင်ခဲ့ပါတယ်”ဟု ပြောကြားသည်။

အလားတူ နှစ်ဖက်အောက်ခြေတပ်များမှ တပ်မှူးအဆင့်များ တွေ့ဆုံပေးရေးနှင့် ပတ်သက်၍ JMC-U အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ဖြေကြားရာတွင် “တပ်မတော်အနေနဲ့ ကလည်း ဒါဟာပူးတွဲကော်မတီဖြစ်တဲ့အတွက် နှစ်ဖက်ပူးတွဲဆွေးနွေးပါတယ်၊ အဲဒီလို ဆွေးနွေးတဲ့အခါမှာ နှစ်ဖက်တပ်မှူးတွေကို တွေ့ဆုံစေချင်တဲ့ စိတ်ဆန္ဒကတော့ အောက်ခြေမှာ ရင်းနှီးမှုရှိသွားပြီး ယုံကြည်မှုတည်ဆောက်ဖို့ လွယ်သွားအောင်ပါ၊ ရင်းနှီးမှုမရှိရင်လည်း ယုံကြည်မှုမရနိုင်ပါဘူး၊ ဒါကြောင့် တပ်မှူးတွေ အချင်းချင်းတွေ့ဆုံနိုင်ဖို့ကို သက်ဆိုင်ရာ JMC-S အစည်းအဝေးတွေပြီးတိုင်း JMC-S အစီအစဉ်နဲ့ ဆောင်ရွက်သွားဖို့ ဆွေးနွေးဆုံးဖြတ်ခဲ့ကြတာဖြစ်ပါတယ်”ဟု ပြောသည်။

ထို့အပြင် ၎င်းက JMC ၏လုပ်ငန်းများတွင် စွမ်းရည်မြှင့်တင်မှုဆိုင်ရာ တည်ဆောက်ရေးနှင့် ပတ်သက်သည့် သင်တန်းများမှာ အဓိကအားဖြင့် ပါဝင်ကြောင်း၊ အဆိုပါ သင်တန်းများကို JMC ကော်မတီများ အားပေးရမည်ဖြစ်သကဲ့သို့ တစ်ဖက်လက်နက်ကိုင်တပ်ဖွဲ့ဝင်များကိုလည်း JMC ၏ ပြဋ္ဌာန်းချက်များဖြစ်သည့် NCA ၊ နှစ်ဖက်လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ (COC)၊ လုပ်ငန်းလမ်းညွှန် (TOR) စသည်တို့ကို မပြတ်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လက်ရှိတွင် စွမ်းရည်မြှင့်တင်မှုဆိုင်ရာ တည်ဆောက်ရေးသင်တန်းများကို ပိုမိုအားထည့်ကာ လုပ်ဆောင်သွားခြင်းအားဖြင့် အောက်ခြေအဆင့်အထိ သိရှိပြီး တစ်ဦးနှင့်တစ်ဦး COC ပါ စည်းကမ်းများကို ထိန်းသိမ်းနေနိုင်သွားရန် ရည်ရွယ်၍ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း မီဒီယာများ၏ မေးမြန်းမှုအပေါ် ရှင်းလင်းဖြေကြားသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အနေဖြင့် ရှမ်း၊ ကရင် ၊ ပဲခူး၊ မွန်နှင့် တနင်္သာရီ တို့တွင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) များ၊ ရှမ်းပြည်နယ် လင်းခေးနှင့် ကရင်ပြည်နယ် ဖာပွန် တို့တွင် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L) များကို ဖွဲ့စည်းထားပြီး ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်သည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့်တွင် ယခုအချိန်ထိ တိုင်ကြားစာ ၄၁၁ စောင်ရှိခဲ့ကာ ဖြေရှင်းဆောင်ရွက်မှုပေါင်း ၃၃၄ စောင်ရှိခဲ့သည်။ အဆိုပါတိုင်ကြားစာများတွင် ပစ်ခတ်တိုက်ခိုက်မှုနှင့် ပတ်သက်သည့် တိုင်ကြားမှုများအပြင် လက်နက်ကိုင်အဖွဲ့အစည်းအချင်းချင်း အပြန်အလှန်တိုင်ကြားပေးပို့သည့် တိုင်ကြားစာများ၊ ပြည်သူလူထုအား အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ ပြည်သူလူထုမှပေးပို့သည့် တိုင်ကြားစာများ ပါဝင်ကြောင်း သိရသည်။

ဇော်ကြီး

ရန်ကုန်အသင်း အဝေးကွင်း၌ ရှုံးနိမ့်

မနီလာ မေ ၉

၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် ဆီမီးဖိုင်နယ်ပွဲအဖြစ် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် မြန်မာကလပ် ရန်ကုန်အသင်းတို့ ယနေ့ညနေပိုင်းက ဖိလစ်ပိုင်နိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ ဆီရက်စ်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် အဝေးကွင်းတွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် ဗိုလ်လုပွဲတက်ရောက်နိုင်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အဝေးကွင်းတွင် ရလဒ်ကောင်းရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့သည်။ ရန်ကုန်အသင်းသည် နိုင်ငံခြားသားကစားသမားလေးဦးအပါအဝင် လူစုံအသုံးပြုသော်လည်း ဆီရက်စ်တိုက်စစ်ကို မထိန်းချုပ်နိုင်၍ ရှုံးနိမ့်ခဲ့ရသည်။ ဆီရက်စ်အသင်းအတွက် ဂိုးများကို ၂၉၊ ၄၄ မိနစ်တွင် မာရာနွန်၊ ၃၄ မိနစ်တွင် ပက်ထရစ်၊ ၆၃ မိနစ်တွင် ဆူပါက သွင်းယူခဲ့ပြီး ရန်ကုန်အတွက် ချေပဂိုးများကို ဆယ်လာက ၅၅၊ ၈၄ မိနစ်တွင် သွင်းယူခဲ့သည်။ ရန်ကုန်အသင်းနှင့် ဆီရက်စ်အသင်းတို့၏ ဒုတိယအကျော့ကို မေ ၁၆ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

ရဲရင့်ရှိုင်း

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း အုပ်စုပထမဖြင့် ဆီမီးတက်

ရန်ကုန် မေ ၉

၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးပွဲများကို ယနေ့ ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ဂိုးပြတ်အနိုင်ရပြီး အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

နောက်ဆုံးပွဲတွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို ခုနှစ်ဂိုး-တစ်ဂိုး၊ ဗီယက်နမ်အသင်းက မလေးရှားအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို အနိုင်ရခဲ့သည့်အပြင် ဂိုးပြတ်သွင်းယူနိုင်ခဲ့သောကြောင့် အုပ်စုပထမနေရာ ယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဂိုးပြတ်သွင်းယူနိုင်ရန် ပထမပိုင်းကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းတွင် လေးဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်း အတွက် ဂိုးများကို ၄ မိနစ်နှင့် ၁၉ မိနစ်တို့တွင် ဆွေမာအောင်၊ ၁၈၊ ၄၆၊ ၅၀၊ ၅၅ မိနစ်တို့တွင် မြတ်နိုးခင်၊ ၃၇ မိနစ်တို့တွင် ဝင်းဝင်းတို့က သွင်းယူပြီး ဖိလစ်ပိုင်အတွက် ချေပဂိုးကို မိနစ် ၇၀ တွင် လာဇိုက သွင်းယူသည်။

အုပ်စုပွဲများ ပြီးဆုံးသွားပြီဖြစ်ရာ အုပ်စု(က)တွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ၁၀ မှတ်စီ တူညီခဲ့သော်လည်း ဂိုးကွာခြားချက်ဖြင့် မြန်မာက အုပ်စုပထမ၊ ဗီယက်နမ်က အုပ်စုဒုတိယရခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲများအဖြစ် မြန်မာနှင့် လာအို၊ ထိုင်းနှင့် ဗီယက်နမ်တို့ မေ ၁၁ ရက်တွင် ကစား မည်ဖြစ်သည်။

သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ- MFF

ထိုင်းနိုင်ငံသို့ လူကုန်ကူးခြင်းခံရသူ မြန်မာနိုင်ငံသား အမျိုးသားရှစ်ဦးအား ပြန်လည်လွှဲပြောင်း

နေပြည်တော် မေ ၉

ထိုင်းနိုင်ငံသို့ လူကုန်ကူးခြင်းခံရသူ မြန်မာနိုင်ငံသား အမျိုးသားရှစ်ဦးအား မြန်မာနိုင်ငံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေး ဦးစီးဌာနနှင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့်လူထု လုံခြုံရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မေ ၉ ရက်တွင် မြဝတီမြို့ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ၌ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

လူကုန်ကူးခံရသာ အမျိုးသားရှစ်ဦးအား ပြန်လည်ထူထောင်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းဇော်က ပြန်လည်လွှဲပြောင်းလက်ခံခဲ့ပြီး ၎င်းတို့အား ယာယီလက်ခံစောင့်ရှောက်နိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ လူငယ်သင်တန်းကျောင်း မော်လမြိုင်မြို့သို့ ပို့ဆောင်ခဲ့ပြီး ယာယီလက်ခံစောင့်ရှောက် စဉ် အခြေခံ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ ခရီးသွားထောက်ခံစာများပြုလုပ်ပေးခြင်းနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ လိုအပ်သည့်စုံစမ်းမေးမြန်းခြင်းတို့ ဆောင်ရွက်ပြီး မိဘနေရပ်သို့ IOM (Myanmar)၏ ပံ့ပိုးကူညီမှုဖြင့် ပြန်လည်ပို့ဆောင်မည် ဖြစ်သည်။

လူကုန်ကူးခံရသူ အမျိုးသားရှစ်ဦးအား ပြန်လည်ထူထောင်ရေး အထောက်အပံ့များ ဆောင်ရွက်ပေးနိုင်ရန် နောက်ဆက်တွဲ စောင့်ရှောက်ခြင်း၊ ၎င်းတို့၏ လိုအပ်ချက်များနှင့်အညီ နေ့စဉ် ပုံမှန်ဝင်ငွေရရှိနိုင်ရန် ပြန်လည် ထူထောင်ရေးထောက်ပံ့မှုများ ပံ့ပိုးကူညီပေးခြင်းတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် IOM (Myanmar)တို့ ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာအလုပ်သမားသံအရာရှိနှင့် MPC တို့ အလုပ်ရှင်၊ အလုပ်သမား ပြဿနာများဖြေရှင်း

စူရတ်ဌာနီ မေ ၉

ထိုင်းနိုင်ငံတောင်ပိုင်းဒေသ အလုပ်ရှင် အလုပ်သမား ပြဿနာများအား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ မြန်မာအလုပ်သမားသံအရာရှိပါဝင်သောအဖွဲ့သည် မေ ၈ ရက်က သွားရောက်ညှိနှိုင်းဖြေရှင်းခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာအလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးသည် မြန်မာသံရုံး ဥပဒေအကြံပေး (Legal adviser) ရှေ့နေ ဦးအောင်မျိုးသန့်နှင့်အတူ အလုပ်သမားသံအရာရှိငယ် ဦးဇော်မင်းအောင်၊ ထိုင်းတောင်ပိုင်း မြန်မာအလုပ်သမား စောင့်ရှောက်ရေးကော်မတီ (MPC) မှ အထွေထွေ တာဝန်ခံ ဦးမျိုးသိန်းလွင်၊ ပြန်ကြားရေး တာဝန်ခံ ဦးဇော်လေး၊ Labor Hitai သတင်းမီဒီယာ၊ MoU အေဂျင်စီကိုယ်စားလှယ်များနှင့်အတူ မေ ၈ ရက်က ထိုင်းတောင်ပိုင်းဒေသ နခွန်စီထပ်မရပ်ခရိုင် ထုံးစုန်မြို့ရှိ S & B wood ရော်ဘာသစ်ခွဲစက်ရုံသို့ရောက်ရှိလာပြီး စက်ရုံပိုင်ရှင်နှင့် လုပ်ငန်းခွင်မန်နေဂျာ၊ တာဝန်ရှိသူများအား တွေ့ဆုံပြီး အလုပ်ရှင်၊ အလုပ်သမားပြဿနာများအား နှစ်နာရီခန့် ဆွေးနွေးညှိနှိုင်းသည်။

ထို့နောက် အလုပ်သမားများနှင့် တွေ့ဆုံပြီး ပြဿနာများအား ရင်းနှီးပွင့်လင်းစွာ တင်ပြကြရန်နှင့် MoU အလုပ်သမားများအတွက် ထားရှိသော နေအိမ်တန်းလျားများအား စက်ရုံတာဝန်ရှိသူများနှင့် ကြည့်ရှုစစ်ဆေးကြသည်။

တွေ့ဆုံပွဲတွင် အလုပ်သမားများ၏ ပုတ်ပြတ်နေ့စား ပြဿနာ၊ ကျန်းမာရေးစောင့်ရှောက်မှုပြဿနာ၊ နေအိမ်ခန်းကျပ်တည်းခြင်းပြဿနာများအား စက်ရုံအုပ်ချုပ်သူများနှင့် ဆွေးနွေးကြပြီး အလုပ်သမားများအတွက် လိုအပ်သော အမှန်တကယ် လိုအပ်သည့် တောင်းဆိုချက်များအား လိုက်လျောပေးရန်၊ ခံစားခွင့်များ ဥပဒေနှင့်အညီ အမြန်ဆုံး ဆောင်ရွက်ပေးရန် စက်ရုံပိုင်ရှင်နှင့် အသေးစိတ်ညှိနှိုင်းခဲ့ကြောင်း သိရသည်။

နန္ဒကျော်စွာ၊ လေးလေးဇော်

ကျောက်ပန်းတောင်းမြို့နယ် ဆပ်ပြာကျင်းကျေးရွာ၌ နွားများ လည်တွန့်၊ အူနီရောဂါခံစားနေရ

ကျောက်ပန်းတောင်း မေ ၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကန်ပတ်လည်အုပ်စု ဆပ်ပြာကျင်းကျေးရွာတွင် နွားများ လည်ပင်းတွန့်၊ အူနီရောဂါကျရောက်နေကြောင်း မေ ၉ ရက်က ရာအိမ်မှူး ဦးသန်းဝင်းထံမှ သိရသည်။

အဆိုပါ ကျေးရွာသည် အိမ်ခြေ ၇၀ ခန့်သာရှိသော်လည်း မွေးမြူရေးနွားအကောင် ၅၀၀ ရှိပြီး ခိုင်းနွားအများအပြား မွေးမြူထားကြောင်း သိရသည်။ ဧပြီလထဲတွင် တောင်သူ ဦးပြည်ကျော်၏ခိုင်းနွား လည်တွန့်၊ အူနီရောဂါဖြင့် သေဆုံးသွားပြီး မေ ၉ ရက် နံနက်ပိုင်းတွင် တောင်သူ ဦးသာမိုး၏ နွားပေါက်စ နှစ်လသားရှိသားသည် နွားမကြီး သေဆုံးသည်ဟုသိရပြီး အရပ်အခေါ် လည်တွန့်ရောဂါ၊ အူနီရောဂါဖြစ်ကြောင်း သိရသည်။ ထိုနွားမကြီးအား ဗိုက်ခွဲကြည့်ရာ အူများဆွေးမြည့်ပြတ်တောက်နေကြောင်း တွေ့ရသည်ဟု ရာအိမ်မှူး ဦးသန်းဝင်းက ပြောသည်။

မွေးမြူရေးနှင့် ကုသရေးဌာနက လာရောက်ကုသပေးရန် မျှော်လင့်ကြောင်း၊ နွားရောဂါကြိုတင်ကာကွယ်ဆေးထိုးချင်သူ၊ မထိုးချင်သူများအား နွားရောဂါအကြောင်း ပညာပေးဟောပြောပေးရန်နှင့် လက်ရှိဖြစ်ပေါ်နေသော လည်တွန့်၊ အူနီရောဂါကာကွယ်ဆေးများ အချိန်မီလာရောက် ထိုးနှံပေးစေလိုကြောင်း၊ မကြီးတိုင်းအုပ်စု ကုန်းတဲကျေးရွာတွင်လည်း နွားများ ရောဂါကျရောက်နေခြင်းအတွက် အချိန်မီ နွားရောဂါကာကွယ်ဆေးများ ထိုးနှံပေးစေလိုကြောင်း နွားမွေးမြူရေးပိုင်ရှင်များက ပြောသည်။

ကိုထိန်(ငါ့သရောက်)

မိုးကောင်းမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်း၊ ဆေးပေးခန်းနှင့် လူနေအိမ်အချို့ပျက်စီးဆုံးရှုံး

မိုးကောင်း မေ ၉

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း မေ ၈ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က ရုတ်တရက် လေပြင်းတိုက်ခတ်ကာ မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ မြတောင်ကျေးရွာအုပ်စု၊ လမ်းခွကျေးရွာအုပ်စု၊ မရမ်းကျေးရွာအုပ်စုနှင့် နမ္မတီးမြို့တို့တွင် လူနေအိမ်အချို့နှင့် အစိုးရပိုင်အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း လူနေအိမ်သုံးလုံး ပြိုကျပျက်စီးကာ နေအိမ် အလုံး ၃၀ အမိုးလန်ပျက်စီးရသည်။ ကံလုကျေးရွာရှိ အမှတ် ၂ အခြေခံပညာမူလတန်းကျောင်း အမိုးလန်ပျက်စီးပြီး ဆက်သွယ်ရေးဖုန်းတိုင်သုံးတိုင် ကျိုးပဲ့လဲကျကာ KBC ခရစ်ယာန်ဘုရားကျောင်းဧည့်ခန်းဆောင် ပြိုကျပျက်စီးခဲ့သည်။

အလားတူ မြို့လှရပ်ကွက်ရှိ ပြည်သူ့အားကစားကွင်း အုတ်တံတိုင်းပြိုလဲခဲ့ကာ နမ္မတီး သကြားစက်ဝင်းအတွင်းရှိ ဆေးပေးခန်းဟောင်းမှ သွပ်အချပ် ၅၀ မှာလည်း အမိုးလန်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ အဆိုပါ လေပြင်းတိုက်ခတ်ခဲ့၍ ပျက်စီးဆုံးရှုံးခဲ့သည့် နေရာများသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံနှင့် တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ဝင်းနိုင် (ကချင်မြေ)

လေပြင်းတိုက်ခတ်၍ အဆောက်အအုံများပျက်စီး

နွားထိုးကြီး

နွားထိုးကြီးမြို့ပေါ် ၈ ရပ်ကွက်တွင် မေ ၈ ရက် ည ၇ နာရီခွဲခန့်က မိုးသက်လေပြင်းကျရာ သစ်ပင်များလေဒဏ်ကြောင့် ကျိုးပဲ့ပြီး ဖုန်းတိုင်အချို့ ပြိုလဲခဲ့သည်။

အမှတ် ၄ ရပ်ကွက် ချမ်းသီရိဧည့်ရိပ်သာအနီးတွင် သစ်ကိုင်းကျိုးကျပြီး မြင်းခြံ-မန္တလေးကားလမ်း ဦးစံမြင့် ကားဂိတ်ကွေ့ရှိ ဖုန်းတိုင်ပြိုလဲခဲ့ရာ နွားထိုးကြီးမီးသတ်တပ်ဖွဲ့၊ ဆက်သွယ်ရေးဌာနများနှင့် လျှပ်စစ်ဌာနများက ညတွင်းချင်းလာရောက်၍ လမ်းပိတ်ဆို့မှုမဖြစ်စေရန် သစ်ကိုင်းများအား ရှင်းလင်းဖယ်ရှားပေးကြသည်။

နွားထိုးကြီးတွင် မိုးရွာသွန်းမှုမှာ နယ်ရော မြို့ပေါ်ပါ နောက်ကျနေ၍ မိုးသုံးကြိမ်ရွာသော်လည်း အပူချိန် ၄၂ ဒီဂရီစင်တီဂရိတ်အထက်ကြောင့် ဒေသခံများ ပူပြင်းမှုဒဏ်ခံစားနေရကြောင်း သိရသည်။

ခင်ဇာမွန်မြင့် - ဥပဒေ

ရေတာရှည်

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အထက်သိုင်းနယ် သစ်ပုတ်ပင်ကျေးရွာအုပ်စုတွင် မေ ၈ ရက် ညနေ ၆ နာရီခွဲခန့်က လေပြင်းများတိုက်ခတ်ခဲ့ရာ အထက(ခွဲ)စာသင်ကျောင်းတစ်ကျောင်း၊ ကျေးရွာစာကြည့်တိုက်နှင့် လူနေအိမ်နှစ်လုံး ပျက်စီးခဲ့ကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပုတ်ပင်ကျေးရွာအုပ်စု မကျည်းကုန်းကျေးရွာတွင် အထက(ခွဲ) စာသင်ကျောင်း အမိုးအကာများ ပျက်စီးကာ လူနေအိမ်နှစ်လုံး၊ ကျေးရွာစာကြည့်တိုက်အဆောက်အအုံများ အမိုးလန် ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုကြုံတွေ့ခဲ့ရသော မကျည်းကုန်းကျေးရွာသို့ မြို့နယ်အဆင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ပေါက်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်၌ မေ ၈ ရက် ညနေ ၆နာရီခွဲက မိုးသက်လေပြင်းများကျရောက်မှုကြောင့် နေအိမ်များ၊ ဘုန်းကြီးကျောင်းနှင့် စာသင်ဆောင်အချို့ အမိုးလန်ပြိုကျပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ပေါက်မြို့ချောင်းဆုံကျေးရွာ၌ နေအိမ် ၂၅ လုံး၊ ဘုန်းကြီးကျောင်း၊ စာသင်ဆောင်တစ်ဆောင် အမိုးလန်ပျက်စီး၍ နေအိမ်လေးလုံးပြိုကျပျက်စီးခြင်း၊ ချက်ကန်ကျေးရွာ၌ နေအိမ် ၁၇ လုံး အမိုးလန်၊ နေအိမ်နှစ်လုံး ပြိုကျပျက်စီးခြင်း၊ ပုတီးကျေးရွာ၌ နေအိမ် ၁၂ လုံးနှင့် ဘုန်းကြီးကျောင်း အမိုးလန်ပျက်စီးခြင်း၊ ရှားပင်ရေကျေးရွာ၌ နေအိမ် ၁၇ လုံးနှင့် စာသင်ဆောင် အမိုးလန်ပျက်စီးခြင်း၊ ရွှေပြည်သာကျေးရွာ၌နေအိမ်သုံးလုံးနှင့် ဘုန်းကြီးကျောင်း မီးစက်တဲအမိုးလန်ပျက်စီးခြင်း၊ သုံမှုသာချောင်းကျေးရွာ၌ နေအိမ်နှစ်လုံး အမိုးလန်ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ လေဘေးသင့် ပြည်သူများအတွက် ပျက်စီးမှုများကို အမြန်ဆုံးပြုပြင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဉာဏ်တိုး(ပေါက်)

ဆိပ်ဖြူ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် သက္ကယ်ကျင်းကျေးရွာနှင့် ဖလံမကျေးရွာတို့တွင် မေ ၈ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ် မိုးသီးကြွေခြင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို မေ ၉ ရက်က ဆောင်ရွက်ပေးခဲ့သည်။

လေပြင်းတိုက်ခတ်မိုးသီးကြွေခြင်းကြောင့် သက္ကယ်ကျင်းကျေးရွာတွင် အိမ်ခြေ ၂၅ လုံး သစ်ကိုင်းများကျိုးကျခြင်း၊ အမိုးအကာများ ပျက်စီးခဲ့ခြင်း၊ ကဇွန်းမကျေးရွာအုပ်စု ဖလံမကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး (KG) သွပ်မိုး၊ ထရံကာကျောင်းဆောင်ရှိ သွပ်မိုးများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ် မိုးသီးကြွေခြင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအား ဆိပ်ဖြူမြို့နယ် ကဇွန်းမတပ်နယ် တပ်မမှူး ဗိုလ်မှူးကြီး သိန်းဌေးနှင့် တပ်မတော်မှ အရာရှိစစ်သည်များ၊ ဆိပ်ဖြူမြို့နယ် ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဘိုဘိုထွဋ်နှင့် တပ်ဖွဲ့ဝင်များက ကျေးရွာပြည်သူများနှင့်အတူ စုပေါင်း၍ ပျက်စီးနေအိမ်နှင့် အဆောက်အအုံများအား ရှင်းလင်းပေးခြင်း၊ နေအိမ်များနှင့် လမ်းများတွင် အန္တရာယ်ရှိနိုင်သည့် သစ်ပင်၊ သစ်ကိုင်းများအား ရှင်းလင်းခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

စိုးလင်းနိုင် (ပြန်/ဆက်)

မန္တလေး ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် ဘုရားပွဲ၌ ဖောက်ခွဲမှု ကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် မေ ၉

၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၈ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် သုံးဆယ်ဝင်းဓမ္မာရုံ တစ်ဖက်ခြမ်း "ပန်းလေပြေ" ရှမ်းထမင်းဆိုင်ရှေ့၌ ရပ်ထားသော ဆိုင်ကယ်တစ်စီးမှာ ပေါက်ကွဲမှုကြောင့် မီးလောင်ခဲ့ပြီး အမျိုးသားတစ်ဦး ဒဏ်ရာများရရှိခဲ့သဖြင့် ချမ်းအေးသာစံမြို့မရဲစခန်းက အမှုဖွင့်စုံစမ်း စစ်ဆေးဆောင်ရွက်ခဲ့သည့်အမှုမှ ပြစ်မှုကျူးလွန်သူ အောင်မြင့်ဇော် (ခ) အောင်မင်းဇော် (ခ) ဟူစိန် (၂၀)နှစ် အား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မေ ၃ ရက် ညနေပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၈ ရက် ည ၉ နာရီ မိနစ် ၂၀ ခန့်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်ရှိ "ပန်းလေပြေ" ရှမ်းထမင်းဆိုင်ရှေ့၌ ရပ်ထားသော ဆိုင်ကယ်တစ်စီးမှာ ပေါက်ကွဲမှုကြောင့် မီးလောင်ခဲ့ပြီး အမျိုးသားတစ်ဦးတွင် မျက်နှာ၊ ရင်ဘတ်၊ ဝမ်းဗိုက်နှင့် ဝဲပေါင်တို့တွင် ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့ကြောင်း။

ပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရဲအမှုစစ်အဖွဲ့က စစ်ဆေးရာ MICRO Hand Set (အဖြူရောင်) တစ်လုံး (Sim Card ပါ) အား ဝိုင်ယာကြိုးအနီ၊ အနက်နှစ်ပင်ထွက်တိပ်ပတ်ထားလျက်လည်းကောင်း၊ ပြန့်ကျဲနေသည့် သံတိုသံစများ၊ ပလတ်စတစ်စများအား လည်းကောင်း တွေ့ရှိသိမ်းဆည်း ရမိခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်စေရန် ဓာတုပစ္စည်းများကို သတ်မှတ်အချိုးအစားဖြင့် ရောစပ်၍ လူကိုထိခိုက် အန္တရာယ်ဖြစ်စေမည့် သံတိုသံစများရောစပ်ကာ Hand Phone ကို အစပျိုးပေါက်ကွဲစေမှုအဖြစ် ချိတ်ဆက်၍ ၎င်းဖုန်းနံပါတ်ကို တစ်နေရာမှခေါ်ဆိုပြီး လျှပ်စစ်ဓာတ်အစပျိုး စတင်စေကာ ပေါက်ကွဲမှုကို ဖြစ်ပေါ်စေခြင်းဖြစ်ကြောင်း။

ဖော်ထုတ်ချက်အရ ဖောက်ခွဲခဲ့သူမှာ မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက်နှင့် ဖားကန့်မြို့နယ် မမုံကျေးရွာတို့နေ အောင်မြင့်ဇော် (ခ) အောင်မင်းဇော်(ခ) ဟူစိန် (၂၀ နှစ်) ဖြစ်နိုင်သည်ဟု သုံးသပ်တွေ့ရှိရပြီး ပြစ်မှုကျူးလွန်သူမှာ တိမ်းရှောင်နေသောကြောင့် ဖမ်းဆီးရမိရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှစဉ်ဆက်မပြတ် စုံစမ်းထောက်လှမ်းနေခဲ့ရာ ၂၀၁၈ ခုနှစ် မေ ၃ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် မဟာအောင်မြေမြို့နယ် မဟာမြိုင် (၁) ရပ်ကွက်၊ ၆၇ လမ်း၊ ၄၁×၄၂ လမ်းကြားရှိ "အေးရိပ်ငြိမ်" အမျိုးသားဘော်ဒါ ဆောင်၌ ဖမ်းဆီးရမိခဲ့ကြောင်း။

ကနဦး စစ်ဆေးချက်များအရ အောင်မြင့်ဇော်သည် မန္တလေးဆေးဝါးတက္ကသိုလ်မှ ကျောင်းသားတစ်ဦးဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် ဇွန်လခန့်က Facebook တွင် လုပ်ကြံလီဆယ်ဝါဒဖြန့်သည့် သတင်းများအရ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ပတ်သက်သည့် ဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များကို မြင်တွေ့ရသဖြင့်

ပြစ်မှုကျူးလွန်သူ အောင်မြင့်ဇော် (ခ) အောင်မင်းဇော် (ခ) ဟူစိန်

ဖောက်ခွဲဖျက်ဆီးရေး လုပ်ဆောင်ရန် နည်းလမ်းများကို လေ့လာခဲ့ရာ အင်တာနက်တွင် တင်ထားသည့် ပြည်ပအကြမ်းဖက်သမားများ ဖောက်ခွဲမှုပြုလုပ်ရာ၌ အသုံးပြုသည့် နည်းစနစ်များကို လေ့လာခဲ့ကြောင်း၊ ဈေးကွက်တွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သည့် ဓာတုပစ္စည်းများအား ဝယ်ယူစုဆောင်း၍ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ၎င်းငှားရမ်းနေထိုင်သည့် အဆောင်၏ နောက်ဘက်၌ နှစ်ကြိမ်ခန့် အသေးစားစမ်းသပ်ဖောက်ခွဲကြည့်ရာ အောင်မြင်ခဲ့ကြောင်း။

ထိုသို့ စမ်းသပ်ပြီးနောက် လက်တွေ့ဖောက်ခွဲရန် အခင်းဖြစ်နေ့ ည ၈ နာရီခန့်တွင် ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် ဘုရားပွဲပြုလုပ်သည့်နေရာသို့ သွားရောက်ခဲ့ကြောင်း၊ ၎င်းရောစပ်ပြုလုပ်ထားသည့် ဓာတုပစ္စည်းများ၊ ချိတ်ဆက်အသုံးပြုသည့် ဖုန်းနှင့်သံတိုသံစတို့အား ကြွပ်ကြွပ်အိတ်အတွင်းထည့်ကာ ဘုရားပွဲအနီးတွေ့ရှိရသော ဆိုင်ကယ်တွင် ချိတ်ဆွဲထားခဲ့ကြောင်း၊ ထို့နောက် ၎င်း၏ လက်ကိုင်ဖုန်းဖြင့် ပေါက်ကွဲစေသည့် ပစ္စည်းများရောထည့်ထားသော လက်ကိုင်ဖုန်းသို့ ခေါ်ဆိုခဲ့ရာ ပေါက်ကွဲသံကြားခဲ့ရကြောင်း။

ထို့နောက် တရုတ်နိုင်ငံ ရွှေလီမြို့ ကျောက်ဝိုင်းအနီးရှိ အစ်ကိုဝမ်းကွဲ တော်စပ်သူထံသွားရောက်၍ တစ်လခန့် နေထိုင်နေခဲ့ကြောင်း ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် မန္တလေးမြို့သို့ ပြန်လာခဲ့ကာ မဟာအောင်မြေမြို့နယ် ၅၉ လမ်း ၄၁×၄၂ လမ်းကြားရှိ သူငယ်ချင်းဖြစ်သူ၏ နေအိမ်တွင် ရက် ၂၀ ခန့် တည်းခိုနေထိုင်ခဲ့ကြောင်း၊ ယင်းနောက် မိဘများရှိရာ မမုံရွာသို့ ပြန်သွားခဲ့ကာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် "ရွှေဆင်မင်း"အဆောင်သို့ ပြန်လာပြီး တတိယနှစ်ကို ပြန်လည်တက်ရောက်ခဲ့ကြောင်း၊ ဒုတိယနှစ်ဝက်သင်တန်းတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင် ၁ ရပ်ကွက် ရှိ "အေးရိပ်ငြိမ်" အမျိုးသားအဆောင်သို့ ပြောင်းရွှေ့နေထိုင်ခဲ့စဉ် ဖမ်းဆီးခြင်းခံခဲ့ရကြောင်း သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိသူအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် မသင်္ကာဖွယ်ဓာတုပစ္စည်း (အရည်၊အစိုင်အခဲ) များ တွေ့ရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံးအကြောင်းကြားနိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သီပေါမြို့နယ်အတွင်း လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က နွားတင်ယာဉ်အား ပစ်ခတ်မှုကြောင့် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

မူဆယ် မေ ၉

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ ရေပူကြံခင်းရွာ မောင်ဖုန်းတောင်အတက်၌ မေ ၈ ရက် မွန်းတည့် ၁၂ နာရီခန့်က နွားများတင်ဆောင်လာသော မော်တော်ယာဉ်ကို လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က သေနတ်ဖြင့်ပစ်ခတ်ခဲ့ခြင်းကြောင့် တစ်ဦးသေဆုံး တစ်ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၈ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ပျော်ဘွယ်မြို့ သန်းတစ်ရာခြံမှ ပို့ကုန်တင်ပို့ရန် နွားအကောင် ၁၀၀ တင်ဆောင်ထွက်ခွာလာသော ၁၂ ဘီးယာဉ်လေးစီးနှင့် ခြောက်ဘီး ယာဉ်တစ်စီးတို့မှာ မွန်းတည့် ၁၂ နာရီခန့်တွင် သီပေါမြို့ ရေပူကြံခင်းရွာ မောင်ဖုန်းတောင်အတက်၌ အဆိုပါယာဉ်တန်းမှ တတိယမြောက်ရှိ ၁၂ ဘီးယာဉ်နှင့် စတုတ္ထမြောက် ခြောက်ဘီးယာဉ်တို့မှာ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့၏ ပစ်ခတ်ခြင်းခံခဲ့ရကြောင်း သိရသည်။

ပစ်ခတ်ခံခဲ့ရသော(၁၂)ဘီး ယာဉ်အမှတ် 2E/... ပေါ်ရှိ ယာဉ်မောင်းမှာ ရင်ဘတ်တည့်တည့်သို့ ထိမှန်သွားပြီး အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးသွားခဲ့ကြောင်းနှင့် နွားထိန်းကျောင်းသူမှာ ဘယ်ဘက်လက်မောင်းဆုံထိမှန်သွားခဲ့သဖြင့် လားရှိုးဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ကြောင်း၊ ပစ်ခတ်ခံရသည့် ယာဉ်အမှတ် 9H/... မှာ ရှေ့ရေတိုင်ကီ ထိမှန်သွားပြီး ဒရိုင်ဘာ၊ ညာဘက်ခြမ်းတံခါးအား ထုတ်ချင်းပေါက်နှစ်ချက်ထိမှန်ခဲ့ကြောင်းနှင့် ရှေ့လေကာမှန်များ ကွဲကြေပျက်စီးသွားခဲ့ကြောင်း၊ ၁၂ ဘီးယာဉ် ယာဉ်မောင်းမှာ ကျည်ထိမှန်ခဲ့သောကြောင့် အရှိန်မထိန်းနိုင်ခဲ့ဘဲ ရှေ့ရှိ

မန်ကျည်းပင်ကို ဝင်ရောက်တိုက်မိကာ ရပ်တန့်သွားခဲ့ကြောင်းနှင့် ခြောက်ဘီးယာဉ်ရှိ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှာ ကျည်ထိမှန်ခြင်းမရှိခဲ့ကြောင်း သိရသည်။

သန့်ဇင်(မူဆယ်)

ပဲခူးမြို့တွင် တစ်ဦးတည်းနေသည့် အမျိုးသမီးကြီး ဓားဒဏ်ရာများဖြင့် သေဆုံးနေ

ပဲခူး မေ ၉

ပဲခူးမြို့ မြို့မရဲစခန်းအပိုင် မြို့သစ်ရပ်ကွက် မြို့သစ် (က) ၌ တစ်ဦးတည်းနေထိုင်သည့် အသက် (၇၂) နှစ်အရွယ် အမျိုးသမီးတစ်ဦး မေ ၉ ရက် နံနက် ၁၁ နာရီခန့်က ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်မှာ ပဲခူးမြို့ မြို့သစ်(က)၊ နယ်မြေ(၂)၊ မ-၂/၂၄ တွင် တစ်ဦးတည်းနေထိုင်သူ ဒေါ်အေးကြည် (၇၂)နှစ်မှာ ၎င်းအိမ်ရှေ့ခန်းကြမ်းပြင်၌ သွေးအိုင်ထဲတွင်လဲနေပြီး ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တူဖြစ်သူ နိုင်လင်းစိုးက တွေ့ရှိကာ ဒေါ်အေးကြည် သေဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ၎င်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ပဲခူးမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

သန့်စင်(ပဲခူး)

လျှပ်စစ်မီးပူ ပလပ်မချွတ်ဘဲထားခဲ့မှုကြောင့် မီးလောင်မှု တောင်ငူမြို့တွင်ဖြစ်ပွား

တောင်ငူ မေ ၉

တောင်ငူမြို့ အမှတ်(၁၉)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဟောင်း အမှတ် (၁၉/၉) ခြံ ကင်းဂျုံခေါက်ဆွဲဆိုင် အပေါ်ထပ်လူနေအိမ်တွင် လျှပ်စစ်မီးပူတိုက်ပြီး ပလပ်မချွတ်ဘဲ မေ့ထားရာမှ မီးလောင်မှုတစ်ခု မေ ၉ ရက် နံနက် ၆ နာရီ ၄၅ မိနစ်က ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ တောင်ငူခရိုင်မီးသတ်ဦးစီးမှူး ဦးမြင့်နိုင်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၂၀၀ ခန့်က မီးသတ်ယာဉ်ရှစ်စီး၊ ရေသယ်ယာဉ်သုံးစီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၇ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် သွပ်မိုး ပျဉ်ကာနှစ်ထပ်နေအိမ် ဆုံးရှုံးခဲ့ပြီး တောင်ငူမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မြစ်ကြီးနားမြို့၌ ခွင့်ပြုချက်တင်ထားခြင်းမရှိသည့် သပိတ်စခန်း ဦးဆောင်သူနှစ်ဦးကို အမှုဖွင့်

မြစ်ကြီးနား မေ ၉

ကချင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် စစ်ပွဲများကြောင့်ပိတ်မိနေသော ပြည်သူများအမြန်ဆုံး လွတ်မြောက်နိုင်ရေးအတွက် မြစ်ကြီးနားမြို့၌ ကချင်လူငယ်ထုသပိတ်စခန်းကို ဦးဆောင်သူ ဦးလွမ်းဇောင်းနှင့် ဒေါ်ဆွတ်ဆိုင်းထွယ်ကို မေ ၉ ရက် နံနက်က အမှုရေးဖွင့်ထားသည်။

မေ ၃ ရက် နံနက် ၅ နာရီမှ မေလ ၄ ရက် နံနက် ၇ နာရီခန့်အထိ ခွင့်ပြုချက်ကြိုတင်တင်ထားခြင်းမရှိသည့် ဆွမ်ပရာဘွမ်လမ်းမပေါ်ရှိ ပြည်နယ်ဆောက်လုပ်ရေးရုံးအရှေ့၌ ကချင်လူငယ်ထု စုစုပေါင်း ၇၀၀ ခန့် ယင်းနေရာတွင် ညအိပ်၍ ထိုင်သပိတ်စခန်းပြုလုပ်ခဲ့ခြင်းကြောင့် အမှုရေးဖွင့်ထားခြင်းဖြစ်ကြောင်း သိရသည်။

မြစ်ကြီးနားမြို့မရဲစခန်း၌ (ပ) ၉၆/၂၀၁၈ ပုဒ်မ၁၉ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်အရ မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးသန်းဦးမှ တရားလိုပြုလုပ်၍ မေ ၉ ရက်တွင် မြစ်ကြီးနားမြို့နယ်တရားရုံး၌ စတင်စစ်ဆေးကြားနာခဲ့ကြောင်း သိရသည်။

မင်းမင်းဦး

မသင်္ကာဖွယ်ယာဉ်အားစစ်ဆေးရာ ပိတောက်ခားရွေတုံးများဖမ်းမိ

နေပြည်တော် မေ ၉

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမ ကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၈၄ စီး၊ သွင်းကုန် ၈၆၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁ စီး ၊ သွင်းကုန် ၁၅၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၁၃၅သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှတားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၃၇၀ သန်းခန့် စုစုပေါင်းတားဆီးမှုကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၅၀၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်စဉ် စံလောင်းကျေးရွာအနီး၌ TOYOTA WISH ယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် ပိတောက်ခားရွေ ၁၉ တုံး၊ ၀ ဒသမ ၅၅၅၀ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၁၆၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သာစည်မြို့နယ်၌ ငွေကျပ် ၇၀၂ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

မိတ္ထီလာ မေ ၉

အမှတ်(၁၈) မူးယစ်တပ်ဖွဲ့စု (မန္တလေးတောင်ပိုင်း) မှ ရဲအုပ်လင်းထွန်းဦးစီးသော ပူးပေါင်းတပ်ဖွဲ့ဝင်များသည် မေ ၉ ရက် နံနက်ပိုင်းက သာစည်မြို့နယ် ကျွဲတပ်ဆုံတိုးဂိတ်အနီး၌ ယာဉ်များအား ရပ်တန့်ရှာဖွေစစ်ဆေးစဉ် လွိုင်ကော်မှ သာစည်ဘက်သို့ မောင်းလာသည့် ခရီးသည်တင် မှန်လုံယာဉ်အမှတ် YGN 5C/... ယာဉ်ကို စစ်ဆေးရာ ထိုင်ခုံအမှတ် (၄၁) တွင် လိုက်ပါလာသော ဒေါ်နန်းဟွမ်(ခ)ဒေါ်မွှေး (၅၆ နှစ်) ပင်လောင်း မြို့နယ်နေသူအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၄၀၀၊ (တန်ဖိုးငွေကျပ် ၇၀၂ သိန်းခန့်) အား တွေ့ရှိခဲ့သည်။

မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ ဒေါ်နန်းဟွမ်အား သာစည်မြို့မရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ ၆၀၂

လိဒ်စ်ယူနိုက်တက်အသင်းကို MNL All Star အသင်း အနိုင်ယူ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ လိဒ်စ်ယူနိုက်တက်အသင်း တာဝန်ရှိသူများ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။ ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် မေ ၉

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် လိဒ်စ်ယူနိုက်တက်အသင်း၏ ပထမခြေစမ်းပွဲဖြစ်သည့် MNL ALL Star အသင်းနှင့် ပွဲကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ MNL All Star အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။

လိဒ်စ်ယူနိုက်တက်အသင်း၏ မြန်မာနိုင်ငံခရီးစဉ် ပထမဆုံးပွဲမှာ ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ လိဒ်စ်ယူနိုက်တက်အသင်းသည် လာမည့်ရာသီအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် လာရောက်ကစားသောကြောင့် လူငယ်ကစားသမားများကို အဓိကပွဲထုတ်ကာ ရလဒ်ပိုင်းထက် ပြင်ဆင်မှုအပိုင်းကို ဦးစားပေးခဲ့သည်။ MNL All Star အသင်းသည် ဘောလုံးအင်အားကြီးနိုင်ငံမှ ကလပ်အသင်းနှင့် ကစားခွင့်ရသောကြောင့် အတွေ့အကြုံရရန်အပြင် အနိုင်ရရေးပါ ဦးတည်ကာ ဂျိုးဇက်၊ ခရစ္စတိုဖာတို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့သည်။

လိဒ်စ်ယူနိုက်တက်အသင်းက MNL All Star အသင်းဘက်သို့ ဂိုးရရန် ကြိုးစားနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်

MNL All Star အသင်းတွင် နိုင်ငံခြားသား ကစားသမားခြောက်ဦးနှင့် ပြည်တွင်းကစားသမား ငါးဦးကို တွဲဖက်အသုံးပြုခဲ့ပြီး ပြည်ဖြိုးအောင် (ဂိုး)၊ ရဲကိုဦး၊ စည်သူအောင်၊ ခရစ္စတိုဖာ၊ ဝီလျံတို့ဖြင့် ပွဲထွက်ခဲ့သည်။ လိဒ်စ်ယူနိုက်တက်အသင်းသည် အမာခံနှင့် အရန်ကစားသမားများကို တွဲဖက်အသုံးပြုခဲ့ကြပြီး ခြေစမ်းပွဲဖြစ်သောကြောင့် ပုံမှန်သာ ကစားခဲ့သည်။ MNL All Star အသင်းသည် ပွဲစကတည်းက အားထည့်ကစားခဲ့ပြီး ဂိုးရရန် ကြိုးပမ်းခဲ့သည်။ ၂၂ မိနစ်တွင် MNL All Star အသင်း ဂိုးစရခဲ့ပြီး စည်သူအောင် ကန်တင်ပေးသောဘောလုံးကို ဂျိုးဇက်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသောကြောင့် လိဒ်စ်ယူနိုက်တက်အသင်း တိုက်စစ်အားမြှင့်လာပြီး ၂၅ မိနစ်တွင် ပယ်နယ်တီရခဲ့ပြီး ချေပဂိုးပြန်ရခဲ့သည်။ ယင်းဂိုးကို အသင်းခေါင်းဆောင် ဆင်မြူ ရယ်က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး မိနစ် ၆၀ တွင် လိဒ်စ်ယူနိုက်တက်အသင်းသည် ကစားသမား ကိုးဦးအထိ တစ်ပြိုင်တည်း လဲလှယ်အသုံးပြုခဲ့သည်။ လိဒ်စ်ယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ကီဗင်၊ အလိုင်းရင်းစသည့် အမာခံကစားသမားများကို အသုံးပြုခဲ့သည်။ MNL All star အသင်းသည် ဒုတိယပိုင်းတွင်လည်း အားထည့်ကစားခဲ့ပြီး ၆၃ မိနစ်တွင် အနိုင် ဂိုးရခဲ့သည်။ ယင်းဂိုးမှာ ခရစ္စတိုဖာကြောင့်ရသည့် ပယ်နယ်တီကို ၎င်းကိုယ်တိုင်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် လိဒ်စ်ယူနိုက်တက်အသင်းချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း MNL All Star နောက်ခံလူများနှင့် ဂိုးသမား ပြည့်ဖြိုးအောင်တို့ အမှားအယွင်းမရှိ ဖျက်ထုတ်နိုင်ခဲ့သည်။ ပွဲအပြီးတွင် လိဒ်စ်ယူနိုက်တက်ကစားသမားများက ပရိသတ်များအား အင်္ကျီများ လက်ဆောင်ပေးအပ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ယနေ့နံနက်ပိုင်းတွင် လိဒ်စ်ယူနိုက်တက်အသင်းသားများအား ရွှေတိဂုံဘုရားသို့ ပို့ဆောင်ပေးခဲ့သည်။

သတင်း-ညီမြတ်သော်တာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ပုသိမ်တက္ကသိုလ်
ပါရဂူ(Ph.D)သင်တန်းသားများခေါ်ယူခြင်း

၁။ ပုသိမ်တက္ကသိုလ်တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပါရဂူ ဘွဲ့ (Ph.D) သင်တန်းကို အဏုဇီဝဗေဒအထူးပြုဘာသာရပ်ဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

၂။ ပါရဂူဘွဲ့(Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့ သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၁၈ခုနှစ် ဇွန်လ(၁)ရက်တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။(လုပ်ငန်းခွင် အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက်လျှော့ပေါ့စဉ်းစားမည်။)

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ်တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက်-

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အဏုဇီဝဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒဘာသာရပ်တစ်ခုခုဖြင့် အနိမ့်ဆုံးမဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ သုံးနာရီမေးခွန်းနှင့် အင်္ဂလိပ်စာဘာသာရပ်သုံးနာရီမေးခွန်း၊ ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာလက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ အဏုဇီဝဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ အထူးပြုဖြင့် မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်သောသုတေသန ကျမ်းအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသန နယ်ပယ်အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာ (၃)မျက်နှာထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြ ရာထူးတွင်လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေး ဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူ ရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာ လုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာန ဆိုင်ရာအကြီးအကဲ ကထောက်ခံသူဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ် ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ ၃နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ(သို့မဟုတ်) ယင်းနှင့်အဆင့်တူ ရာထူးတွင် လုပ်သက်(၂)နှစ်အနည်းဆုံးရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌အနိမ့်ဆုံး မဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသန နယ်ပယ်အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာ ၃ မျက်နှာထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ ပုသိမ်တက္ကသိုလ် စာမေးပွဲဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၈-၅-၂၀၁၈ရက် (သောကြာနေ့) နောက်ဆုံးထား လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ပုသိမ်တက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်။

(က) ၂၁-၅-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ သက်ဆိုင်ရာဘာသာရပ်

(ခ) ၂၂-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၂၈-၅-၂၀၁၈ရက် (တနင်္လာနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ်ပါမောက္ခ (ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မော်ကွန်းထိန်း (ဖုန်း-၀၉-၇၇၉၇၈၂၄၃၂)ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်း
ပုသိမ်တက္ကသိုလ်

ဦးသန့်ဇော် B.Sc,IC.Q.DA, DMP, MBA, ACCA (pro) PQI အသိအမှတ်ပြုဆရာ

LCCI I,II&III Diploma သင်တန်းများ

I & II 5May 2018 / III 19 May 2018 စမည်

I&II Sec(A)Sat-Sun 9:00-10: 45 am
Sec(B)Mon to Wed 7:00 - 8:30 am
Sec(C)Mon to Wed 6:00-7:45 pm (ဥလပြတ်)

ORION ၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း။ 09 5115997

ဒီကရီကိုအတည်ပြုလုပ်ပေးရန် အမိန့်မထုတ်သင့်ကြောင်းထုချေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်၂၁၊ နည်းဥပဒေ၂၂)
ပြည်ခရိုင် နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၁၄နှင့်ဆက်သွယ်သည့်
၂၀၁၈ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၃

ရိုးမဘဏ်လီမိတက် (၎င်း၏ကိုယ်စားလှယ်စာရသူ-ဒေါ်မျိုးမျိုးလှမြင့် **ဒီကရီအနိုင်ရသူ**	**နှင့်**	၁။ ဦးခင်စိုး ၂။ ဒေါ်စန်းစန်းကြည် **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ၂လမ်း၊ တိုက်အမှတ် ၃၃/၃၇၊ အခန်းအမှတ် ၇/၈နေ (၁)ဦးခင်စိုး၊ (၂)ဒေါ်စန်းစန်းကြည် ယခုနေရပ်လိပ်စာမသိသူများ သိစေရမည်။

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၁၄တွင်ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ရိုးမဘဏ်လီမိတက်(၎င်း၏ကိုယ်စားလှယ်စာရသူ-ဒေါ်မျိုးမျိုးလှမြင့်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ခုနှစ်၊ ဇွန် ၄ရက်(၁၃၈၀ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော် ရှေ့လာရောက်စေ။

၂၀၁၈ခုနှစ်၊ မေ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင့်လွင်)
ခရိုင်တရားသူကြီး
ပြည်ခရိုင်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ် ၂၂၁၆၂၀ ခုံအမှတ် အသ-၃၅၉၉ ဖြေဆိုအောင်မြင်သူ နော်ဖီးဘေ၏ဖခင် စောဖရိုင်းဒေး(ခ)ဦးစောဖရိုက်ဒေး၁၄/အမန(နိုင်)၁၇၈၀၅၅သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

စောဖရိုင်းဒေး(ခ)ဦးစောဖရိုက်ဒေး

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/1089 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(နေပြည်တော်)**

ဥတုရာသီ တောကိုမှီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၁၀၄၁/က၊ မြေကွက်တည်နေရာအမှတ် ၁၀၄၁/က၊ ဧကရီ (၁)လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးသန်းဦးအမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မိုးဝါ ၁၂/ရပသ(နိုင်) ၀၃၇၁၅၄မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/9127၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး၊(ရန်ကုန်မြောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ခေတ္တရာရပ်ကွက် အကွက်အမှတ် (၁၆-စီ)၊ရတနာမာန် အောင်ကွက်သစ်၊ ဦးပိုင် အမှတ်(၃၁၈-၃၂၁)၊ မြေဧရိယာ ၀ဒသမ၀၉၂ဧကရှိ မြေကွက်နှစ်ကွက်ကို မူလ ဦးမောင်မောင်နှင့် ရဲမှူးကြီးသိန်းလွန်းအမည်တို့ဖြင့် မြေခွင့်ပြုချထားရာမှ ယခုအခါ ဦးမင်းထက်ဦး ၇/ပမန (နိုင်)၁၇၈၃၁၂၏ အမည်ဖြင့် မြေငှားဂရန် ခွင့်ပြုချထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပြည်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ပြည်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြည်မြို့**

တိုင်းရင်းမြန်မာ
ပတ္တမြားဆေးခန်း
ကျီးပေါင်းရောဂါ {အထူးကု}
ကျီးပေါင်းရောဂါအမျိုးမျိုး၊ အရိုးအတက်ပေါက်၊ ဒူးနာ၊ ခါးနာ၊ အရိုးအဆစ်ကိုက်ခြင်း၊နာခြင်း၊ထုံခြင်း၊ကျင်ခြင်း၊
အမူးရောဂါအမျိုးမျိုး၊ အရိုးအကြောမှာဖြစ်သော ဒဏ်အမျိုးမျိုး၊ အာရုံကြောအားနည်းရောဂါ၊အရိုးကြေ၊ အရိုးကျိုး။
အထက်ဖော်ပြပါ ရောဂါများအတွက် ပျောက်ကင်းသည်အထိ ကုသပေးနိုင်ပါသည်။ နှစ်ပေါင်းများစွာ စွဲကပ်ခံစားနေရသော ဝေဒနာရှင်များ၊ ငါ့ဝေဒနာ သေရွာပါပြီဟု ထင်မှတ်နေရသူများ၊နိုင်ငံတွင်းသာမက ပြည်ပနိုင်ငံအသီးသီး နည်းပေါင်းစုံကုသမှုဖြင့် မပျောက်ကင်းသူများ၊ စိတ်ဓါတ်ကျစရာမလိုပါ။ မြန်မာ့တိုင်းရင်းဆေးစစ်စစ်တို့နှင့် မခွဲမစိတ်ရဘဲ အချိန်တိုအတွင်း ပျောက်ကင်းသည်အထိ ကုသပေးနေပါသည်။
မှတ်ချက်။ စာသားနှင့်လက်တွေ့တစ်ထပ်တည်း ကျ/မကျ စမ်းသပ်ခံနိုင်ပါသည်။
ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်၊ လမ်း ၆၀၊ ၂၉ × ၃၀ လမ်းကြား၊ မန္တလေးမြို့။
09-773333037, 09-400401543၊ တဆ-၁၇၆၄၊ အသင်းဝင်အမှတ် - ၁၆၈၁

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/5574 Toyota Corolla EE100, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသွယ်အောင် ၁၂/မဂဒ(နိုင်)၀၅၁၈၃၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

အီရန်နျူကလီးယားသဘောတူညီချက်မှ နုတ်ထွက်ကြောင်း ထရန့်ကြေညာမှု သတိပေးတပ်လှန့်မှုများကို ပေါ်ထွက်လာစေခဲ့

ဝါရှင်တန် မေ ၉

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အီရန်နျူကလီးယားသဘောတူစာချုပ်မှ အမေရိကန်ပြည်ထောင်စုကို ဖယ်ထုတ်တော့မည်ဖြစ်ကြောင်း အင်္ဂါနေ့တွင်ပြောကြားလိုက်ပြီဖြစ်ရာ ယင်းဆုံးဖြတ်ချက်သည် ကမ္ဘာလုံးဆိုင်ရာ စိတ်ပျက်မှုများနှင့် သတိပေးချက်များကို ရုတ်ခြည်းပေါ်ထွက်လာစေခဲ့သည်။

အီရန်အနေဖြင့် ၎င်း၏နျူကလီးယားအစီအစဉ်များကို ကန့်သတ်လိုက်သည့်အတွက် အပြန်အလှန်အနေဖြင့် အီရန်အပေါ်ပိတ်ဆို့ထားမှုများကို ဖြေလျှော့ပေးသည့် နျူကလီးယားသဘောတူစာချုပ်မှ အမေရိကန်ပြည်ထောင်စုကို ဖယ်ထုတ်လိုက်ခြင်းသည် အရှေ့အလယ်ပိုင်း၌ လက်နက်ယှဉ်ပြိုင်မှုတစ်ရပ်ဖြစ်လာစေမည့် အန္တရာယ်ရှိလာနိုင်သည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းခဲ့ကြသည်။

အိမ်ဖြူတော်မှ မိန့်ခွန်းပြောဆိုမှုကို ရုပ်သံမှ ထုတ်လွှင့်ပြသခဲ့မှုတွင် ထရန့်က စာချုပ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

ထရန့်က ၎င်းသည် အီရန်အပေါ်ချမှတ်ထားသည့် နျူကလီးယားလက်နက်ဆိုင်ရာ အရေးယူပိတ်ဆို့မှုများနှင့် ပတ်သက်သည့် တောင်းဆိုပိုင်ခွင့်မှ စွန့်လွှတ်ကြောင်း အစီရင်ခံစာကို လက်မှတ်ရေးထိုးမည်မဟုတ်ကြောင်း၊ သို့သော် စီးပွားရေးအရ ဆက်သွယ်ချိတ်ဆက်မှုရှိနေသည့် အီရန်နှင့် အခြားနိုင်ငံများအပေါ် ချမှတ်ထားသည့် သဘောတူညီမှုအောက်တွင် ဖယ်ရှားခဲ့သည့်အရေးယူပိတ်ဆို့မှုများကို ပြန်လည်ချမှတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

နျူကလီးယားသဘောတူညီချက်မှ အမေရိကန်နုတ်ထွက်ခဲ့သော်လည်း ကျန်နိုင်ငံများက ဆက်လက်ထိန်းသိမ်းမည်

ပါရီ မေ ၉

အမေရိကန်သမ္မတ ထရန့်သည် အီရန်နျူကလီးယားသဘောတူညီချက်မှ နုတ်ထွက်ခဲ့သည့်အတွက် စိတ်မကောင်းဖြစ်ရကြောင်း၊ အဆိုပါ သဘောတူညီချက်ကို ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီသုံးနိုင်ငံက ဆက်လက်ထိန်းသိမ်းလိုက်နာသွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်၊ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ၊ ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့က မေ ၈ ရက်တွင် သဘောတူခဲ့သည်။

၎င်းတို့၏ ပူးတွဲကြေညာချက်တွင် အီရန်နျူကလီးယား သဘောတူညီချက်သည် ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီတို့၏ လုံခြုံရေးအတွက် အထူးအရေးပါကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အတည်ပြုထားခြင်းဖြစ်ကြောင်း သက်ဆိုင်ရာဘက်ပေါင်းစုံက ဆက်လက်လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ရေးသားဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အီရန်နျူကလီးယားသဘောတူညီချက်မှ အမေရိကန်နုတ်ထွက်ကြောင်း မေ ၈ ရက်က ကြေညာခဲ့ပြီးနောက် အီရန်ကို အရေးယူပိတ်ဆို့မှုများ ပြန်လည်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောခဲ့သည်။

၂၀၁၅ ခုနှစ် ဇူလိုင်လတွင် အီရန်က သက်ဆိုင်ရာနိုင်ငံ ခြောက်နိုင်ငံ (အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ရုရှား၊ တရုတ်၊ ဂျာမနီ)နှင့် အီရန်နျူကလီးယားဆိုင်ရာ သဘောတူညီမှုများ ရရှိခဲ့သည်။

ဆင်ဟွာ

ရုရှားဝန်ကြီးချုပ်နေရာတွင် မက်ဗီဒက်ကို သမ္မတပူတင်ခန့်အပ်

မော်စကို မေ ၉

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ပါလီမန်၏ အတည်ပြုထောက်ခံချက်ရရှိပြီးနောက်တွင် ဒီမစ်ထရီမက်ဗီဒက်အား အစိုးရအဖွဲ့အကြီးအကဲအဖြစ် ခန့်အပ်လိုက်ကြောင်း အမိန့်တစ်ရပ်ကို အင်္ဂါနေ့က လက်မှတ်ရေးထိုးလိုက်ကြောင်း သိရသည်။

ယင်းနေ့အစောပိုင်းတွင် မက်ဗီဒက်ကိုဝန်ကြီးချုပ်အဖြစ်ခန့်အပ်ရန် ထောက်ခံမဲပေးသူ ၃၇၄ ဦးရှိခဲ့ပြီး ၅၆ ဦးက ကန့်ကွက်ခဲ့ကြသည်။

လက်ရှိအာဏာရ ပါတီဖြစ်သည့် ယူနိုက်တက်ရုရှားပါတီက နေရာ ၃၃၉ ခု သို့မဟုတ် ၇၅ ဒသမ ၃ ရာခိုင်နှုန်းကိုရရှိထားသည်။

အသက် ၅၂ နှစ်ရှိပြီဖြစ်သည့် မက်ဗီဒက်သည် ယူနိုက်တက်ရုရှားပါတီ၏ ဥက္ကဋ္ဌတစ်ဦးလည်းဖြစ်ကာ ၂၀၁၂ခုနှစ်တွင်စတင်ရုံးထိုင်ခဲ့သည်။

၎င်း၏ အစိုးရအဖွဲ့သည် သမ္မတပူတင် ရုရှားသမ္မတအဖြစ် စတုတ္ထမြောက် တာဝန်စတင်ထမ်းဆောင်ရန် ရုံးတော်၌ ကျမ်းသစ္စာကျိန်ဆိုပြီးနောက် တနင်္လာနေ့တွင် နုတ်ထွက်သွားခဲ့သည်။

ကျမ်းသစ္စာကျိန်ဆိုမှု ပြီးဆုံးပြီးနောက်တွင် သမ္မတပူတင်သည် မက်ဗီဒက်ကို ရုရှားဝန်ကြီးချုပ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရန် အဆိုပြုကမ်းလှမ်းခဲ့သည်။

အင်္ဂါနေ့တွင် ပူတင်သည် ရုရှားပါလီမန်အောက်လွှတ်တော်သို့ တက်ရောက်ခဲ့ပြီး ၎င်း၏လက်ထောက်များက အဆိုပြုချက်ကို ထောက်ခံကြရန် မေတ္တာရပ်ခံခဲ့သည်။

တနင်္လာနေ့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာဆိုင်ရာ အောင်မြင်တိုးတက်မှုများအပါအဝင် ကျယ်ပြန့်သည့် နယ်ပယ်ကဏ္ဍများကို ပစ်မှတ်ထားသည့် ၂၀၂၄ ခုနှစ်တစ်လျှောက် ရုရှား၏ မဟာဗျူဟာကျသည့်ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပြအစီအစဉ်အတွက် အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။



မက်ဗီဒက်နှင့် ၎င်း၏အခြားသော အစိုးရအဖွဲ့များသည် ယင်းအစီအစဉ်ကို တစ်နှစ်ကျော်ကြာအောင် ဆောင်ရွက်ကြမည်ဖြစ်သည်ဟု ပါလီမန်လွှတ်တော်၌ ပြောကြားခဲ့သည်။

ဆင်ဟွာ

တူရကီအာဏာသိမ်းမှုအရှုပ်တော်ပုံနှင့် ပတ်သက်သူများအား ထောင်ဒဏ်များချမှတ်

အန်ကာရာ မေ ၉

၂၀၁၆ တူရကီ အာဏာသိမ်းမှုနှင့် ပတ်သက်သည်ဟု သံသယရှိသူ ယခင်ဗိုလ်ချုပ်ဟောင်းများကို ၂၅၂ နှစ်ကြာ ထောင်ဒဏ်များချမှတ်ခဲ့ကြောင်း တူရကီအစိုးရရှေ့နေများက မေ ၉ ရက်တွင် ပြောခဲ့သည်။

အန်ကာရာအရှုပ်တော်ပုံသည် နာမည်ကြီး ထင်ရှားသည့် အရှုပ်တော်ပုံတစ်ခုဖြစ်ကာ နိုင်ငံတစ်ဝန်းလူပေါင်းများစွာကို ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

အန်ကာရာ အရှုပ်တော်ပုံ သံသယရှိသူများနှင့် ပြည်တွင်းငြိမ်းချမ်းရေးကောင်စီအဖွဲ့ဝင်များကို အရေးယူမှုများလုပ်ဆောင်ခဲ့ကြောင်း တူရကီအစိုးရရှေ့နေများက ပြောခဲ့သည်။

အဆိုပါအဖွဲ့တွင် ယခင်လေတပ်အရာရှိ အာကင်အောက်တက်၊ မာမက် ဒစ်လီ၊ ဗိုလ်မှူး အလီရာစီစီတို့ ပါဝင်ကြောင်း သိရသည်။

အေအက်ဖ်ပီ

မလေးရှား အထွေထွေရွေးကောက်ပွဲအတွက် မဲပေးမှုများစတင်

ကွာလာလမ်ပူ မေ ၉

မလေးရှားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်များ မဲစတင်ပေးနေကြပြီဖြစ်ကြောင်း သိရသည်။ မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်ဦးဆောင်သည့် လက်ရှိအာဏာရ မဟာမိတ်အဖွဲ့သည် အသက် ၉၂ နှစ်တွင် နိုင်ငံရေးလောကသို့ တစ်ကျော့ပြန်ဝင်ရောက်လာသည့် ဝန်ကြီးချုပ်ဟောင်း မဟာသီယာ မိုဟာမက်၏ အတိုက်အခံမဟာမိတ်အဖွဲ့နှင့် ထိပ်တိုက်ရင်ဆိုင်ယှဉ်ပြိုင်ရလျက်ရှိသည်။

ပါလီမန်အောက်လွှတ်တော်အတွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ရယူကြမည့် ရာထူးနေရာ ၂၂၂ ခုရှိသည်။ မလေးရှားနိုင်ငံတစ်လွှားတွင် ဗုဒ္ဓဟူးနေ့က မဲရုံများကို နံနက်ရှနာရီမှ စတင်ဖွင့်လှစ်ခဲ့သည်။ ဝန်ကြီးချုပ်နာဂျစ်၏လက်ရှိအာဏာရ အမျိုးသားတပ်ဦးမဟာမိတ်အဖွဲ့သည် ၁၉၅၇ခုနှစ် မလေးရှားနိုင်ငံလွတ်လပ်ရေးရရှိခဲ့ချိန်မှစတင်ကာ အာဏာရရှိလာခဲ့သည်။

အင်န်အိတ်ချ်ကေ

နိုင်ငံတကာ သတင်းတိုထွာ

ကမ္ဘာ့ကျန်းမာရေး ညီလာခံသို့ တရုတ်(တိုင်ပေ) တက်ရောက်ဖွယ်မရှိ

တရုတ်(တိုင်ပေ) မေ ၉

တရုတ်(တိုင်ပေ)သည် ယခုနှစ်ကျင်းပမည့် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်နိုင်ဖွယ် မရှိတော့ကြောင်း သိရသည်။ ယင်းသို့ မတက်ရောက်နိုင်သည့်အခြေအနေသည် တရုတ်နိုင်ငံမှ ဖိအားပေးလာမှုများကြောင့်ဟု ဆိုဖွယ်ရာရှိကြောင်း သိရသည်။

တရုတ်(တိုင်ပေ)သည် နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံသို့ ပါဝင်တက်ရောက်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးညီလာခံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အရေးကြီးဆုံးဖြတ်ချက်များချမှတ်သည့် အဖွဲ့အစည်းဖြစ်သည်။ သို့သော် ပြီးခဲ့သည့်နှစ်တွင် တရုတ်(တိုင်ပေ)သည် ဖိတ်ကြားမှုကို လက်ခံရရှိခဲ့ခြင်းမရှိပေ။

တရုတ်(တိုင်ပေ)မှ အာဏာပိုင်များသည် လာမည့် မေ ၂၁ ရက်တွင် ဂျီနီဗာ၌ ဖွင့်လှစ်မည့် ယခုနှစ်ဖိုရမ်သို့ ပါဝင်တက်ရောက်ရန် မျှော်လင့်ထားကြသည်။ ကူးစက်ရောဂါဖြစ်ပွားမှုနှင့် အခြားကျန်းမာရေးကိစ္စရပ်များကို ကာကွယ်တားဆီးရေးနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများတွင် ပါဝင်ကြရန် လိုအပ်ချက်ဖြင့် ထိုသို့တက်ရောက်ရန် မျှော်လင့်ထားခြင်းဖြစ်သော်လည်း တက်ရောက်နိုင်ဖွယ် မရှိတော့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

ဗျူကလီးယားစာချုပ်မှ အမေရိကန်နုတ်ထွက်လျှင် အင်အားကြီးနိုင်ငံများ၏ အကူအညီကို အီရန်ရယူမည်

တီဟီရန် မေ ၉

အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီသည် ၂၀၁၅ အီရန် ဗျူကလီးယားစာချုပ်မှ အမေရိကန်ပြည်ထောင်စု နုတ်ထွက်ခဲ့လျှင် ယင်းစာချုပ်အောက်၌ အီရန်အနေဖြင့် အကျိုးစီးပွားကို ဆက်လက်ထိန်းသိမ်းသွားနိုင်ရေး အကူအညီပေးကြရန်အတွက် စာချုပ်၌ ပါဝင်သည့် အင်အားကြီးအဖွဲ့ဝင်များ၏ အကူအညီရရှိရေး ကြိုးပမ်းမည်ဖြစ်သည်ဟု တနင်္လာနေ့က ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန် ပါဝင်ခြင်းမရှိတော့စေကာမူ JCPOAမှ အဖွဲ့ဝင်များ၏ မျှော်မှန်းချက်များ ပြည့်မီခဲ့ပါလျှင် ပို၍ကောင်းလိမ့်မည်ဖြစ်သည်ဟု အီရန်သမ္မတဟတ်ဆန်ရိုဟာနီက အိုင်အာအန်အေသတင်းအေဂျင်စီသို့ ပထမဆုံးအကြိမ် ပြောကြားခဲ့ကြောင်း သိရသည်။

သမ္မတက ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆက်လက်သွားမည်ဖြစ်ကြောင်း မက်ရှဟက်မြို့ အရှေ့မြောက်ပိုင်းတွင် ပြောကြားခဲ့သည်။

ဆင်ဟွာ

မဟာမိတ်ဟောင်းနဲ့ ဝန်ကြီးချုပ်တို့ ရင်ဆိုင်တွေ့ကြမယ့် မလေးရှားရွေးကောက်ပွဲ

ကလျာမိုးမြင့်

မလေးရှားနိုင်ငံမှာ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က အထွေထွေရွေးကောက်ပွဲတစ်ရပ်ကိုကျင်းပနေပြီဖြစ်ပါတယ်။မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်ဟာ နောက်တစ်ကြိမ်အနိုင်ရရှိဖို့ သေချာတဲ့အနေအထားကို ရရှိနေတဲ့ ပုံပါပဲ။ ဝန်ကြီးချုပ်ဟာ ၎င်းရဲ့ကာလကြာရှည်မဟာမိတ်ဖြစ်တဲ့ ဝန်ကြီးချုပ်ဟောင်း မဟာသီယာ မိုဟာမက်ရဲ့ အပြင်းအထန်စိန်ခေါ်မှုကိုရင်ဆိုင်နေရပါတယ်။ မိုဟာမက်ဟာ အသက်၉၂နှစ်မှာ မမျှော်လင့်ဘဲ နိုင်ငံရေးလောကထဲကို ပြန်ဝင်ရောက်လာခဲ့ပါတယ်။

လက်ရှိအချိန်မှာမလေးရှားကို ဘယ်သူက လည်ပတ်ဆောင်ရွက်နေသလဲ

မလေးရှားနိုင်ငံရေးဟာ ၁၉၅၇ ခုနှစ် နိုင်ငံလွတ်လပ်ရေးရရှိခဲ့ချိန်ကစတင်ပြီး Barisan Nasional(BN) မဟာမိတ်အဖွဲ့နဲ့ ၎င်းရဲ့ အဓိကမဟာမိတ် ပါတီဖြစ်တဲ့ United Malays National Organization (UMNO) တို့က လွှမ်းမိုးထားခဲ့ပါတယ်။ ဝန်ကြီးချုပ် နာဂျစ်ရာဇတ်ဟာ ၂၀၁၃ ခုနှစ်မှာ ဝန်ကြီးချုပ်အဖြစ် ဒုတိယအကြိမ် ပြန်လည်အနိုင်ရရှိခဲ့ပေမယ့် အင်အားအကြီးဆုံးဖြစ်တဲ့ အတိုက်အခံအဖွဲ့နဲ့ ရင်ဆိုင်ယှဉ်ပြိုင်ရာမှာတော့ မဲအများစုကို ရရှိဖို့ အင်အားနည်းပါးခဲ့ပါတယ်။

အဲဒီအချိန်ကာလမှာ အတိုက်အခံအဖွဲ့တွေဟာ ဝန်ကြီးချုပ်ကို ရွေးကောက်ပွဲအတွင်း လိမ်လည်မှုတွေ ပြုလုပ်ခဲ့တယ်လို့ စွပ်စွဲခဲ့ကြသလို ၎င်းကို ဝေဖန်တဲ့သူတွေကလည်း နာဂျစ်ရဲ့အစိုးရအဖွဲ့ဟာ ရွေးကောက်ပွဲမှာ အနိုင်ရရှိဖို့ မမှန်မကန်တဲ့ နည်းလမ်းတွေနဲ့ အကွက်ဆင်ကလိန်ကျမှုတွေ လုပ်ခဲ့တယ်လို့ ကြိမ်ဖန်များစွာစွပ်စွဲခဲ့ကြပါတယ်။ နာဂျစ်ရာဇတ်ဟာ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေဖြစ်တဲ့ Malaysia Development Berhad (1MDB)ကိုစီမံခန့်ခွဲမှုနဲ့ ပတ်သက်ပြီးတော့လည်း အကြီးအကျယ် လာဘ်စားခဲ့သေးတယ်ဆိုပြီး နိုင်ငံတကာရဲ့ စွပ်စွဲမှုတွေကို ခံနေရပါတယ်။

နာဂျစ်ရာဇတ်နဲ့ရင်ဆိုင်ယှဉ်ပြိုင်မယ့်သူဘယ်သူလဲ

မစ္စတာနာဂျစ်ရဲ့အဓိက ယှဉ်ပြိုင်ဘက်ကတော့ အသက် ၉၂ နှစ်မှာ နိုင်ငံရေးလောကထဲကို တစ်ကျော့ပြန်လည်ဝင်ရောက်လာခဲ့တဲ့ ဝန်ကြီးချုပ်ဟောင်း မဟတ်သာမိုဟာမက်ပဲဖြစ်ပါတယ်။ မစ္စတာမိုဟာမက်ဟာ ဆယ်စုနှစ်နှစ်ခုတိုင်အောင် အာဏာရရှိခဲ့ပြီးနောက် ၂၀၀၃ ခုနှစ်မှာ ဖြုတ်ချခံခဲ့ရသူပါ။ ၎င်းရဲ့ရာထူးသက်တမ်းမှာ မလေးရှားနိုင်ငံကို အာရှစီးပွားရေး ကျားတစ်ကောင်အဖြစ် ပြောင်းလဲရန် ကြိုးပမ်းခဲ့သူအဖြစ်နဲ့ ချီးကျူးအသိ အမှတ်ပြုခြင်းကို ခံခဲ့ရပါတယ်။

မဟာသီယာဟာ ၎င်းကိုကန့်ကွက်ဆန့်ကျင်တဲ့သူ သို့မဟုတ် ၎င်းရဲ့ရာထူး လုပ်ပိုင်ခွင့်အာဏာကို ထိပါးလာတဲ့သူတွေကိုလည်း သဘောထားတင်းမာစွာ ပြုမူဆက်ဆံခဲ့တဲ့သူဖြစ်ပါတယ်။ မစ္စတာနာဂျစ်ရဲ့ သင်ဆရာတစ်ဦးဖြစ်သလို မဟာမိတ်လည်းဖြစ်ခဲ့တဲ့ မဟာသီယာဟာ မကြာသေးမီ နှစ်တွေအတွင်းမှာပဲ ၎င်းရဲ့ခေါင်းဆောင်အုပ်ချုပ်မှုကို အပြင်းအထန် ဆန့်ကျင်ကန့်ကွက်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

မဟတ်သာမိုဟာမက် နောက်တစ်ကြိမ်ပြန်အရွေးခံရနိုင်မလား

ဒေါက်တာမဟာသီယာ မိုဟာမက်က အကယ်၍ သူသာအရွေးခံခဲ့ရရင် နှစ်နှစ်အတွင်းမှာ ၎င်းရဲ့အာဏာကို တခြားသူဆီ လွှဲပြောင်းပေးဖို့ ရည်ရွယ်ထားတယ်လို့လည်း စိတ်ဝင်စားဖွယ်ကောင်းအောင် ပြောခဲ့ပါသေးတယ်။ လွှဲပြောင်းပေးမှာ သေချာတယ်ဆိုရင်တော့ လွှဲပြောင်းပေးခြင်းခံရမယ့်သူဟာ ၎င်းရဲ့ ယှဉ်ပြိုင်ဘက်ဟောင်းတစ်ဦးဖြစ်တဲ့ အကျဉ်းချခံထားရသူအတိုက်အခံခေါင်းဆောင်ဟောင်း အန်ဝါအီဘရာဟင်ပဲ ဖြစ်လာပါလိမ့်မယ်။

ဒေါက်တာမဟာသီယာရဲ့ လက်ထောက် တစ်ဦးလည်းဖြစ်ရုံသာမက ၁၉၉၀ ပြည့်နှစ်များအတွင်းမှာ လက်မလွှတ်နိုင်တဲ့ အမွေစားအမွေခံတစ်ဦးသဖွယ် ယုံကြည်အားထားခြင်းခံခဲ့ရတဲ့ အန္ဓဝါအီဘရာဟင်ဟာ ၁၉၉၈ ခုနှစ်မှာ နိုင်ငံရေးဆိုင်ရာ ကွဲပြားမှုတွေနဲ့ပတ်သက်ပြီး ထုတ်ပယ်ခံခဲ့ရကာ နောက်ပိုင်းမှာ အကျင့်ပျက်ခြစားမှုနဲ့၊ အခြားသော ပြစ်မှုတွေနဲ့ အကျဉ်းချခံခဲ့ရပါတယ်။ အန္ဓဝါကတော့ ဒီပြစ်မှုတွေကို သူကျူးလွန်ခဲ့ခြင်းမရှိဘူးလို့ ငြင်းဆန်ခဲ့ပါတယ်။ ဒေါက်တာ မဟာသီယာက ၎င်းအနေနဲ့ အန္ဓဝါအတွက် ပြစ်ဒဏ်ကနေ လွတ်မြောက်ချမ်းသာခွင့်ရအောင် ကြိုးစားသွားပြီး ရွေးကောက်ပွဲမှာ ထိပ်တန်းနေရာ ရရှိအောင် ယှဉ်ပြိုင်စေမယ်လို့ ဆိုပါတယ်။

အကျင့်ပျက်ခြစားမှု ပြစ်မှုတွေက မဲဆန္ဒရှင်တွေကို လွှမ်းမိုးထိန်းချုပ်နိုင်ပါ့မလား

1MDB ဟာ အချုပ်အခြာအာဏာပိုင်တဲ့ ဥစ္စာနေရန်ပုံငွေအဖြစ် ဝန်ကြီးချုပ် နာဂျစ်ရာဇတ်က စတင်တည်ထောင်ခဲ့တဲ့ ရန်ပုံငွေအဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ မဟာဗျူဟာကျတဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှတစ်ဆင့် အမျိုးသားစီးပွားရေးကို မြှင့်တင်သွားဖို့ ရည်ရွယ်ချက်နဲ့ တည်ထောင်ခဲ့တာပါ။ ၂၀၁၅ ခုနှစ်ကစပြီး ရန်ပုံငွေအဖွဲ့ဟာ ငွေပေးချေမှုတွေပြုလုပ်ဖို့ ပျက်ကွက်လာပြီး ငွေကြေးအလွဲသုံးစားပြုနေတယ်၊ ငွေမည်းတွေခဝါချနေတယ်ဆိုတဲ့ စွပ်စွဲချက်တွေ ဒလဟောဝင်ရောက်လာစေခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ သန်း ၇၀၀ (ယူရိုငွေ ၅၁၇သန်း) လောက်ဟာ မစ္စတာနာဂျစ်ရဲ့ ကိုယ်ပိုင်ဘဏ်အကောင့်ထဲကို ဝင်ရောက်ကုန်တယ်ဆိုတဲ့ စွပ်စွဲချက်တွေလည်း ပေါ်ထွက်လာပါတယ်။

နိုင်ငံတကာရဲ့သံသယမျက်လုံးတွေကို ယုံကြည်လာအောင်မစွမ်းနိုင်

1MDB နဲ့မစ္စတာနာဂျစ်ကတော့ မမှန်မကန်လုပ်ခဲ့တာ ဘာတစ်ခုမှမရှိဘူးလို့ ငြင်းဆန်ထားတုန်းပါပဲ။ ရှေ့နေချုပ်ရဲ့ စုံစမ်းစစ်ဆေးမှုက မစ္စတာနာဂျစ်ကို အမှားအယွင်းတစ်စုံတစ်ရာ လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း ပြသနိုင်ခဲ့ပေမယ့် ၎င်းကိုဝေဖန်သူတွေကို ယုံကြည်လက်ခံလာအောင်တော့ မစွမ်းနိုင်ခဲ့ဘူး။နိုင်ငံအချို့က 1 MBD နဲ့ ဆက်စပ်နေတဲ့ လုပ်ငန်းတွေကို စုံစမ်းစစ်ဆေးနေကြပြီး အဖွဲ့အစည်းအချို့နဲ့ သီးခြားပုဂ္ဂိုလ်တွေက ဆက်စပ်လုပ်ငန်းတွေကို ပိတ်ဆို့မှုတွေချမှတ်လိုက်ကြပါတယ်။

1MDB စီမံချက်အပေါ်မှာ အတိုက်အခံအုပ်စုတွေက ပစ်မှတ်ထားပြီး ထိုးနှက်တိုက်ခိုက်လာကြသော်လည်းပဲ ဒီအကြောင်းအရာဟာ မလေးရှားပြည်သူတွေကို စိတ်ကသိကအောက်ဖြစ်လောက်အောင်တော့ ကြာကြာမလုပ်နိုင်ခဲ့ပါဘူး။ မဲဆန္ဒရှင်တွေဟာ နိစ္စဓူဝ ပေါ်ပေါက်နေတဲ့ အကြောင်းအရာတွေကို ဦးစားပေးပြီး စိုးရိမ်နေကြရလို့ပါ။ နေထိုင်မှု၊ အိမ်ရာနေရာချထားမှု၊ စားနပ်ရိက္ခာ၊ သယ်ယူပို့ဆောင်ရေး အစရှိတဲ့ ကုန်ကျစရိတ်ပေါင်း သောင်းခြောက်ထောင်ဟာ မစ္စတာနာဂျစ်ရဲ့ အုပ်ချုပ်မှုကာလအတွင်းမှာ ပိုမိုကြီးမြင့်လာခဲ့သလို ငွေကြေးဖောင်းပွမှုဟာ ၂၀၁၇ မှာ ရှစ်နှစ်စာလောက် မြင့်တက်လာခဲ့ပါတယ်။

ဒီတော့ရွေးကောက်ပွဲဟာ လွတ်လပ်ပြီးတရားမျှတမှုရှိပါ့မလား

နိုင်ငံရေးတက်ကြွ လှုပ်ရှားသူတွေရဲ့အဖြေကတော့ ရှင်းပါတယ်။ မရှိနိုင်ဘူးတဲ့။ နိုင်ငံရေးအပြောင်းအလဲကို တောင်းဆိုခဲ့ကြတဲ့ အတိတ်ကာလက ပေါ်ပေါက်ခဲ့သော ဆန္ဒပြပွဲအမြောက်အမြားကို စီစဉ်ခဲ့တဲ့ ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးအုပ်စု Berish 2.0 က ရွေးကောက်ပွဲကော်မရှင်ကို ရွေးကောက်ပွဲဆိုင်ရာ မသမာမှုတွေလုပ်ခဲ့တယ်လို့ စွပ်စွဲထားပါတယ်။ သေဆုံးသွားသူတွေကို မဲဆန္ဒရှင်စာရင်းကနေ ထုတ်ပယ်ဖို့ ပျက်ကွက်ခဲ့တယ်ဆိုတဲ့ စွပ်စွဲမှုတွေ၊ စာတိုက်ကနေပေးပို့ပြီး ထည့်ဝင်ကြတဲ့ မဲတွေမှာ မသမာမှုတွေရှိနေတယ်ဆိုတဲ့အချက်တွေ၊ အကျင့်ပျက်ခြစားမှု စွပ်စွဲချက်တွေအပေါ်မှာ အရေးယူဆောင်ရွက်ဖို့ ပျက်ကွက်ခဲ့မှုတွေနဲ့ ဖျက်သိမ်းပြီးဖြစ်တဲ့ ပါလီမန်လွှတ်တော်အတွင်းမှာ မဖြစ်စလောက်အချိန်လေး ခွင့်ပြုပေးခဲ့တယ်ဆိုတဲ့ အချက်တွေနဲ့ ရွေးကောက်ပွဲတွေကို ကျင်းပခဲ့တယ်ဆိုတဲ့ကိစ္စတွေ အပါအဝင် ပြစ်မှု ၁၀ ခုလောက်ကို ကိုးကားဖော်ပြခဲ့ပါတယ်။

စိုးရိမ်စရာအကောင်းဆုံးကတော့ ရွေးကောက်ပွဲမှာ အနိုင်ရရှိအောင် အကွက်ဆင် ကလိန်ကျခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်ရှိနေခဲ့တာပါပဲ။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေနဲ့ အတိုက်အခံအဖွဲ့တွေက မကြာသေးမီကရေးဆွဲခဲ့တဲ့ ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်း ကန့်သတ်ချက်မူဘောင်တွေက မဲဆန္ဒရှင် ပြည်သူတွေဟာ မူဆလင်မလေးလူမျိုးတွေနဲ့ ပြည့်နှက်နေတယ်။ ဒါဟာ အစိုးရကို ကျောထောက်နောက်ခံပေးဖို့ တာစူနေတဲ့ လူဦးရေစာရင်းကောက်ယူမှုတစ်ခုပဲလို့ ပြောဆိုခဲ့ကြပါတယ်။

အစိုးရဘက်ကတော့ ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတမှုရှိစေရပါမယ်ဆိုပြီး အာမခံထားပါတယ်။ မစ္စတာနာဂျစ်က ပါလီမန်ကို ပြောကြားခဲ့တဲ့ စကားတစ်ခွန်းကတော့ ရွေးကောက်ပွဲကော်မရှင်ဟာ အားလုံးကောင်းဖို့အတွက် ပြည်သူလူထုနဲ့ မလေးရှားနိုင်ငံရဲ့ကောင်းကျိုးချမ်းသာအတွက်ပဲ အလုပ်လုပ်နေတာဖြစ်ပါတယ်တဲ့။ ဒီတော့ မလေးရှားဝန်ကြီးချုပ် မစ္စတာနာဂျစ်ရာဇတ်ရဲ့ ပြောစကားနဲ့အတူ မဟာမိတ်ဟောင်းယှဉ်ပြိုင်ဘက်တို့ရဲ့ ထိပ်တိုက်ရင်ဆိုင်ယှဉ်ပြိုင်မှုဟာ ဘယ်လို ဆက်ဖြစ်လာဦးမလဲဆိုတာ ဆက်လက်စောင့်ကြည့်ကြဖို့ပါပဲ။ ။

“နေထိုင် မှု၊ အိမ်ရာနေရာချထားမှု၊ စားနပ်ရိက္ခာ၊ သယ်ယူပို့ဆောင်ရေး အစရှိတဲ့ ကုန်ကျစရိတ်ပေါင်း သောင်းခြောက်ထောင်ဟာ မစ္စတာ နာဂျစ်ရဲ့ အုပ်ချုပ်မှုကာလအတွင်းမှာ ပိုမိုကြီးမြင့်လာခဲ့သလို ငွေကြေးဖောင်းပွမှုဟာ ၂၀၁၇ မှာ ရှစ်နှစ်စာလောက် မြင့်တက်လာခဲ့”

ကိုးကား- အေအက်ဖ်ပီ၊ဘီဘီစီ

NV Card ကိုင်ထားသူနှင့် လွတ်လပ်စွာသွားလာခွင့်

မောင်မုဒိတာ

"ပြည်သူများ သူပြောကိုယ်ပြော သံသယရှိနေသည်က NV Card ကိုင်ဆောင်ထားသူသည် နေထိုင်ရာဒေသမှ အခြားတိုင်းဒေသကြီး၊ ပြည်နယ်သို့ လွတ်လပ်စွာသွားလာခွင့်ကိစ္စဖြစ်သည်။ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံအတွင်း မည်သည့်ဒေသမဆို သွားလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များအတိုင်း ခရီးသွားလာခွင့် လျှောက်ထားရမည်။ ခွင့်ပြုမှသာ ယာယီခရီးသွားလာခွင့်လက်မှတ်ပုံစံ(၄)ဖြင့် ခရီးသွားရမည်ဖြစ်သည်။ ယခင်ကတည်းက ထုတ်ပြန်ထားပြီးဖြစ်သလို ယခုလည်းပဲ ယင်းအမိန့်၊ ညွှန်ကြားချက်များအတိုင်းသာဖြစ်ကြောင်း သိရသည်။ နိုင်ငံသားစိစစ်မှုမခံဘဲ၊ ဥပဒေအရ နိုင်ငံသားအဆုံးအဖြတ်မပေးဘဲနှင့် နိုင်ငံသားအခွင့်အရေးတော့ တန်းတူယူ၍ မရ"

မြန်မာနိုင်ငံအတွင်း နေထိုင်သူများအား မည်သည့်လူမျိုးဖြစ်စေ၊ မည်သည့်ဘာသာကို ကိုးကွယ်သည်ဖြစ်စေ၊ မြန်မာနိုင်ငံအတွင်း အစဉ်အဆက်နေထိုင်သူ မှန်ကန်ပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာရန်နှင့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) မှတ်ပုံတင်လက်မှတ်၊ သက်သေခံကတ်ပြားစသည့် ကတ်ပြား၊ လက်မှတ်တစ်မျိုးမျိုး ရယူကိုင်ဆောင်ရရှိရန် လိုအပ်ပါသည်။

NV Card ဆိုသည်မှာ

NV Card ဆိုသည်မှာ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံလက်မှတ် (Identity Card for National Verification)ဖြစ်ပါသည်။ NV Card မထုတ်ပေးခင်က ယာယီသက်သေခံလက်မှတ် (White Card) ထုတ်ပေးခဲ့ပါသည်။ ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(၁) ပါ ပြဋ္ဌာန်းချက်နှင့် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေများ၏ နည်းဥပဒေ ၁၃၊ နည်းဥပဒေခွဲ (၃) ပါ ပြဋ္ဌာန်းချက်တို့နှင့်အညီ ထုတ်ပေးထားသည့် ယာယီသက်သေခံလက်မှတ်များ အား ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးကြောင်းနှင့် သက်တမ်းကုန် လက်မှတ်များကို ၂၀၁၅ ခုနှစ် မေလ ၃၁ ရက် နောက်ဆုံးထားအပ်နှံကြရန် နိုင်ငံတော် သမ္မတရုံး၏ ၁၁-၂-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉/ ၂၀၁၅ ဖြင့် ထုတ်ပြန်ခဲ့သည်။

ယင်းနောက် ၂၀၁၅ ခုနှစ် ဇွန်လ ၁ ရက်နေ့မှစ၍ NV Card ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ NV Card အား ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးမဟုတ်သူများနှင့် နယ်စပ်ဒေသများတွင် နေထိုင်သူများအနက် မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ခြင်း မရှိသူများနှင့် နိုင်ငံသားစိစစ်ရန် လိုအပ်သူများအား ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် စိစစ်နိုင်ရန်နှင့် စိစစ်နေဆဲကာလအတွင်း မြန်မာနိုင်ငံအတွင်း နေထိုင်သူအဖြစ် အသိအမှတ်ပြုနိုင်ရန် ရည်ရွယ်ထုတ်ပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခင်ထုတ်ပေးခဲ့သော ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ခဲ့သူအများစုတို့သည် ရခိုင်ပြည်နယ်တွင် နေထိုင်လျက်ရှိသော အစ္စလာမ်ဘာသာဝင်များဖြစ်သဖြင့် ထိုသူများအား တစ်ဖက်နိုင်ငံသားများနှင့် ခွဲခြားနိုင်ရန်နှင့် မြန်မာနိုင်ငံအတွင်း နေထိုင်သူများဖြစ်ကြောင်း သက်သေခံနိုင်ရန်အတွက် နိုင်ငံသား စိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား NV Card ထုတ်ပေးရန် ဆောင်ရွက်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် ဥပဒေနှင့်အညီ စိစစ်သတ်မှတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

NV Card ကို ရခိုင်ပြည်နယ် တစ်ခုတည်း၌သာ ထုတ်ပေးသည်ဟု အားလုံးက ထင်နေကြသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး၌ ထုတ်ပေးခဲ့ခြင်းဖြစ်ရာ ၁-၆-၂၀၁၅ ရက်မှ ၂၄-၄-၂၀၁၈ ရက်နေ့အထိ တစ်နိုင်ငံလုံးတွင် ၆၁၉၆၁ ဦး ထုတ် ပေးပြီးဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်အနေဖြင့် ၁၅၄၂၄ ဦး ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်မှအပ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များ၌ NV Card ကိုင်ဆောင်သူများသည် နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်ကို ဆက်လက်ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေအရ နိုင်ငံသားဖြစ်မှုအရည်အချင်းနှင့် ကိုက်ညီသည့် သတ်မှတ် ကတ်ပြားတစ်မျိုးမျိုးရရှိပြီးနောက်တွင် နိုင်ငံသားအခွင့်အရေးကို အပြည့်အဝရရှိ ခံစားကြရကြောင်း သိရသည်။

လိုက်နာ ဆောင်ရွက်ရမည့် တာဝန်များ

NV Card ကိုင်ခွင့်ရှိထားသူများအတွက် လိုက်နာဆောင်ရွက်ရမည့် တာဝန်များလည်း ရှိသည်။ NV Card ကိုင်ဆောင်ထားသူအနေဖြင့်-

(၁) NV Card ကို သေချာစွာသိမ်းဆည်းထားရမည့်အပြင် ၁၉၅၁ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ ၂၉ တွင် ပြဋ္ဌာန်းသည့်အတိုင်း တာဝန်ရှိသူကတောင်းဆိုသည့်အခါ ထုတ်ပြရမည်။

(၂) NV Card ကို မလွှဲပြောင်းရ သို့တည်းမဟုတ် မလွှဲအပ်ရ။

(၃) NV Card ပျောက်ဆုံး သို့တည်းမဟုတ် ပျက်စီး သို့တည်းမဟုတ် မထင်မရှားဖြစ်လျှင် ဆိုင်ရာမြို့နယ်လဝကရုံးသို့ တိုင်ကြားရမည်။

(၄) NV Card ပေါ်တွင် မည်သည့်အမှတ်အသား၊ မည်သည့် လွှဲပြောင်းချက်မျှ မပြုလုပ်ရ။

(၅) မိမိထံ၌ NV Card တစ်ခုထက်ပို၍ မရှိစေရ။

(၆) NV Card တစ်ခုကောက်တွေ့ရလျှင် ချက်ချင်းစာရင်းထိန်းထံ သွားရောက်အပ်နှံရမည်။

(၇) NV Card ကိုင်ဆောင်သူသေဆုံးလျှင် အိမ်ထောင်ဦးစီး သို့တည်းမဟုတ် အိမ်သားတစ်ဦးဦးမှ သက်သေခံကတ်ပြားကို ခုနစ်ရက်အတွင်း အပ်နှံရမည်။

(၈) တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့မှ အခါအားလျော်စွာ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်အား လိုက်နာရမည်။

(၉) ခရီးသွားလျှင် သက်ဆိုင်ရာတာဝန်ရှိသူများက တောင်းခံပါက ထုတ်ပြနိုင်ရန်အလို့ငှာ မိမိနှင့်အတူ NV Card ကို ယူဆောင်သွားရမည်။

(၁၀) မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်လက်မှတ်ကို ရရှိပါက NV Card အား ပြန်လည်အပ်နှံရမည်။

(၁၁) မည်သူမဆို အထက်ပါအချက်တစ်ခုခုကို ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်ပါက အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (၂)အရ အရေးယူခြင်းခံရမည်။

NV Card ကိုင်ဆောင်သူအနေဖြင့် ယခုကဲ့သို့ လိုက်နာဆောင်ရွက်ရသလို NV Card ကိုင်ဆောင်ခြင်းအတွက် ရရှိခံစားရမည့် အခွင့်အရေးများလည်းရှိသည်။ ဒါတွေကတော့ -

(၁) NV Card ကိုင်ဆောင်သူသည် မြန်မာနိုင်ငံအတွင်း နေထိုင်သူအဖြစ် မှတ်ပုံတင်ထားရှိပြီးဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာအောက်တွင် နေထိုင်သူများဖြစ်ကြောင်း ၎င်းကတ်ပြားဖြင့် သက်သေခံနိုင်သည်။

(၂) NV Card ကိုင်ဆောင်သူသည် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသား စိစစ်မှုခံယူရန် လျှောက်ထားပိုင်ခွင့်ရှိသည်။ သို့သော် နိုင်ငံသားစိစစ်မှု ခံယူနေစဉ်အတွင်း NV Card ကိုင်ဆောင်ထားရှိရန် လိုအပ်သည်။

"NV Card သည် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိစေနိုင်သည့် ပထမခြေလှမ်း ဖြစ်ကြောင်းကိုလည်း သိရှိခဲ့ရသည်။ NV Card ရရှိသူသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာအောက်တွင် နေထိုင်သူဖြစ်ကြောင်း သက်သေခံသည်။ ပြီးလျှင် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ခံယူရန် လျှောက်ထားခွင့်ရှိသည်။ လျှောက်ထားမှုကို ဥပဒေနှင့်အညီ စိစစ်ပြီးပါက နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် အဆုံးအဖြတ်ပေးပြီး ဥပဒေအရသတ်မှတ်သည့် အခွင့်အရေးများရရှိမည်။ NV Card ကိုင်ဆောင်သူရရှိမည့် အခွင့်အရေးများ၌ အတိအကျဖော်ပြထားသည်"

(၃) လျှောက်ထားလာသူအား မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် အဆုံး အဖြတ်ပေးရမည်။ ဆုံးဖြတ်ပေးသည့် နိုင်ငံသား အဆင့်အတန်းနှင့်အညီ ဥပဒေအရသတ်မှတ်ထားသော အခွင့်အရေးများ ရရှိမည်။

(၄) NV Card ကိုင်ဆောင်သူမိဘများမှ မွေးဖွားလာသော သားသမီးများသည်လည်း မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်မှုခံယူရန် လျှောက်ထားပိုင်ခွင့်ရှိသည်။

(၅) NV Card ကိုင်ဆောင်သူသည် မြန်မာနိုင်ငံအတွင်းရှိ မည်သည့် အရပ်ဒေသကိုမဆို သွားလာလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ခရီးသွားလာခွင့်ရရှိမည်။

(၆) ရခိုင်ပြည်နယ်အတွင်းရှိ NV Card ကိုင်ဆောင်ထားသူများသည် တရားဝင်ဖွင့်လှစ်ထားသော နယ်စပ်ဝင်၊ ထွက်ဂိတ် မှတစ်ဆင့် BP လက်မှတ်ဖြင့် တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားဝင်နယ်စပ်ဖြတ်ကျော်၍ ဝင်ထွက်သွားလာနိုင်ခွင့်ရှိသည်။

(၇) ရခိုင်ပြည်နယ်အတွင်းရှိ NV Card ကိုင်ဆောင်ထားသူများသည် မိမိနေထိုင်ရာ မြို့နယ်အတွင်း လွတ်လပ်စွာ ခရီးသွားလာခွင့်ရှိသည်။ ရခိုင်ပြည်နယ်အတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ခရီးသွားလာခွင့်ရရှိမည်။

(၈) NV Card ကိုင်ဆောင်ထားသူသည် မြန်မာနိုင်ငံ၏ အသိအမှတ်ပြု မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်ထားသူများ နည်းတူ ဥပဒေနှင့်အညီ အပြည်ပြည်ဆိုင်ရာရေပိုင်နက်သို့ (ရေလုပ်ငန်းအပါအဝင်) ထွက်ခွာခွင့်ရှိသည်။ (အပြည်ပြည် ဆိုင်ရာရေပိုင်နက်တွင် ရေလုပ်ငန်းဆောင်ရွက်ရန်အတွက် NV Card အပါအဝင် နိုင်ငံတော်အသိအမှတ်ပြု မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုးနှင့် ရေလုပ်ငန်းလိုင်စင်ပါရှိရမည်)

ဒီအချက်တွေက အတိအကျရှိသည်။ တာဝန်နှင့် အခွင့်အရေးယှဉ်တွဲနေသည်။ လဝက က ထုတ်ပြန်ထားသလို ရခိုင်ပြည်နယ်တွင် ဗမာ၊ ရခိုင်၊ ဘင်္ဂါလီ စသည့်ဘာသာစကား သုံးမျိုးဖြင့် ထုတ်လွှင့်နေသည့် မေယု FM ရေဒီယိုကလည်း ထုတ်လွှင့်ပေးနေသည်။ ဒေသအလိုက် သက်ဆိုင်ရာ လဝကရုံးများကလည်း လက်ကမ်းစာစောင်များ ဝေငှကြသည်။ ကျေးရွာတွေ၊ IDP စခန်းတွေမှာလည်း တာဝန်ရှိသူတွေ ရောက်ရှိကြသည့် အချိန်တိုင်းရှင်းလင်းချပြကြကြောင်း ရုပ်မြင်သံကြား၊ သတင်းစာများမှာလည်း နေ့စဉ်နှင့်အမျှ သိရှိနေရသည်။

နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိစေနိုင်သည့် ပထမခြေလှမ်း

NV Card သည် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိစေနိုင်သည့် ပထမခြေလှမ်း ဖြစ်ကြောင်းကိုလည်း သိရှိခဲ့ရသည်။ NV Card ရရှိသူသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာအောက်တွင် နေထိုင်သူဖြစ်ကြောင်း သက်သေခံသည်။ ပြီးလျှင် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ခံယူရန် လျှောက်ထားခွင့်ရှိသည်။ လျှောက်ထားမှုကို ဥပဒေနှင့်အညီ စိစစ်ပြီးပါက နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် အဆုံးအဖြတ်ပေးပြီး ဥပဒေအရ သတ်မှတ်သည့် အခွင့်အရေးများ ရရှိမည်။ NV Card ကိုင်ဆောင်သူရရှိမည့် အခွင့်အရေးများ၌ အတိအကျဖော်ပြထားသည်။

ထို့ကြောင့် NV Card သည် နိုင်ငံသားအခွင့်အရေး ရရှိခံစားနိုင်ရေးအတွက် ပထမဆုံးသော ဆောင်ရွက်ရမည့် အချက်ဖြစ်သည်။ NV Card ကိုင်ဆောင်ထားသည့်အတွက် နိုင်ငံအတွင်း နေထိုင်သူအဖြစ်သာ အသိအမှတ်ပြုထားခြင်းဖြစ်သည်။ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားဆိုသည့်အတိုင်း စိစစ်ခံရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှိသေးသည်။

NV Card စတင်ထုတ်ပေးသည့် ၁-၆-၂၀၁၅ ရက်မှသည် ယခု ၂၄-၄-၂၀၁၈ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် NV Card စုစုပေါင်း ၆၁၉၆၁ ထုတ်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ခံရန် လျှောက်ထားသူများအနက် နိုင်ငံသား ကတ်ပြားရရှိသူ ၉၁ ဦး၊ နိုင်ငံသားပြုခွင့်ရသူ ၅၂၅ ဦး စုစုပေါင်း ၆၁၆ ဦး ရှိကြောင်း သိရှိရသည်။ ၎င်းတို့သည် ဥပဒေအရ နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိသွားကြပြီဖြစ်သည်။ ယခင်က NV Card ကိုင်ဆောင်သူက နိုင်ငံသားစိစစ်ခံရန် လျှောက်ထားရာတွင် အချိန်အကန့်အသတ်မရှိ ကြန့်ကြာမှုများရှိခဲ့သော်လည်း ယခုအစိုးရလက်ထက်တွင် NV Card ကိုင်ဆောင်သူမှ နိုင်ငံသားစိစစ်ခံရန် စတင်လျှောက်ထားချိန်မှ ငါးလအတွင်းစိစစ်၍ ဥပဒေအရ ၎င်းကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။ ရခိုင်ပြည်နယ်အတွင်း၌ NV Card ပြုလုပ်သူအား ဆန့်ကျင်ဘက် အကြမ်းဖက်သမားများက ခြိမ်းခြောက်မှု၊ သတ်ဖြတ်မှု၊ ဖိအားပေးမှုများကြောင့် လာရောက်လျှောက်ထားကိုင်ဆောင်သူ နည်းပါးနေသေးသည်။ ထို့ကြောင့် နိုင်ငံသားစိစစ်ရန်အတွက်လည်း လျှောက်ထားမှုနည်းနေသေးကြောင်း တွေ့ရသည်။

NV Card ကိုင်ဆောင်သူအတွက် ရရှိခံစားနိုင်မည့် အခွင့်အရေးများကို အတိအကျသတ်မှတ်ထားသည်။ တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်း တရားဝင်နယ်စပ်ဂိတ်မှတစ်ဆင့် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(BP) ဖြင့် ဝင်ထွက်သွားလာခွင့်ပေးထားသည်။ ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအတွက် NV Card ကိုင်ထားခြင်းကြောင့် နှစ်နိုင်ငံအကြား အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်တွင် လွတ်လပ်စွာ ငါးဖမ်းခွင့်ရှိပြီး နှစ်နိုင်ငံတာဝန်ရှိသူများမှ စစ်ဆေးပါက မြန်မာဘက်တွင် နေထိုင်သူအဖြစ် လုံလောက်သည့်အထောက်အထား သက်သေခံကတ်ပြား ဖြစ်သည်။ NV Card ကိုင်ဆောင်ထားသူများအနေဖြင့် ပညာရေး၊ လူမှုရေးကိစ္စ ရပ်များ၊ အရေးပေါ် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များရှိ၍ ခရီးသွားလာလိုပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း များကလည်း ဦးစားပေးခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများ သူပြောကိုယ်ပြော သံသယရှိနေသည်က NV Card ကိုင်ဆောင်ထားသူသည် နေထိုင်ရာဒေသမှ အခြားတိုင်းဒေသကြီး၊ ပြည်နယ်သို့ လွတ်လပ်စွာသွားလာခွင့်ကိစ္စဖြစ်သည်။ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံအတွင်း မည်သည့်ဒေသမဆို သွားလိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များအတိုင်း ခရီးသွားလာခွင့်လျှောက်ထားရမည်။ ခွင့်ပြုမှသာ ယာယီခရီးသွားလာခွင့်လက်မှတ်ပုံစံ(၄) ဖြင့် ခရီးသွားရမည်ဖြစ်သည်။

ယခင်ကတည်းက ထုတ်ပြန်ထားပြီးဖြစ်သလို ယခုလည်းပဲ ယင်းအမိန့်၊ ညွှန်ကြားချက်များအတိုင်းသာ ဖြစ်ကြောင်းသိရသည်။ နိုင်ငံသားစိစစ်မှုမခံဘဲ၊ ဥပဒေအရ နိုင်ငံသားအဆုံးအဖြတ်မပေးဘဲနှင့် နိုင်ငံသားအခွင့်အရေးတော့ တန်းတူယူ၍ မရနိုင်ချေ။ တစ်နည်း NV Card ကိုင်ပြီး နိုင်ငံအတွင်း လွတ်လပ်စွာတော့ သွားလာခွင့် မရနိုင်။ ခွင့်ပြုချက်တော့ယူရမည်။ အကျိုးအကြောင်း ဖော်ပြလျှောက်ထားရမည်။ လွတ်လပ်စွာ သွားလိုလျှင်တော့ သူကိုယ်တိုင်က နိုင်ငံသားစိစစ်မှု အမြန်ဆုံး ဆောင်ရွက်ရမည်မှာ သေချာလှသည်။

ဒီလိုမှမဟုတ်လျှင်တော့ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများထံ ခွင့်ပြုချက် တင်ပြသွားလာနေရမည်သာ။ မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်ပြီးသည်နှင့် ဗဟိုအဆင့် စိစစ်ဆုံးဖြတ်ပြီးပါက သတ်မှတ်သည့် နိုင်ငံသားအရည်အချင်းအရ၊ ဥပဒေအရ သတ်မှတ်ပေးထားသော အခွင့်အရေးများ အပြည့်အဝ ခံစားရရှိစေမည်ဖြစ်သည်။ သို့ဖြစ်၍ NV Card ကိုင်ဆောင်သူ၏ နိုင်ငံအတွင်း လွတ်လပ်စွာသွားလာခွင့်သည် သက်ဆိုင်ရာ ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ခွင့်ပြုချက်ရရှိမှသာဖြစ်ပါကြောင်း သိရှိသမျှအား အများပြည်သူသို့ ချပြအသိပေး မျှဝေရင်း မုဒိတာပွားလိုက်ရပါသည်။ ။

အင်ဂျင်နီယာပညာရေး၊ အင်ဂျင်နီယာအဖွဲ့အစည်းနဲ့ အင်ဂျင်နီယာတို့ရဲ့ အနာဂတ်

သိပ္ပံစာရေးဆရာကိုကိုအောင်

အင်ဂျင်နီယာပညာဆိုသည်မှာ သင်္ချာ၊သိပ္ပံ၊ စီးပွားရေးနှင့် လူမှုရေးပညာရပ်များကို လေ့လာသင်ကြား၊ လေ့ကျင့်မှု အတွေ့အကြုံတို့မှ ရရှိလာသော အသိပညာ၊ အတတ်ပညာများကို အခြေခံလျက် သဘာဝ သယံဇာတနှင့် လူသားအရင်းအမြစ်တို့အား သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင် အသုံးချကာ၊ လူ့အဖွဲ့အစည်းအတွက် အကျိုးပြုမည့် အဆောက်အအုံများ၊ စက်ကိရိယာနှင့် ယာဉ်ယန္တရား၊ ဝတ္ထုပစ္စည်းနှင့်စွမ်းအားများ၊ ထုတ်လုပ်မှုနည်းစဉ်များ စသည်တို့ကို ပုံစံထုတ်တွက်ချက်ပြီး တည်ဆောက် ထိန်းသိမ်းပေးနိုင်စွမ်းရှိသော ပညာရပ်၊ တစ်နည်းဆိုရသော် အသိဉာဏ်နှင့် ယှဉ်ကာ အသုံးချ ဆောင်ရွက်ရသော ပညာရပ်တစ်ခုဖြစ်သည်။

တိကျသောကိန်းဂဏန်းများ၊ ခိုင်လုံသော အချက်အလက်များကို အခြေခံကာ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် အညီ စနစ်တကျ လုပ်ကိုင် ဆောင်ရွက်ကြရသည့် အင်ဂျင်နီယာ ပညာရပ်များသည် လူသားတို့၏ ရှင်သန်နေထိုင်မှုဘဝနှင့် လိုက်လျောညီထွေ ဖြစ်စေရေးကို ထိပ်တန်းဦးစားပေးရသည့် ပညာရပ်များ တစ်နည်းအားဖြင့် လူသားဆန်သည့် ပညာရပ်များပင် ဖြစ်ကြသည်။ လူမှုဘဝများအတွင်း နိစ္စဓူဝ ကြုံတွေ့နေကြရသော အခက်အခဲများအားလုံးသည် အင်ဂျင်နီယာပညာကို စိန်ခေါ်နေသော အကြောင်းခြင်းရာများ ဖြစ်ကြပြီး လူ့လောက၏ အခြေခံအကျဆုံးဖြစ်သော စား၊ ဝတ်၊ နေ အရေးသုံးပါးမှ စ၍ စကြဝဠာအတွင်း နယ်မြေသစ် ရှာဖွေခြင်း ကဲ့သို့သော ကိစ္စရပ်ကြီးများထိတိုင် အင်ဂျင်နီယာ ပညာက ဘက်စုံထောင်စုံမှနေ၍ ပံ့ပိုး ဖြည့်ဆည်းပေးနေရသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာပညာသမိုင်း

မြန်မာနိုင်ငံ၌ အင်ဂျင်နီယာပညာ သင်ကြားခဲ့မှုသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် ၁၉၉၅ ခုနှစ်က အစိုးရအင်ဂျင်နီယာပညာသင်ကျောင်း (Government Engineering School) များကို စတင်ဖွင့်လှစ်ခဲ့ကြောင်း လေ့လာတွေ့ရှိကြရမည် ဖြစ်သည်။ ၁၉၉၅ ခုနှစ်သည် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို အုပ်စိုးမင်းမူနေသည့် ကာလဖြစ်သလို၊ အီတလီလူမျိုးသိပ္ပံပညာရှင် ဂူးဂလီမိုးမာကိုနီက ကမ္ဘာ့ပထမဦးဆုံးသော ရေဒီယိုအချက်ပြမှုကို ထုတ်လွှင့်ခဲ့သည့် ကာလလည်းဖြစ်၍ မည်မျှစောကြောင်း သိရှိနိုင်သည်။

၁၉၀၈ ခုနှစ်တွင် စက်မှုလက်မှုအထက်တန်းကျောင်း (Technical High School-T.H.S) များကို စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၁၂ ခုနှစ်အရောက်တွင်မူ Government Technical Institute (G.T.I) ခေါ် အစိုးရ စက်မှုလက်မှုသိပ္ပံများကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ၁၉၁၂ ခုနှစ်သည် ကမ္ဘာကျော် တိုက်တန်းနစ်သင်္ဘောကြီး နစ်မြုပ်မှုဖြစ်ပွားသည့် အချိန်ကာလဖြစ်ပြီး ထိုစဉ်ကတည်းက မြန်မာနိုင်ငံ၏ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် မီးသင်္ဘောခြောက်စီး ခုတ်မောင်းပြေးဆွဲနေပြီ ဖြစ်သည်။

၁၉၂၄ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ အင်ဂျင်နီယာပညာ မဟာဌာနကို ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်အဆင့် အင်ဂျင်နီယာပညာများကို စတင်သင်ကြားပေးခဲ့သည်။ ၁၉၂၇ ခုနှစ်အရောက်တွင်မူ အင်ဂျင်နီယာ မဟာပညာဌာနသည် ဗြိတိသျှပိုင် Burma Oil Company က မတည်ဖွင့်လှစ်ခဲ့သည့် ဘီအိုစီကောလိပ်သို့ ပြောင်းရွှေ့သွားခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် မြန်မာနိုင်ငံစက်မှုတက္ကသိုလ် (Burma Institute of Technology - B.I.T) ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် B.I.T သည် ရန်ကုန်စက်မှုတက္ကသိုလ် (Rangoon Institute of Technology - R.I.T)အဖြစ် ပြောင်းလဲသွားခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ် (R.I.T) ၏ အင်္ဂလိပ်ဘာသာ အခေါ်အဝေါ်ကို Yangon Institute of Technology - Y.I.T ဟု ပြောင်းလဲသတ်မှတ်ခဲ့သည်။ ၁၉၉၁ ခုနှစ်အရောက်တွင်မူ မန္တလေး စက်မှုတက္ကသိုလ် (Mandalay Institute of Technology - M.I.T) ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဖွဲ့စည်းဖြစ်ပေါ်လာကာ စက်မှုတက္ကသိုလ်များကို အဆိုပါဝန်ကြီးဌာန လက်အောက်သို့ သွတ်သွင်းခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ပြည်စက်မှုတက္ကသိုလ် (Pyay Institute of Technology - P.I.T) ကို ထပ်မံဖွင့်လှစ် ခဲ့ပြီးနောက် ထိုနှစ်အတွင်းမှာပင် စက်မှုတက္ကသိုလ်များအားလုံးကို နည်းပညာတက္ကသိုလ် (Technological University) ဟု အမည်ပြောင်းလဲ သတ်မှတ်ခေါ်ဝေါ်ခဲ့သည်။ ၁၉၉၉ ခုနှစ်နောက်ပိုင်းတွင်မူ မြန်မာနိုင်ငံ အနှံ့အပြား၌ နည်းပညာတက္ကသိုလ်များ ထပ်မံ ပေါ်ပေါက်လာခဲ့သည်။

အင်ဂျင်နီယာအဖွဲ့အစည်းများ၏ သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်မည် ဆိုပါကလည်း မြန်မာ့သမိုင်းတွင် အင်ဂျင်နီယာလောကသား အားလုံးတို့အတွက် အားကိုးအားထားပြုစရာ ပထမဦးဆုံးသော အဖွဲ့အစည်းအဖြစ် ၁၉၁၆ ခုနှစ်က မြန်မာနိုင်ငံအင်ဂျင်နီယာကွန်ဂရက် (The Burma Engineering Congress) စတင်ဖွဲ့စည်း ပေါ်ပေါက်ခဲ့သည်။ ၁၉၂၇ ခုနှစ်အရောက်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာများအသင်း (The Association of Engineers in Burma) ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ

ဒုတိယကမ္ဘာစစ်ကာလဖြစ်သော ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်များအတွင်း မြန်မာနိုင်ငံအင်ဂျင်နီယာများအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများ ရပ်တန့်သွားခဲ့ပြီး စစ်ကြီးပြီးဆုံးပြီးနောက် ၁၉၄၆ ခုနှစ်ရောက်မှ လှုပ်ရှားမှုများ ပြန်လည်စတင်နိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေး အစိုးရတက်လာပြီး ၁၉၆၃ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရ အက်ဥပဒေကို ပြဋ္ဌာန်းအတည်ပြုခဲ့သဖြင့် အဆိုပါဥပဒေအရ အခြားသော အသင်းအဖွဲ့များနှင့်အတူ မြန်မာနိုင်ငံအင်ဂျင်နီယာများအသင်းလည်း ဖျက်သိမ်းခံခဲ့ရသည်။

ထိုကဲ့သို့ ဖျက်သိမ်းခံခဲ့ရပြီးနောက် နှစ်ပေါင်းသုံးဆယ်ကျော်အကြာ ၁၉၉၅ ခုနှစ်အရောက်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (Myanmar Engineering Society - M.E.S) ကို ပြန်လည်ဖွဲ့စည်းနိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင်မူ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇ အဖြစ် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေ ပေါ်ထွက်လာခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကို စတင်ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(M.E.S)သည် အစိုးရမဟုတ်သော အသင်းအဖွဲ့တစ်ခု (NGO) ဖြစ်သည်။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကမူ အင်ဂျင်နီယာပညာရှင်များကို ကြပ်မတ်ရန် နိုင်ငံတော်၏ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည့် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော ကြီးကြပ်ထိန်းသိမ်းသည့် အာဏာပိုင်အဖွဲ့ (Regulatory Authority) ဖြစ်သောကြောင့် မြန်မာ့အင်ဂျင်နီယာ လောကသမိုင်းတွင် တစ်ကြိမ်တစ်ခါမျှ ပေါ်ပေါက်ခဲ့ဖူးခြင်းမရှိသေးသည့် အင်ဂျင်နီယာတို့၏ဦးသျှောင်အဖွဲ့အစည်းကြီးပင်ဖြစ်သည်။

ထို့ကြောင့်ပင်လျှင် အာဆီယံအပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက ၂၀၀၇ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၌ ဖွဲ့စည်းပေးခဲ့သော အသက်မွေး ဝမ်းကျောင်းဆိုင်ရာ စည်းမျဉ်းကြပ်မတ်ရေး အာဏာပိုင်အဖွဲ့ (Professional Regulatory Authority - PRA)၊ ၂၀၁၁ ခုနှစ်တွင်ဖွဲ့စည်းပေးခဲ့သော ကြီးကြပ်မှုကော်မတီ (Monitoring Committee - M.C) နှင့် ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းပေးခဲ့သော မြန်မာနိုင်ငံ အင်ဂျင်နီယာ စိစစ်ရေးဘုတ်အဖွဲ့ (Myanmar Board of Engineer-M.B.E)တို့၏ တာဝန်နှင့်ဝတ္တရားများကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ၏ ရည်ရွယ်ချက်များမှာ-

(က) အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ခ) အင်ဂျင်နီယာနည်းပညာများနှင့် သတင်းအချက်အလက် နည်းပညာများကို ပေါင်းစပ် အသုံးချလျက် နိုင်ငံတော်၏ သဘာဝသယံဇာတနှင့် လူသား အရင်းအမြစ်များအား သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြင့် အကျိုးရှိစွာ အသုံးချနိုင်မည့် နည်းလမ်းကောင်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရန်။

(ဂ) အင်ဂျင်နီယာပညာနှင့် နည်းပညာသင်ကြားမှု၊ သုတေသနပြုမှု၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် သတ်မှတ်ထားသော ပညာရပ်ဆိုင်ရာ စံချိန်စံညွှန်း ပြည့်မီရန်၊ နည်းစနစ်မှန်ကန်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းရန်၊ ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းစောင့်စည်းရန်နှင့် တာဝန်ကျေပွန်ရန် စသည့် လိုအပ်ချက်များပြည့်စုံရန်နှင့် စည်းကမ်းစနစ်ကျစေရန်အတွက် လမ်းညွှန်ကြီးကြပ် ထိန်းသိမ်းပေးမှုများကိုလည်းကောင်း၊ လိုအပ်သော အရေးယူမှုများကိုလည်းကောင်း ဆောင်ရွက်ရန်။

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ အဖွဲ့အစည်းများက အခါအားလျော်စွာ ပေးအပ်သော အင်ဂျင်နီယာပညာဆိုင်ရာနှင့် နည်းပညာဆိုင်ရာ တိုင်းကျိုးပြည်ပြု လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်တို့ပင် ဖြစ်သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသည် မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီဥပဒေ၊ နည်းဥပဒေများနှင့် အညီ အောက်ဖော်ပြပါ လုပ်ငန်းကော်မတီရှစ်ရပ်ကို ဖွဲ့စည်း၍ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

(က) မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီ (Assessment Committee)

(ခ) အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုရေး လုပ်ငန်း ကော်မတီ (Accreditation Committee)

(ဂ) ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး လုပ်ငန်းကော်မတီ (Ethics Committee)

(ဃ) စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ (Disciplinary Committee)

(င) စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများပြုစုရေး လုပ်ငန်းကော်မတီ (Standards and Specifications Committee)

(စ) အင်ဂျင်နီယာပညာ စဉ်ဆက်မပြတ်သင်ကြားရေး လုပ်ငန်းကော်မတီ (Continuing Professional Development Committee)

(ဆ) အင်ဂျင်နီယာပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ (Companies and Organizations Committee)

(ဇ) အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းကော်မတီ (National and International Relations Committee)

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ဆောင်ပုဒ်မှာ "အများပြည်သူ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးသည်သာ အဓိက" (To hold paramount the safety, health and welfare of the public) ဟူ၍ဖြစ်သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

ယခုအခါ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ပထမအကြိမ် သက်တမ်းကုန်ဆုံးပြီးနောက် ဒုတိယအကြိမ် သက်တမ်းအတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့ပြီ ဖြစ်သည်။ အဆိုပါ သက်တမ်းကာလများအတွင်း မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ မျှော်မှန်းချက်များဖြစ်သော မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးနှင့် အင်ဂျင်နီယာလုပ်ငန်းများ၏ အဆင့်အတန်းကို အာဆီယံအဆင့်မှ အာရှပစိဖိတ်အဆင့်သို့၊ ထိုမှတစ်ဆင့် အဌမပန်းတိုင်အဖြစ် နိုင်ငံတကာ အင်ဂျင်နီယာလုပ်ငန်းမဟာမိတ်အဖွဲ့ (International Engineering Alliance) ၏ အဖွဲ့ဝင်အဆင့်သို့ မြှင့်တင်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ အင်ဂျင်နီယာပညာရေးတွင် Federation of Engineering Institution of Asia & the Pacific (FEIAP) က တိုင်းကျိုးပြည်ပြုအဆင့် (Nation Building) သတ်မှတ်ပေးခဲ့ပြီး ဖြစ်သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအနေဖြင့် အင်ဂျင်နီယာပညာမြှင့်တင်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များအရ ယူကေအင်ဂျင်နီယာကောင်စီ (UK Engineering Council)၊ အာဆီယံ အင်ဂျင်နီယာနှင့် နည်းပညာအကယ်ဒမီ (ASEAN Academy of Engineering & Technology - AAET)၊ စင်ကာပူ အင်ဂျင်နီယာပညာရှင် ဘုတ်အဖွဲ့ (Professional Engineers Board, Singapore)၊ မလေးရှား အင်ဂျင်နီယာအသင်း (Institution of Engineer, Malaysia)၊ မလေးရှား အင်ဂျင်နီယာဘုတ်အဖွဲ့ (Board of Engineers, Malaysia)၊ ပါကစ္စတန် အင်ဂျင်နီယာကောင်စီ (Pakistan Engineering Council)၊ ဖိလစ်ပိုင် နည်းပညာဆိုင်ရာကောင်စီ (Philippine Technological Council)၊ ဩစတြေးလျ အင်ဂျင်နီယာများအဖွဲ့ (Engineers, Australia)၊ တရုတ်(တိုင်ပေ) အင်ဂျင်နီယာပညာရေးဆိုင်ရာ အဖွဲ့အစည်း (Institute of Engineering Education, Taiwan-IEET)၊ တရုတ် အင်ဂျင်နီယာအသင်း (China Institute of Engineers)၊ တရုတ် သိပ္ပံနှင့် နည်းပညာအသင်း (China Association for Science & Technology)၊ ကွမ်ရှီး သိပ္ပံနှင့်နည်းပညာအသင်း (Guangxi Association for Science & Technology-GAST)၊ နိုင်ငံတကာ အင်ဂျင်နီယာလုပ်ငန်း မဟာမိတ်အဖွဲ့ (International Engineering Alliance) စသော နိုင်ငံတကာမှ အဖွဲ့အစည်း အသင်းအပင်းများနှင့် ဆက်သွယ်ကာ ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို စတင်ဖွဲ့စည်းခဲ့ချိန်မှစ၍ ၂၀၁၈ ခုနှစ် မတ်လအထိ အာဆီယံပဋိညာဉ်ခံ အင်ဂျင်နီယာပညာရှင်လက်မှတ် (ACPE) ရရှိသူ ၃၉၂ ဦး၊ မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်လက်မှတ် (PE) ရရှိသူ ၈၀၉ ဦး၊ မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင်လက်မှတ် (RLPE/RFPE) ရရှိသူ ၁၄ ဦး၊ မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာလက်မှတ် (RSE) ရရှိသူ ၂၆၂၃ ဦး၊ မှတ်ပုံတင် အင်ဂျင်နီယာ လက်မှတ် (RE) ရရှိသူ ၅၂၆၆ ဦး၊ အလုပ်သင် အင်ဂျင်နီယာလက်မှတ် (AE) ရရှိသူ ၈၉၂၈ ဦး၊ အလုပ်သင် ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် (AG Tech) ရရှိသူ ၁၃၉ ဦး၊ အလုပ်သင် နည်းပညာကျွမ်းကျင်သူလက်မှတ် (A Tech) ရရှိသူ ၇၃ ဦး၊ စုစုပေါင်း ၁၈၂၄၄ ဦးတို့ကို မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအနေဖြင့် နိုင်ငံခြားသားအင်ဂျင်နီယာများကို စိစစ်ကြပ်မတ်ကာ RLPE နှင့် RFPE လက်မှတ်များ ထုတ်ပေးနေသည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၌ မြန်မာနိုင်ငံသား အင်ဂျင်နီယာများအတွက် အလုပ်အကိုင်အခွင့် အလမ်းများ ဆုံးရှုံးရမှုကို ကာကွယ်ပေးနိုင်မည်ဖြစ်သလို အင်ဂျင်နီယာဝန်ဆောင်မှု လုပ်ငန်းများအတွက် အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံ (ASEAN Mutural Recognition Arrangement on Engineering Services - MRA) နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။

အင်ဂျင်နီယာပညာရေးနှင့် ပတ်သက်၍ နိုင်ငံတကာမှ အင်ဂျင်နီယာပညာရှင် (Professional Engineer) များအတွက် Washington Accord၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ (Engineering Technologist) များအတွက် Sydney Accord နှင့် နည်းပညာရှင် (Engineering Technician) များအတွက် Dublin Accord များ ကမ္ဘာတစ်ဝန်း၌ ပေါ်ထွန်းလာခဲ့ပြီး ဖြစ်သည်။ တစ်ဖက်တွင်လည်း အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဘွဲ့နှင့်ဒီပလိုမာ သင်တန်းများ ပြီးဆုံးချိန်၌ တတ်မြောက်ရမည့် အရည်အချင်း (Graduate Attributes) ၁၂ ချက်ကို နိုင်ငံတကာ အင်ဂျင်နီယာလုပ်ငန်းမဟာမိတ်အဖွဲ့က ထုတ်ပြန်သတ်မှတ်ထားသည်။

ဤသည်တို့ကိုအကြောင်းပြု၍ ဘွဲ့လွန်ကာလတွင် လုပ်ငန်းခွင်အသီးသီး၌ ဝင်ရောက်လုပ်ကိုင်နေကြသော အင်ဂျင်နီယာပညာရှင်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာရှင်များအတွက် အရည်အချင်းသတ်မှတ်ချက် (Professional Competencies Agreements) များ ပေါ်ထွက်လာခဲ့သည်။ International Professional Engineers Agreement၊ International Engineering Technologists Agreement နှင့် Agreement for International Engineering Technicians တို့မှ အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ အရည်အချင်းသတ်မှတ်ချက် ၁၂ ချက်စီ အသီးသီး ပေါ်ထွက်လာခဲ့သည့်အားလျော်စွာ မြန်မာ့အင်ဂျင်နီယာ လောကအတွက် ဘွဲ့လွန်ကာလ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အရည်အချင်းသတ်မှတ်ချက်များကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက ဖြည့်ဆည်းဆောင်ရွက်ပေးသွားခြင်းအားဖြင့် အင်ဂျင်နီယာတို့၏ အနာဂတ်ကို လှပအောင် ပုံဖော်ပေးသွားနိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။ ။

ကျိုင်းတုံ၌ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ လူမှုစီးပွားစစ်တမ်းကောက်ယူရေး သင်တန်းဖွင့်

ကျိုင်းတုံ မေ ၉

မြန်မာနိုင်ငံတွင် ၂၀၁၅ခုနှစ်၌ ဘိန်းစိုက်ဧရိယာဟက်တာ ၅၅၅၀၀ နှင့် ဘိန်းထုတ်လုပ်မှု ၆၅၀ မက်ထရစ်တန်ရှိပြီး ၂၀၁၇ တွင် စိုက်ဧရိယာဟက်တာ ၄၂၀၀၀ နှင့် ထုတ်လုပ်မှု ၅၅၀ မက်ထရစ်တန်ရှိသောကြောင့် စိုက်ပျိုးမှု ၂၅ ရာခိုင်နှုန်းနှင့် ထုတ်လုပ်မှု ၁၄ ရာခိုင်နှုန်းကျဆင်းကြောင်း မေ ၇ ရက်က ကျိုင်းတုံမြို့ အမှတ် ၂၈ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုရုံး၌ ပြုလုပ်သည့် ဘိန်းစိုက်ပျိုးမှုဆိုင်ရာ လူမှုစီးပွားစစ်တမ်းကောက်ယူရေးသင်တန်းဖွင့်ပွဲ၌ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး UNODC(Myanmar) မှ ဌာနေကိုယ်စားလှယ် ဦးစန်းလွင်ထွေးက ပြောသည်။

ရွှေတြိဂံဒေသဖြစ်သော မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့တွင် ဘိန်းစိုက်ပျိုးလျက်ရှိပြီး ယင်းနိုင်ငံများတွင် UNODC က ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်း (Opium Survey) ဆောင်ရွက်လျက်ရှိသည်။ ယခု နောက်ပိုင်းတွင် ထိုင်းနိုင်ငံသည် ဘိန်းစိုက်ပျိုးမှု သိသိသာသာကျဆင်းလာသည့်အတွက် ၎င်းတို့ အစိုးရအစီအစဉ်ဖြင့်သာ Opium Survey ဆောင်ရွက်သည်။ ကမ္ဘာပေါ်တွင် အာဖဂန်နစ္စတန်နိုင်ငံသည် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံ ဖြစ်ကြောင်း သိရသည်။

ထောက်ပံ့ပေး

Opium Survey ဆိုသည်မှာ ဘိန်းစိုက်ပျိုးရာဒေသများကို UNODC က သက်ဆိုင်ရာနိုင်ငံ၏ အစိုးရနှင့် ညှိနှိုင်းပေါင်းစပ်၍ အချက်အလက်များကိုစနစ်တကျ ကောက်ယူခြင်းဖြစ်သည်။ Opium Survey တွင် ဘိန်းစိုက်ကေများမှာ ထိုစိုက်ကေများမှ ဘိန်းထုတ်လုပ်ထွက်ရှိမှုများ၊ ထိုဒေသများ၏ လူမှု၊ စီးပွားစစ်တမ်းများဟူ၍ အပိုင်းသုံးပိုင်းပါဝင်ပြီး ထိုလုပ်ငန်းများ ဆောင်ရွက်ရန် စရိတ်ငွေကြေးကို ဂျပန်နိုင်ငံက အဓိက ထောက်ပံ့ပေးသည်။

မြန်မာနိုင်ငံ၌ ၂၀၀၁-၂၀၀၂ ခုနှစ်မှစတင်၍ Opium Survey များ နှစ်စဉ်ကောက်ယူခဲ့ပြီး ၂၀၁၆တွင်လူမှုစီးပွားစစ်တမ်းတစ်ခုသာ ကောက်ယူနိုင်ခဲ့သည်။

၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ Opium Survey တွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ် နှစ်နေရာ၊ ချင်းပြည်နယ်မြောက်ပိုင်း တစ်နေရာတို့၌ ဧရိယာစုစုပေါင်း စတုရန်းကီလိုမီတာ ၁၄၈၀၀ အကျယ်အဝန်း ပါဝင်သည်။

ဆောင်ရွက်ပြီးဖြစ်

"ပထမအနေနဲ့ ဒီဧရိယာတွေကို ဂြိုဟ်တုကနေ Satellite ဓာတ်ပုံရိုက်ပေးဖို့ မှာကြားရတယ်၊ Satellite ဓာတ်ပုံဖိုးတင် အမေရိကန်ဒေါ်လာရှစ်သောင်းကျော် ကုန်ကျတယ်၊ Satellite ဓာတ်ပုံနဲ့ မြေပြင်ကိုကွင်းဆင်းတိုက်ဆိုင်စစ်ဆေးကာဘိန်းစိုက်ကေ တွက်ယူတယ်၊ ဒုတိယအနေနဲ့ ဘိန်းခင်းက ဘိန်းသီးအရွယ်အစား၊ အစေးထွက်နှုန်းတို့ ကွင်းဆင်းတိုင်းတာပြီး ရရှိတဲ့အချက်အလက်တွေကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ကို ပို့ရတယ်၊ အဲ့ဒီမှာ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်တွေရဲ့ တွက်ချက်ပေးမှုနဲ့ ဘိန်းထွက်ရှိမှုကို ခန့်မှန်းရရှိတယ်၊ ပထမနဲ့ ဒုတိယအပိုင်းကို ဆောင်ရွက်ပြီးဖြစ်ပါတယ်၊ တတိယအပိုင်းက လူမှုစီးပွားစစ်တမ်း ဖြစ်ပါတယ်၊ ဒါကို ဆောင်ရွက်ဖို့ ကျန်သေးတယ်၊ အဲ့ဒီဒေသတွေက အိမ်ထောင်စု၊ စိုက်ပျိုးသီးနှံ၊ မြေအမျိုးအစားစတဲ့အချက်တွေ ကောက်ယူရမှာ ဖြစ်ပါတယ်၊ ကွင်းဆင်းတဲ့အခါ စနစ်တကျဖြစ်ဖို့ အခုလို သင်တန်းပို့ချပေးပါတယ်၊ ရရှိတဲ့ အချက်အလက်အားလုံးကိုလည်း ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှာ ထုတ်ပြန်ပေးပါမယ်" ဟု ဦးစန်းလွင်ထွေးက ပြောသည်။

"ဒီတတိယအပိုင်း ဆောင်ရွက်မှုစစ်တမ်းရရှိရင် အဲ့ဒီဒေသမှာ ဘာတွေစိုက်ပျိုးထုတ်လုပ်သင့်တယ်၊ ဘာတွေလိုအပ်တယ် လုပ်ပေးသင့်တယ်ဆိုတာကို ဆောင်ရွက်ပေးနိုင်မယ်၊ ဆောင်ရွက်ပေးခဲ့လို့ ဘိန်းစိုက်တောင်သူ လျော့ပါးသွားတာကိုလည်း တွေ့ရတယ်" ဟု မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး နေပြည်တော်မှ စီမံကိန်းဌာနခွဲမှူး ဒုတိယရဲမှူးကြီး စိုးလင်းအေးက ပြောသည်။

သင်တန်းပို့ချ

လူမှုစီးပွားစစ်တမ်းကောက်ယူရန် ရှမ်းပြည်နယ်အတွင်းမှ မြို့နယ် ၅၀ ပါဝင်ပြီး ကျိုင်းတုံမြို့၌ ဖွင့်လှစ်သည့် ယခုသင်တန်းကို UNODC (Myanmar) က သင်တန်းပို့ချပြီး ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်းရှိ မြို့နယ်များမှ ရဲအုပ် နှင့် ဒုတိယရဲအုပ် ၁၀ ဦး၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်း ၁၀ ဦးတို့ တက်ရောက်ကြသည်။ **မောင်မောင်နိုင် (ကျိုင်းတုံ)**

ဒလမြို့နယ်တွင် ယခုနှစ်နွေရာသီ၌ ရေလိုအပ်ချက်ပမာဏ များစွာလျော့နည်း

ဒလ မေ ၉

နှစ်စဉ်နွေရာသီရောက်တိုင်း ကြုံတွေ့နေရသည့် ဒလမြို့နယ်၏သောက်သုံးရေ လိုအပ်ချက်ပမာဏမှာ စုပေါင်းအင်အားဖြင့် ဆောင်ရွက်ခဲ့မှုများကြောင့် များစွာလျော့နည်းသွားကြောင်း သိရသည်။

နှစ်စဉ်နွေရာသီရောက်တိုင်း ဒလမြို့နယ်၏ လိုအပ်ချက်ပမာဏ ကြီးမားသောသောက်သုံးရေရှားပါးမှုကို အဆင်ပြေစေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများမှ ဒလမြို့နယ်ရှိ သောက်သုံးရေကန်များအား ချဲ့ထွင်တူးဖော်ပေးခြင်း၊ ကန်သစ်များတူးပေးခြင်း၊ ရေစည်ကြီးများတွင် ရေများသိုလှောင်ထားရှိပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ဒလမြို့နယ်တွင် သောက်သုံးရေကန်ပေါင်း ၃၂၉ ကန်ရှိပြီး မြို့ပေါ်ရပ်ကွက်များတွင် ၁၂၄ ကန်၊ ကျေးရွာများတွင် ၂၀၇ ကန် ရှိကြောင်း၊ လက်ရှိသောက်သုံးရေကန်များတွင် ရေကျန်ရှိမှုပမာဏမှာ စိုးရိမ်ဖွယ်အခြေအနေမရှိကြောင်းလည်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒလမြို့နယ် ရေပေးဝေရေးစခန်းမှလည်း ရန်ကုန်ပေါက်ရေပေးဝေရေးစခန်းမှ ရေများအား ၂၄ လက်မ ပိုက်လိုင်းကြီးများဖြင့် သွယ်တန်းရယူကာ တာကြီးရပ်ကွက်အရောက်တွင် ၁၆ လက်မ ပိုက်လိုင်းနှစ်လိုင်းဖြင့် မြို့နယ်ရေပေးဝေရေးရုံးရှိ ရေဂါလန် ၂၀၀၀၀ ဆံ့ အမြင့်တင်ရေလှောင်ကန်နှင့် ရေဂါလန်တစ်သိန်းစီဆံ့သော မြေအောက်ရေစုကန် နှစ်လုံးမှတစ်ဆင့် မြို့တွင်းရေမီတာရယူထားသော ပြည်သူများထံ တစ်ရက်ခြားစီ နံနက် ၆နာရီမှ ည ၁၂နာရီအထိ ဖြန့်ဝေပေးလျက်ရှိသည်။

ထို့ပြင် သောက်သုံးရေကန်များနှင့် အလှမ်းဝေးသော ရပ်ကွက်နှင့် ကျေးရွာများရှိ ပြည်သူများ သုံးရေအဆင်ပြေစေရန် ရေစုတွင်း ၁၃ တွင်းနှင့် ရေလှောင်ကန် ၄၅လုံး ပြုလုပ်ပေးထားကြောင်း သိရသည်။ ဒလမြို့နယ်တွင် ရေမီတာရယူသုံးစွဲသူ အိမ်ထောင်စုပေါင်း ၄၅၂၁ စုရှိကြောင်းနှင့် ရန်ကုန်ပေါက်ရေထွက်ပင်ရင်းမှ ရေပိုမိုထုတ်ယူနိုင်လျှင်ဖြစ်စေ၊ အခြားသောရေထွက်ပင်ရင်းများမှ ရေများရရှိ ခဲ့သည်ဖြစ်စေ ပြည်သူများအားရေမီတာ တပ်ဆင်သုံးစွဲခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ်နွေရာသီတွင် ဒလမြို့နယ် ရေပေးဝေရေးစခန်းမှ သုံးရေဂါလန်ပေါင်း ၁ ဒသမ ၉ သန်း

အား ရေသယ်ယာဉ်ကြီးများဖြင့် ၁၃၀၈ ခေါက်သယ်ယူ၍ ရေရှားပါးသည့်ရပ်ကွက်နှင့်ကျေးရွာများသို့ ဖြန့်ဝေပေးခဲ့ရပြီး ယခုနှစ်တွင် ဧပြီ ၅ ရက်မှစတင်၍ ရေဖြန့်ဖြူးပေးခဲ့ရပြီး မေ ၅ ရက်အထိ ရေသယ်ယာဉ်စီးရေ ၂၃၁ဖြင့် ရေဂါလန်ပေါင်း ၄၀၉၆၀၀ ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ထို့ပြင်မြို့နယ်ရေပေးဝေရေးရုံးဝင်းအတွင်း ဂျပန်နိုင်ငံ JFE Co.,Ltd. မှ ဆောက်လုပ်ပေးထားသော တစ်ရက်ဂါလန် ၅၀၀၀ ထွက်ရှိသည့် သောက်ရေသန့်များကိုလည်း မြို့နယ်သောက်သုံးရေဖူလုံစွာရရှိရေး ကော်မတီမှ လိုအပ်သည့်ဒေသများသို့ လိုက်လံဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် အေဂျီသောက်သုံးရေသန့် ထုတ်လုပ်ပြီးကုမ္ပဏီမှလည်း ဆာပါချောင်ရပ်ကွက်တွင် ရေသန့်စက်ရုံ ဆောက်လုပ်ပြီး လှူဒါန်းလျက်ရှိကြောင်း သိရသည်။ ထိုကဲ့သို့တာဝန်ရှိသူများ၏ စုပေါင်းအင်အားဖြင့် ဆောင်ရွက်ပေးခဲ့မှုများကြောင့် ယခုနှစ်ဒလမြို့နယ်၏ သောက်သုံးရေလိုအပ်ချက်ပမာဏမှာ များစွာလျော့နည်းသွားကြောင်း သိရသည်။

မောင်ယဉ်ဦး(ဒလ)

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် မေ ၉

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ပူပြင်းခြောက်သွေ့သော ရာသီဥတုသို့ ရောက်ရှိလာသဖြင့် မီးဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကျန်းမာရေးအတွက် ရေနုတ်မြောင်းအတွင်းရှိ အမှိုက်များ ဆယ်ယူရှင်းလင်းခြင်း၊ ရပ်ကွက်အတွင်း အမှိုက်များ လိုက်လံကောက်ယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ၅၈ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်သူနှင့်အဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်း၍ မေ ၇ ရက်က ရပ်ကွက်အတွင်းရှိ အပိုင်း(၁၊ ၂၊ ၃) လမ်းအလိုက် အမှိုက်များကို ကောက်ယူသိမ်းဆည်းပြီး အမှိုက်သိမ်းယာဉ်သို့ထည့်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရပ်ကွက်အတွင်း ရေနုတ်မြောင်းရှိ အမှိုက်များ ဆယ်ယူခြင်းကို မေ ၇၊ ၈၊ ၉ ရက် သုံးရက်ဆက်တိုက် လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **၀၂၈**

ကန်ပက်လက်၌ မီးငြိမ်းသတ်ခြင်းသရုပ်ပြ

ကန်ပက်လက် မေ ၉

(၇၂)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ကန်ပက်လက်မြို့မြို့နယ်မီးသတ် ဦးစီးဌာန၌ မေလပထမပတ်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဘီလ်ရာမိုးက မီးဘေးဆိုင်ရာသိကောင်းစရာများ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မီးသတ်ပစ္စည်းများ ခင်းကျင်းပြသမှုနှင့် မီးလောင်ရာတွင် မီးငြိမ်းသတ်မှုသရုပ်ပြခြင်းကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

တမူးမြို့၌ ပဏာမ သွားနှင့် ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

တမူး မေ ၉

ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆရာဝန်များအသင်းတို့ပူးပေါင်း၍ ပဏာမသွားနှင့် ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆေးကုသခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့မြို့ရပ်ကွက် မြို့မဘုန်းတော်ကြီးကျောင်း သာသနာ့ဗိမာန်တော်ကြီး၌ မေ ၈ ရက်က ပြုလုပ်ခဲ့သည်။ အဆိုပါကွင်းဆင်းဆေးကုသမှုတွင် တမူးမြို့ နိဗ္ဗာန်လမ်းလူမှုကူညီရေးအသင်းမှ ပူးပေါင်းပါဝင်ကူညီခဲ့ပြီး မေ ၉ ရက်က တမူးခရိုင် မြို့သစ်မြို့မင်းသာစံပြကျေးရွာ အထက်တန်းကျောင်း၌လည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ဝင်းထွန်း(ပြန်/ဆက်)**

ကွမ်းယာနှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် မီဒီယာနှင့်တွေ့ဆုံပွဲကျင်းပ

ရန်ကုန် မေ ၉

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းများသုံးစွဲခြင်းကြောင့် ပြည်သူ့ကျန်းမာရေးအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် ကြုံတွေ့နေရလျက်ရှိရာ ကာကွယ်ရေးနှင့် အသိပညာပေးအဖြစ် ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် မီဒီယာနှင့် တွေ့ဆုံပွဲကိုမေ ၇ ရက်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ချင်းတွင်းလမ်းရှိ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း(ရုံးချုပ်) ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီးမီဒီယာမှတစ်ဆင့် လှုပ်ရှားဆောင်ရွက်ခဲ့သော မှတ်တမ်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

"ယနေ့မြန်မာနိုင်ငံမှာ လူငယ်လူရွယ်တွေ၊ အမျိုးသမီးနဲ့ အမျိုးသားတွေအပါအဝင် ပြည်သူတွေကြားမှာ ဆေးလိပ်သောက်ခြင်းနဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းမျိုးစုံပါဝင်တဲ့ ကွမ်းယာကို နေ့စဉ်အဆက်မပြတ် သုံးစွဲမှုတိုးတက်များပြားလာတာကို တွေ့ရမှာပါ၊အသက် ၂၅ နှစ်ကနေ ၆၀ အတွင်း ကွမ်းယာနဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းတွေ သုံးစွဲနေတာက အမျိုးသား အမျိုးသမီး ၄၃ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး အမျိုးသား ၆၂ ဒသမ ၂ ရာခိုင်နှုန်း၊ အမျိုးသမီး ၂၄ ဒသမ ၁ ရာခိုင်နှုန်းရှိပါတယ်၊ ဒါကြောင့် ကွမ်းယာစားသုံးမှုလျော့နည်းကျဆင်းရေး တစ်ခုတည်းကို ဦးတည်ပြီးတော့ လူထုအသိပညာပေးကဏ္ဍကိုမီဒီယာ၊ ရုပ်သံနဲ့ ရေဒီယိုတွေမှာ ထုတ်လွှင့်ဆောင်ရွက်နေပါတယ်"ဟု ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က ပြောသည်။

နောင်တမရအောင် ကွမ်းယာကိုရှောင်ဟူသောအသိ၊သတိဖြင့် ကျန်းမာရေးအတွက် ဆိုးရွားစွာထိခိုက်စေသည့် ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးမှာ မြန်မာနိုင်ငံအတွက် အထူးပင်လိုအပ်နေဆဲဖြစ်၍ ကွမ်းယာစားသုံးခြင်းကြောင့် ခံတွင်းကင်ဆာ၊ အဆုတ်ပွရောဂါ၊ ပြင်းထန်သောသွေးတိုးရောဂါ၊ ခြေပုပ်၊ လက်ပုပ်ရောဂါများ အများဆုံးဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး

အပူဒဏ်အန္တရာယ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

အပူဒဏ်အန္တရာယ် သတိပြုဖွယ်

ကာယလုပ်သားများ၊ လယ်သမားများ၊ အငှားယာဉ်မောင်းသူများ၊ အားကစားသမားများနှင့် နေရောင်အောက်တွင် သွားလာလှုပ်ရှားနေရသူများ

၁။ ပူပြင်းသောနေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့် နေရာများတွင် မကြာခဏအနားယူပါ။

၃။ အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

နှစ်နှစ်တာကာလအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ၉၉ ရာခိုင်နှုန်းခန့် အောင်မြင်မှုရရှိ

နေပြည်တော် မေ ၉

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၄၀၀၀ ကျော်ရှိသည့်အနက် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းဝင် ကျေးရွာ ၁၁၀ သည် အခြားကျေးရွာများအတွက် စံပြဖြစ်နေရမည် ဖြစ်ပါကြောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်သုံးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ဆေးမားလ်အူ စိတ်ဓာတ်များဖြစ်သည့်မိမိကိုယ်ကိုယ်အားကိုးခြင်း၊ လုံ့လဝီရိယဖြင့် တာဝန်ဝတ္တရား ကျေပွန်အောင်ဆောင်ရွက်ခြင်း၊ စိတ်ပါဝင်စားစွာဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့်စိတ်ဓာတ်သုံးမျိုးကို လက်တွေ့အသုံးချနိုင်သည့်အတွက် အောင်မြင်မှုများစွာ ရရှိနေပြီ ဖြစ်ပါကြောင်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲဖော်ဆောင်မှုများနှင့်ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ပြောကြားသည်။

"လူနေမှုဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည် မြင့်မားရေးနဲ့ ဝင်ငွေတိုးပွားရေး လုပ်ငန်းစဉ်တွေအနက် ဝင်ငွေတိုးပွားရေးလုပ်ငန်းဟာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးပါတယ်၊ စီမံကိန်းဝင်ကျေးရွာတွေက ခေါင်းဆောင်တွေအတွက် စီမံခန့်ခွဲမှုသင်တန်း၊ တွေးခေါ်မှုပိုင်းဆိုင်ရာနဲ့ အခြေခံစိုက်ပျိုးမွေးမြူရေးဆိုင်ရာ သင်တန်းတွေကိုလည်း ဖွင့်လှစ်ပေးလျက်ရှိရာ မေ ၂ ရက်ကစပြီး စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦး၊ မြောင်၊ မြင်းမူနဲ့ မင်းကင်းမြို့နယ်တွေမှာရှိတဲ့ ကျေးရွာပေါင်း ၁၀ မှ ကျေးရွာ ခေါင်းဆောင်တွေ၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီး၊ အမရပူရ၊ နွားထိုးကြီးနဲ့ မတ္တရာမြို့နယ်များရှိ ကျေးရွာ ၁၀ မှ ကျေးရွာခေါင်းဆောင်တွေ၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျေးရွာ ငါးရွာမှ ကျေးရွာခေါင်းဆောင်တွေ၊ ရှမ်းပြည်နယ် တောင်ကြီးနဲ့ ကလောမြို့နယ်တွေက ကျေးရွာပေါင်း ၁၀ မှ ကျေးရွာခေါင်းဆောင်တွေ စုစုပေါင်း ကျေးရွာခေါင်းဆောင် ၇၀ ကို ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ဖို့အတွက် သင်ကြားပို့ချပေးလျက်ရှိပါတယ်" ဟု ဦးအေးကိုကိုက ဆက်လက်ပြောကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး သင်တန်းသားများ အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။

မြန်မာဆေးမားလ်အူအွန်ဒုံစီမံကိန်း (ကျေးရွာသစ်လှုပ်ရှားမှု) ကို ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်တာကာလတွင် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းကျေးရွာများ၏ ကျေးရွာသူ ကျေးရွာသားများအတွက် စွမ်းဆောင်ရည်မြင့်မားရေး၊ လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး ဖော်ဆောင်လျက်ရှိသည်။

အဆိုပါ စီမံကိန်းဝင်ကျေးရွာတွင် ပြည်သူများ၏ စုပေါင်းဆောင်ရွက်မှုများကြောင့် ကျေးရွာများသည် မြို့ပြနှင့် မခြားဖွံ့ဖြိုးလာလျက်ရှိသည်ကိုလည်း တွေ့မြင်နေရသည်။ ထိုစီမံကိန်းဝင်ကျေးရွာများတွင် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီကွိုက်ကာ၏ ထောက်ပံ့မှုဖြင့်ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂၂ သန်းဖြင့် ကျေးလက်လမ်းများပြုပြင်ခြင်း၊ လျှပ်စစ်မီးများသွယ်တန်းခြင်း၊ ကျေးရွာအဆောက်အအုံများ တိုးချဲ့ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် အသေးစားချေးငွေများ ထုတ်ချေးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ အမျိုးသမီးများအတွက်လည်း လက်မှုပညာများ သင်ကြားပေးပြီး အိမ်အတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရှာနိုင်မည် ဖြစ်သည်။

ကျေးရွာသစ်စီမံကိန်းများ ဆက်လက်ရှင်သန်နိုင်ရန်အတွက် ကျေးရွာသူ ကျေးရွာသားများ၏ ဝင်ငွေတိုးမြင့်လာစေရေးအတွက် လုပ်ငန်းနယ်ပယ်သစ်များ ရှာဖွေရန်လည်း လိုအပ်သည်။ ကျေးရွာလူထု၏ ဝင်ငွေတိုးမြှင့်ရန်အတွက် ဗဟုသုတ၊ နည်းပညာနှင့် သတင်းအချက်အလက်များကို သင်ယူလေ့လာရန် ကျေးရွာကိုယ်စားပြုသင်တန်းများကို နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည်။

တိုးတက်ပြောင်းလဲလာ

မြန်မာဆေးမားလ်အူအွန်ဒုံစီမံကိန်း (ကျေးရွာသစ်လှုပ်ရှားမှု) ကို ကျေးရွာလူထု၏ ဆန္ဒနှင့် အင်အားကို ပေါင်းစည်းပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ နှစ်နှစ်တာကာလအတွင်းမှာ ၉၉ ရာခိုင်နှုန်းခန့် အောင်မြင်မှုရရှိခဲ့ပြီဖြစ်သည်။ စီမံကိန်းဝင် ကျေးရွာများရှိ ကျေးရွာလူထု၏ စုပေါင်းဆောင်ရွက်မှုများကြောင့် ကျေးရွာအတွင်း များစွာ တိုးတက်ပြောင်းလဲလာသည်ကို တွေ့မြင်ရသည်။

ဇူလိုင်မိုး (မြန်မာ့အလင်း)

အင်းတော်မြို့နယ်၌ နေကြာစိုက်ခင်း အောင်မြင်ဖြစ်ထွန်း

အင်းတော် မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်းရှိ နေကြာစိုက်တောင်သူများ မိမိတို့စိုက်ပျိုးထားသော နေကြာများ အောင်မြင်နေကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ် ဆောင်းရာသီနေကြာစိုက်ပျိုးမှု ၁၁၂၉၇ ဧက စိုက်ပျိုးခဲ့ကြရာ ဆင်းရွှေကြာ ၂၊ ဆင်းရွှေကြာ ၃၊ အစေ့ကြားနှင့် ရေဆင်း ၁ စပ်မျိုးများ ပါဝင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဆီထွက်နှုန်းကောင်း

ရေဆင်း ၁ စပ်မျိုးသည် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်ဖြစ်ကြောင်း သိရသည်။ "ဒီမျိုးက တော်တော်ကောင်းတယ်၊ ကျွန်တော် ဒီနှစ်စိုက်ပျိုးရေးက ပေးတဲ့ ရေဆင်း ၁ စပ်မျိုးစမ်းစိုက်ကြည့်တာ နေကြာထွက်နှုန်းကောင်းတဲ့အပြင် ဆီထွက်နှုန်းပါ ကောင်းပါတယ်၊ လာမယ့်နှစ်ကိုလည်း ရေဆင်း ၁ မျိုးကိုပဲ တိုးချဲ့စိုက်ဖို့ ဆုံးဖြတ်ထားတယ်" ဟု နေကြာစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခင်က အင်းတော်မြို့နယ် နေကြာတောင်သူများသည် ဆင်းရွှေကြာ ၂၊ ဆင်းရွှေကြာ ၃ နှင့် အစေ့ကြားမျိုးများသာ စိုက်ပျိုးလာခဲ့ကြရာ ယခုအခါ အထက်ပါမျိုးများအစား တစ်ဧကထွက်နှုန်းနှင့် ဆီထွက်နှုန်း ပိုမိုသာလွန်သော ရေဆင်း ၁ စပ်မျိုးနေကြာကို ပိုမိုစိုက်ပျိုးသွားရန် နေကြာတောင်သူများ စိတ်ဝင်စားနေကြကြောင်း သိရသည်။

တိုး၍စိုက်ပျိုးသင့်

ရေဆင်း ၁ စပ်မျိုးနေကြာကို လယ်များတွင် သီးနှံထပ်အနေဖြင့် စိုက်ပျိုးရာတွင်လည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်း တင်း ၃၀ ကျော်ထွက်ရှိသဖြင့် နေကြာစိုက်တောင်သူများအတွက် အကျိုးအမြတ်ပိုမိုရရှိနိုင်သည့် ရေဆင်း ၁ စပ်မျိုးနေကြာကို တိုး၍စိုက်သင့်ကြောင်းနှင့် ယင်းနေကြာမျိုးများကို နေကြာစိုက်တောင်သူများအား ဖြန့်ဖြူးပေးနိုင်ရေးအတွက် အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ထားကြောင်း မန်နေဂျာ ဦးစိုးရွှေထံမှ သိရသည်။

အင်းတော်မြို့နယ်ရှိ နေကြာတောင်သူများသည် ရေဆင်း ၁ စပ်မျိုးကို ယခင်နှစ်က ဧက ၆၀ စိုက်ပျိုးလာရာမှ ယခုနှစ်တွင် ဧက ၂၃၀ အထိ စိုက်ပျိုးလာကြကြောင်း တွေ့ရှိရပြီး ရေဆင်း ၁ စပ်မျိုးနေကြာသည် တောင်သူများအတွက် စီးပွားရေး အဆင်ပြေစေနိုင်သော မျိုးကောင်းမျိုးသန့်ဖြစ်ကြောင်း သိရသည်။

လူအောင် (ကသာ)

ကျောင်းကုန်းမြို့၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ဆွေးနွေး

ကျောင်းကုန်း မေ ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အေးချမ်းသာယာခန်းမ၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်စေရေး ညှိနှိုင်းဆွေးနွေးပွဲကို မေလ ၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက မိုးရာသီရောက်ရှိတော့မည်ဖြစ်သဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်လိုကြောင်း ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းက ၂၀၁၈-၂၀၁၉ ဘတ်ဂျက် ချထားပေးမှုများ အခြေအနေ၊ လုပ်ငန်းများ အချိန်မီပြီးစီးရန်လိုအပ်ကြောင်း ပြောသည်။

ထို့နောက် မဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထိန်ဝင်းက မကြာမီကာလတွင် လွှတ်တော်တွင် ဆွေးနွေးရတော့မည်ဖြစ်၍ ဌာနများမှ လိုအပ်ချက်များကို တင်ပြပေးရန်လိုအပ်ကြောင်း မှာကြားခဲ့သည်။

ထို့နောက် မဲဆန္ဒနယ်အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဇော်က ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်းလုပ်ဆောင်မည်ဆိုလျှင် မြို့နယ် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း ပြောသည်။

ဆက်လက်ပြီး ဌာနဆိုင်ရာများက မိမိတို့ဌာနများမှ ပြီးစီးမှု၊ လုပ်ဆောင်ဆဲနှင့် ရှေ့ဆက်လက်လုပ်ဆောင်မည့်ကိစ္စများကို ပရိဂျက်တာနှင့်တကွ တင်ပြကာ လွှတ်တော်ကိုယ်စားလှယ်များက သိလိုသည်များ မေးမြန်းခဲ့ကြပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင် (ပြန်/ဆက်)

ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအား ကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါအတိုင်း သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ရန် လိုအပ်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံး စသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

၅။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

၆။ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံ သောက်သုံးသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည် အန္တရာယ်၏ ဆိုးကျိုးများကို ပိုမိုထိခိုက် ခံစားရနိုင်သဖြင့် အထူးဂရုပြုကာကွယ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

တားဆီးကာကွယ်ခြင်း ယဉ်ကျေးမှုဓလေ့ဆိုင်ရာ အာဆီယံကြေညာချက်

နှင်းမြတ်သူ (ယဉ်ကျေးမှု)

** ယမန်နေ့မှအဆက်*

ပြည်သူလူထုနှင့် ရှေ့တန်းကျကျ ထိတွေ့ဆက်ဆံနေရသူများ ၎င်းတို့၏ လုပ်ငန်းနယ်ပယ်များတွင် တားဆီးကာကွယ်ခြင်း ယဉ်ကျေးမှုဓလေ့ (Culture of Prevention) ကို စွဲခိုင်နေအောင် ဆောင်ရွက်နိုင်ရေး ၎င်းတို့အချင်းချင်းအကြား အသိပညာဖလှယ်နိုင်ရန် တက်ကြွစွာဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ထို့အပြင် အဆိုပါ ကျွမ်းကျင်သူများသည် လူထုနှင့် ကျယ်ပြန့်စွာ ထိတွေ့ဆောင်ရွက်ရာတွင် ပြည်သူလူထုများ၊ အသိုက်အဝန်းအဖွဲ့အစည်းများနှင့် ဘာသာရေးအုပ်စုများ၏ အရေးပါသော အခန်းကဏ္ဍကိုလည်း အလေးထားရမည် ဖြစ်ပါသည်။

တားဆီးကာကွယ်ခြင်း ယဉ်ကျေးမှုဓလေ့

အာဆီယံ၏ တားဆီးကာကွယ်ခြင်း ယဉ်ကျေးမှုဓလေ့ (Culture of Prevention) သည် အောက်ပါအချက် ၄ ချက်အပေါ်တွင် အလေးထားဆောင်ရွက်မည်ဖြစ်ပါသည်-

- အစွန်းရောက်အကြမ်းဖက်မှုနှင့် အခြားသော အကြမ်းဖက်မှုပုံစံအမျိုးမျိုးတို့၏ အခြေခံအကြောင်းအရင်းများနှင့် အကျိုးဆက်များကို လူတစ်ဦးတစ်ယောက်ချင်းစီ သော်လည်းကောင်း၊ မိသားစုအားလုံးနှင့် အဖွဲ့အစည်းအားလုံး အစရှိသည့်အဆင့်အတန်းအားလုံး သိရှိနားလည်စေရန်။
- အတွေးအခေါ်ကို တုံ့ပြန်ခြင်းနည်းလမ်းမှ ကြိုတင်ကာကွယ်ခြင်းနည်းလမ်းသို့ ပြောင်းလဲရန်။
- သဟဇာတရှိမှု၊ ယဉ်ကျေးမှုကို အပြန်အလှန်နားလည်မှု၊ တရားဥပဒေစိုးမိုးမှု၊ လေးစားမှု၊ ယုံကြည်မှု၊ သည်းခံမှု၊ အားလုံးပူးပေါင်းပါဝင်မှု၊ အစွန်းမရောက်မှု၊ လူမှုရေးဆိုင်ရာတာဝန်ရှိမှုနှင့် မတူကွဲပြားမှုများကဲ့သို့သော တန်ဖိုးထားအပ်သည့်အရာများကို စွဲမှတ်နေစေရေး သွန်သင်ပေးရန်။
- အခြေခံပညာစာသင်ကျောင်းများနှင့် တက္ကသိုလ်များတွင် ရှိနှင့်ပြီးဖြစ်သော အရည်အသွေးကို အခြေခံသည့် ပညာရေး၊ လူမှုရေးဆိုင်ရာအကာအကွယ်ပေးမှု၊ အများပြည်သူဆိုင်ရာ သတင်းအချက်အလက်၊ တာဝန်ယူမှုရှိသည့် မီဒီယာအသုံးပြုမှုတို့ကဲ့သို့သော ကာကွယ်တားဆီးရေး မူဝါဒများနှင့် ဦးစီးဦးဆောင်ပြုမှုများကို ထိရောက်စွာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်။

"အစွန်းမရောက်ခြင်း၏ သဘောသဘာဝတန်ဖိုးများကို အထောက်အကူပြုသည့် ယဉ်ကျေးမှုဓလေ့ကို တိုးမြှင့် ဆောင်ရွက်ရန်- အာဆီယံကလေးသူငယ်များ ရိုးရာကျေးလက်ပုံပြောပွဲများ ကဲ့သို့သော ပွဲတော်များ ကျင်းပခြင်းဖြင့် လူငယ်များအကြား အရည်အသွေးကို တန်ဖိုးထားသည့် ပညာရေးစနစ်ကို တိုးမြှင့် ဆောင်ရွက်ရန်နှင့် အားပေးဆောင်ရွက်ရန်၊ ကျား၊ မ ပုံသေသတ်မှတ် ထားရှိခြင်းနှင့် ကျား၊ မ ခွဲခြားခြင်းတို့ကို တိုက်ဖျက်ရန်နည်းလမ်းများ ရှာဖွေခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်ရမည်"

ယုံကြည်မျှော်လင့်ချက်ဖြင့် တည်ဆောက်

အဆိုပါ အလေးထားမှုများကို အောက်ဖော်ပြပါ ယုံကြည်မျှော်လင့်ချက် ၆ ရပ်ဖြင့် တည်ဆောက်ဖော်ဆောင်ကြရမည် ဖြစ်ပါသည်-

- ယဉ်ကျေးမှုဆိုင်ရာ အပြန်အလှန်နားလည်မှုရှိပြီး ငြိမ်းချမ်းမှုရှိသည့် ယဉ်ကျေးမှုဓလေ့ကို တိုးမြှင့်ဆောင်ရွက်ရန်။
- အားလုံးအတွက် လေးစားသည့် ယဉ်ကျေးမှုဓလေ့ကို တိုးမြှင့်ဆောင်ရွက်ရန်။
- အလွှာအသီးသီးတွင် ကောင်းမွန်သောအုပ်ချုပ်ရေး ဖော်ဆောင်သည့် ယဉ်ကျေးမှုဓလေ့ကို တိုးမြှင့်ဆောင်ရွက်ရန်။
- ရေရှည်တည်တံ့ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ဂရုတစိုက်ထိန်းသိမ်းသည့် ယဉ်ကျေးမှုဓလေ့ကို တိုးမြှင့်ဆောင်ရွက်ရန်။
- ကျန်းမာသော လူနေမှုဘဝရှိသည့် ယဉ်ကျေးမှုဓလေ့ကို တိုးမြှင့်ဆောင်ရွက်ရန်။
- အစွန်းမရောက်ခြင်း၏ သဘောသဘာဝတန်ဖိုးများကို အထောက်အကူပြုသည့် ယဉ်ကျေးမှုဓလေ့ကို တိုးမြှင့်ဆောင်ရွက်ရန်။

အဆိုပါ ယုံကြည်မျှော်လင့်ချက် ၆ ရပ်သည် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်က ကြိုးပမ်းဖြေရှင်းဆောင်ရွက်ရမည့် ကျယ်ပြောလှသည့် လုပ်ငန်းတာဝန်များကို ကိုယ်စားပြုနေပါသည်။ မိမိတို့၏ အာဆီယံအဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ငန်းစီမံချက်များတွင် တားဆီးကာကွယ်ခြင်း ယဉ်ကျေးမှုဓလေ့ (Culture of Prevention) ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခြင်းဖြင့် အဆိုပါဓလေ့ကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ပဏာမခြေလှမ်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။

အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်

အာဆီယံ၏ နိုင်ငံ့ခေါင်းဆောင်ကြီးများက သဘောတူချမှတ်ထားသည့် ငြိမ်းချမ်းသော၊ အားလုံးပါဝင်မှုရှိသော၊ ရေရှည်တည်တံ့သော၊ ကျန်းမာကြံ့ခိုင်ပြီး သဟဇာတဖြစ်မှုရှိသော လူမှုအသိုက်အဝန်းတစ်ရပ်အတွက် တားဆီးကာကွယ်ခြင်း ယဉ်ကျေးမှုဓလေ့ (Culture of Prevention) အပေါ် မိမိတို့ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်က အောက်ပါနည်းလမ်းများအတိုင်း ချဉ်းကပ်သွားကြရမည် ဖြစ်ပါသည်-

ယုံကြည်မျှော်လင့်ချက်အမှတ်(၁): ယဉ်ကျေးမှုဆိုင်ရာ အပြန်အလှန်နားလည်မှုရှိပြီး ငြိမ်းချမ်းမှုရှိသည့် ယဉ်ကျေးမှုဓလေ့ကို တိုးမြှင့်ဆောင်ရွက်ရန်- လူမှုရေး-ယဉ်ကျေးမှုမူဝါဒများ အလေးထားဆောင်ရွက်ကြရမည်။ ယင်းတို့တွင် အာဆီယံ၏ အမွေအနှစ်များ၊ သွင်ပြင်လက္ခဏာများ၊ လူမျိုးရေးအရ သဟဇာတဖြစ်မှုနှင့် ငြိမ်းချမ်းမှုတို့အပေါ် အပြုသဘောသက်ရောက်နိုင်သည့် ရိုးရာယဉ်ကျေးမှုများ၊ သမိုင်းကြောင်းများနှင့် လူငယ်များအကြား ရေပန်းစားနေသည့် လူမှုမီဒီယာ၊ ဆိုရှယ်မီဒီယာတို့ကို တိုးမြှင့်ဆောင်ရွက်ရမည်။

ယုံကြည်မျှော်လင့်ချက်အမှတ်(၂): အားလုံးအတွက် လေးစားသည့် ယဉ်ကျေးမှုဓလေ့ကို တိုးမြှင့်ဆောင်ရွက်ရန်- မိမိတို့သည် ပညာရေးစနစ်နှင့် ကျန်းမာရေးဝန်ဆောင်မှုများအပေါ် အလေးထားဆောင်ရွက်ခြင်းဖြင့် ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် လူငယ်များကိုကာကွယ်ရန် ထိရောက်သည့် လုပ်ငန်းများနှင့် အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ နယ်ပယ်အသီးသီးတွင် လုပ်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်နိုင်ရေးအတွက် မူဝါဒများနှင့် အလေ့အကျင့်များကို မျှဝေရန် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

ယုံကြည်မျှော်လင့်ချက်အမှတ်(၃): အလွှာအသီးသီးတွင် ကောင်းမွန်သော အုပ်ချုပ်ရေးဖော်ဆောင်သည့် ယဉ်ကျေးမှုဓလေ့ကို တိုးမြှင့်ဆောင်ရွက်ရန်- ဥပဒေအရ အငြင်းပွားနိုင်သည့် ကလေးသူငယ်များ၊ လူငယ်များနှင့် မြို့ပြရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်ကြရမည်။ မူးယစ်ဆေးဝါးဆန့်ကျင်ရေးလုပ်ငန်းများ၊ မူဝါဒများအပေါ် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်။ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအတွက် ပိုမိုကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ထောက်ခံအားပေးရန်နှင့် ကောင်းမွန်သော အုပ်ချုပ်ရေး၏ တန်ဖိုးရှိမှုကို နားလည်ယုံကြည်သည့် လူငယ်မျိုးဆက်သစ်များ ဖော်ထုတ်နိုင်ရေးအတွက် စာသင်ကျောင်းများတွင် ပညာပေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

ယုံကြည်မျှော်လင့်ချက်အမှတ်(၄): ရေရှည်တည်တံ့ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ဂရုတစိုက်ထိန်းသိမ်းသည့် ယဉ်ကျေးမှုဓလေ့ကို တိုးမြှင့်ဆောင်ရွက်ရန်- ရာသီဥတုဆိုင်ရာ ပြောင်းလဲခြင်းတွင် သန့်ရှင်းသောမြို့တော်များ၏ အခန်းကဏ္ဍ၊ အသိုက်အဝန်းကို အခြေခံသည့် သဘာဝဘေးလျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲရေးဆိုင်ရာ အစီအစဉ်များအပါအဝင် သဘာဝတရား၊ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်းတို့ကို စတင်ဖြစ်ပွားနိုင်မည့် နေရာများမှပင် ကြိုတင်ကာကွယ်နိုင်ရေး ကြိုးပမ်းရမည် ဖြစ်ပါသည်။

ယုံကြည်မျှော်လင့်ချက်အမှတ်(၅): ကျန်းမာသော လူနေမှုဘဝရှိသည့် ယဉ်ကျေးမှုဓလေ့ကို တိုးမြှင့်ဆောင်ရွက်ရန်- ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံသက်သာမှုတို့ကို ထိခိုက်စေမှုများကို ကာကွယ်ဆောင်ရွက်ရန် ကြိုးပမ်းရမည် ဖြစ်ပါသည်။

ယုံကြည်မျှော်လင့်ချက်အမှတ်(၆): အစွန်းမရောက်ခြင်း၏ သဘောသဘာဝတန်ဖိုးများကို အထောက်အကူပြုသည့် ယဉ်ကျေးမှုဓလေ့ကို တိုးမြှင့်ဆောင်ရွက်ရန်- အာဆီယံကလေးသူငယ်များ ရိုးရာကျေးလက်ပုံပြောပွဲများ ကဲ့သို့သော ပွဲတော်များ ကျင်းပခြင်းဖြင့် လူငယ်များအကြား အရည်အသွေးကို တန်ဖိုးထားသည့် ပညာရေးစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် အားပေးဆောင်ရွက်ရန်၊ ကျား၊ မ ပုံသေသတ်မှတ်ထားရှိခြင်းနှင့် ကျား၊ မ ခွဲခြားခြင်းတို့ကို တိုက်ဖျက်ရန်နည်းလမ်းများ ရှာဖွေခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထိုနည်းတူစွာ အစွန်းရောက်အကြမ်းဖက်မှုကို ဆန့်ကျင်သည့် တန်ပြန်ဆောင်ရွက်ချက်အဖြစ် အရည်အသွေးကို အခြေခံသည့် သတင်းအချက်အလက်များပံ့ပိုးရေး ကူညီဆောင်ရွက်ရာတွင် ယဉ်ကျေးမှုနှင့် အနုပညာသည် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်သည့်အတွက် ရုပ်ရှင်၊ ဂီတ၊ စာပေနှင့် အခြားသော အနုပညာရပ်များကဲ့သို့သော ကြားခံနယ်ပယ်များမှတစ်ဆင့် ဆောင်ရွက်ခြင်းဖြင့် အစွန်းမရောက်ခြင်း၏ တန်ဖိုးရှိမှုကို မြှင့်တင်ရန်နှင့် အစွန်းရောက်တော်လှန်မှုကို ဆန့်ကျင်သည့်အနေဖြင့် အပြုသဘောဆောင်သည့် ယဉ်ကျေးမှုဆိုင်ရာ သွင်ပြင်လက္ခဏာပေါ်ပေါက်လာရေး ကူညီပေးရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

အကြမ်းဖက်မှုပုံသဏ္ဌာန်မျိုးစုံအား သိသာထင်ရှားစွာ လျှော့ချ

သို့ဖြစ်၍ စိန်ခေါ်အားစမ်းမှုများကို ထိရောက်စွာအချိန်ကိုက် တုံ့ပြန်နိုင်သော စွမ်းဆောင်ရည်ရှိသည့် လူမှုအဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာရန်၊ အကြမ်းဖက်မှုပုံသဏ္ဌာန်မျိုးစုံအား သိသာထင်ရှားစွာ လျှော့ချခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းပြီး အားလုံးပါဝင်သော လူမှုအဖွဲ့အစည်း ပေါ်ပေါက်လာစေရန်၊ ပြည်သူလူထုကို ဦးတည်သော၊ ပြည်သူလူထုကို ဗဟိုပြုသော၊ ဒေသတွင်း ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုရှိပြီး အာဆီယံ၏ အခွန့်ရှည်တည်တံ့မှုကို အားဖြည့်ရန်၊ အာဆီယံအသိုက်အဝန်းသည် ယဉ်ကျေးမှုများ၊ အမွေအနှစ်များ၊ ဘာသာတရားနှင့် တန်ဖိုးထားမှုများ မတူကွဲပြားသော်လည်း အတူတကွ စုစည်းနေထိုင်မှုကို သေချာစေရန်အတွက် အစွန်းရောက်အကြမ်းဖက်မှုနှင့် အခြားသော အကြမ်းဖက်မှုပုံသဏ္ဌာန်များ၏ အကြောင်းအရင်းများကို မဖြစ်မနေ ဖြေရှင်းဆောင်ရွက်ကြရန်တို့အတွက် အာဆီယံခေါင်းဆောင်ကြီးများ ပေးအပ်ထားသော တာဝန်တစ်ရပ်ဖြစ်သည့် တားဆီးကာကွယ်ခြင်း ယဉ်ကျေးမှုဓလေ့ဆိုင်ရာ အာဆီယံကြေညာချက် (Culture of Prevention) ကို အကောင်အထည်ဖော်ရေး အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်သည် အခြားသော အာဆီယံမဏ္ဍိုင်ကြီးများနှင့် အတူပူးပေါင်း၍ ကျေပွန်စွာထမ်းဆောင်သွားမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ရေစကြိုမြို့၌ ကမ်းထိန်းနံရံတည်ဆောက်မှု ၉၅ ရာခိုင်နှုန်းပြီးစီး

ရေစကြို မေ ၉

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ အမှတ် ၁ ထင်းတန်းရပ်ကွက်တွင် မြစ်ကမ်းပြိုမှုကာကွယ်ရေးနှင့် ရေကြီးရေလျှံမှုကာကွယ်ရေးအတွက် တည်ဆောက်လျက်ရှိသော ကမ်းထိန်းနံရံမှာ လုပ်ငန်းပမာဏတစ်ခုလုံး၏ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်အင်ဂျင်နီယာ ဦးသက်စိုးထိုက်ထံမှ သိရသည်။ **(ယာပုံ)**

အမှတ် ၁ ထင်းတန်းရပ်ကွက်သည် ချင်းတွင်းမြစ်ရေ တိုက်စားစီးဆင်းမှုကြောင့် နှစ်စဉ်လိုလို ကမ်းပြိုမှုနှင့် ရေကြီးရေလျှံမှုကြောင့် ဒေသခံပြည်သူများမှာ လူမှုဒုက္ခများခံစားနေရသော ရပ်ကွက်ဖြစ်သည်။ ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့ သဘာဝဘေးကာကွယ်ရေး ခွင့်ပြုရန်ပုံငွေဖြင့် ကမ်းထိန်းနံရံတည်ဆောက်ခြင်းနှင့် အုတ်ရိုးစီခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ အခုဆောင်ရွက်နေတဲ့ ကမ်းထိန်းနံရံလုပ်ငန်း အမျိုးအစားက သံခြင်းအခြေပြုကျောက်ရိုးစီ ကမ်းထိန်းနံရံ ဖြစ်ပါတယ်၊ လုပ်ငန်းပမာဏအလျား ပေ ၁၂၆၀၊ ကမ်းပေါ်မှာ အကျယ်ခြောက်ပေ ကွန်ကရစ်ပလက်ဖောင်းနဲ့ ရေကြီးရေလျှံမှု ကာကွယ်ဖို့အတွက် ကမ်းထိန်းနံရံပေါင်ပေါ်မှာ အကျယ် ၁၅ လက်မ၊ အမြင့် နှစ်ပေခွဲအုတ်ရိုးစီပြီး ဘေးအန္တရာယ်မှကာကွယ်ရန် သံလက်ရန်းတွေကိုလည်း ထည့်သွင်းတည်ဆောက်ထားပါတယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၅၃၀ နဲ့ ဆောင်ရွက်နေပြီး မေ ၆ ရက်အထိ လုပ်ငန်းပြီးစီးမှုမှာ ၉၅ ရာခိုင်နှုန်းရှိပါပြီ" ဟု ၎င်းက ပြောသည်။

ယခုကဲ့သို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးသည့်အတွက် နှစ်စဉ်ကမ်းပြိုမှုနှင့် ရေကြီးရေလျှံမှုများ ကြုံတွေ့နေကြရသည့် ထင်းတန်းရပ်ကွက်ပြည်သူများမှာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ဖေထွဏ်းဇော် (ရေစကြို)

သတင်းတိုများ

ရေခပ်သူများအန္တရာယ်ကင်းရန် ရေတွင်းအုတ်ပေါင်များကိုပြုပြင်ပေး

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဘုရားလမ်းနှင့် ရတနာလမ်းထိပ်ရှိ ဒေသခံပြည်သူများ သောက်သုံးရေအတွက် အသုံးပြုနေသော အနက် ၁၀ ပေရှိ ရေတွင်းသည် အကာအရံ အုတ်ပေါင်နံရံများ ပျက်စီးယိုယွင်းကာ ရေလာရောက်ခပ်ယူကြသော ပြည်သူများ အန္တရာယ်ဖြစ်စေနိုင်သဖြင့် အလှူရှင် ဦးကျော်မင်းမိသားစုနှင့် မိတ်ဆွေများက အဆိုပါ ရေတွင်း၏ အုတ်ပေါင်များကို မေ ၇ ရက်က ကျွမ်းကျင် ပန်းရန် ပညာရှင်များဖြင့် ပြုပြင်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

တင်ကြည်(သဃ်န်းကျွန်း)

ကနီမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းဆိုင်ရာ အချက်အလက်များချပြရှင်းလင်း

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ဆောင်ရွက်မည့် လူထုဗဟိုပြု စီမံကိန်းအတွက် လက်ထောက်နည်းပညာမှူး(TF)နှင့် လူထုစည်းရုံးရေးမှူး(CF) နေရာများ ရွေးချယ်ခန့်ထားခြင်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ချပြရှင်းလင်းပွဲကို မေ ၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါရှင်းလင်းပွဲတွင် လူထုဗဟိုပြုစီမံကိန်း ကနီမြို့နယ်အဖွဲ့ခေါင်းဆောင် ဦးတင်မောင်ဝင်းက လက်ထောက်နည်းပညာမှူး(TF)နှင့် လူထုစည်းရုံးရေးမှူး(CF)များ ရွေးချယ်ခန့်ထားခြင်းဆိုင်ရာ အချက်အလက်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို ထပ်မံမေးမြန်းကြကာ စီမံကိန်းအဖွဲ့ခေါင်းဆောင်က ပြန်လည်ဖြေကြားခဲ့သည်။ အဆိုပါ ရှင်းလင်းပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်၊ ကနီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရွှေဌေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သန်းဌေးအောင်(ကနီ)

လူထုဗဟိုပြုစီမံကိန်းအရ ဆောင်ရွက်သော ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းဖွင့်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ လူထုဗဟိုပြုစီမံကိန်းကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၇ အုပ်စုမှ ကျေးရွာ ၃၄၇ ရွာတွင် အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါ စီမံကိန်းဝင်ကျေးရွာများအနက် သမ္မာဒေဝကျေးရွာအုပ်စု သမ္မာဒေဝကျေးရွာနှင့် အခြားကျေးရွာများကြား ဆက်သွယ်ထားသည့် ကွန်ကရစ်လမ်းကို စီမံကိန်းရန်ပုံငွေဖြင့် ခင်းခဲ့ရာ လုပ်ငန်းများပြီးစီးသဖြင့် လမ်းဖွင့်ပွဲကို မေ ၁ ရက်က ကျင်းပခဲ့ပြီး Mercy Corps မှ အကြံပေး Ms.Nina Shatifan နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ပိုင်ရှင်မဲ့မော်တော်ယာဉ်တစ်စီး သိမ်းဆည်းရမိခြင်း

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ မေလပထမပတ်က ဗိုလ်မင်းရောင်လမ်း၊ အမဲဈေးရှေ့တွင် ပိုင်ရှင်မဲ့ယာဉ်တစ်စီး ရပ်တန့်ထားကြောင်း သိရှိရသည်။ ဖြစ်စဉ်မှာ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ပုဇွန်တောင်မြို့နယ်အမှတ် - ၃၂ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူး သိန်းတိုးဇော်ပါ လေးဦးနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် ၃၄ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်နိုင်လင်းပါလေးဦးတို့ဖြင့် ပူးပေါင်းယာဉ် ရှင်းလင်းရေးဆောင်ရွက်စဉ် ဗိုလ်မင်းရောင်လမ်း အမဲဈေးရှေ့တွင် 7H.... နံပါတ်တပ်ဆင်ထားသော TOYOTA HONDA AIR WAVE အနက်ရောင် ယာဉ်တစ်စီးသည် ရပ်တန့်ထားသည်မှာ(လေး/ငါး)ရက်ခန့်ရှိပြီဖြစ်ကြောင်း၊ ယာဉ်ပိုင်ရှင်အား စုံစမ်းမရသည့်အပြင် လက်ရှိ ယာဉ်မှတ်တမ်းများအရ ကွဲလွဲနေကြောင်း စိစစ်တွေ့ရှိရ၍ ရှာဖွေပုံစံဖြင့် ပိုင်ရှင်မဲ့ သိမ်းဆည်းခဲ့ပြီး ၎င်းယာဉ်အားကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားခြင်းရှိ/မရှိ စစ်ဆေးဆောင်ရွက် နိုင်ရေး စီစဉ်ထားရှိခဲ့ကြောင်း သိရှိရသည်။

ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)

ပဲခူးမြို့နယ်တွင် အမျိုးသမီးတစ်ဦးထံမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ပဲခူးမြို့နယ် ဘုရားကြီးနယ်မြေရဲစခန်းအပိုင်အတွင်း အမျိုးသမီးတစ်ဦး၏ နေအိမ်မှ မူးယစ်ဆေးဝါးများ မေ ၇ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ မူးယစ်တပ်ဖွဲ့စု (၃၆)ပဲခူးမှ ဒုရဲအုပ်ကြည်လွင်၊ ဘုရားကြီးနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဇာနည်စိုးနှင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ မခင်သက်ဆွေ (၃၂ နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မခင်သက်ဆွေထံမှ တစ်အိတ်လျှင် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါသော အိတ် ၄၂ အိတ် (ဆေးပြားရေ ၈၄၀၀)နှင့် ဆေးပြားရေ ၁၉၀ ပါ တစ်အိတ်(စုစုပေါင်း ဆေးပြားအရေအတွက် ၈၅၉၀ ပြား) ကို တို့ကို ဖမ်းမိခဲ့၍ မခင်သက်ဆွေအား ဘုရားကြီးနယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သန့်စင် (ပဲခူး)

ရန်အောင်မြင်ကွင်းစေတီတော် ထီးတော်အသစ်တင်လှူပူဇော်ပွဲကျင်းပ

မလှိုင် မေ ၉

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာအုပ်စု မြစ်ကျင်းစုံပြကျေးရွာတွင် ရှေးနှစ်ပေါင်းများစွာကပင် တည်ထားကိုးကွယ်တော်မူခဲ့သော ရန်အောင်မြင်ကွင်းစေတီတော် ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲကို မေ ၇ ရက်က အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပခဲ့သည်။

ထီးတော်တင်ပွဲတွင် ဧည့်ပရိသတ်များက ပန်းအိုင် ယွန်းကျောင်းဆရာတော်ထံမှ သီလခံယူပြီး အလှူရှင်မိသားစုက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေဟင်္သာနှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကာ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ခဲ့ပြီးနောက် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို စေတီတော်ပေါ်သို့ တင်လှူပူဇော်ခဲ့သည်။ ထို့နောက် ပင့်သံဃာ ၅၅ ပါးနှင့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး စေတီတော်ကြီးအား အနေကဇာတင် ပူဇော်ခဲ့ကြသည်။ အဆိုပါ ထီးတော်ကြီးကို မန္တလေးမြို့နေ ဦးသန်းထိုက်ဦး-ဒေါ်ချောစုဝင်း မိသားစုက လှူဒါန်းခဲ့ခြင်းဖြစ်ပြီး မြစ်ကျင်းကျေးရွာရှိ ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ တင်လှူခဲ့ခြင်းဖြစ်ကြောင်းသိရသည်။**အောင်ဌေး(မလှိုင်)**

ကန့်ဘလူမြို့နယ် ကျေးလက်ပြည်သူများ သောက်သုံးရေအတွက် စက်ရေတွင်းများတူးဖော်

ကန့်ဘလူ မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲမရှိစေရေးနှင့် ရေလုံလောက်စွာ ရရှိသုံးစွဲနိုင်ရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICA တို့ပူးပေါင်း၍ ကန့်ဘလူမြို့နယ်အတွင်း ကျေးရွာများ၌ စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်း သင်တောကျေးရွာ၊ ကျွန်းကုန်းကျေးရွာနှင့် လွင်ကြီးကျေးရွာတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICA တို့ပူးပေါင်း၍ ခြောက်လက်မစက်ရေတွင်း၊ ဂါလန် ၂၄၀၀ ဆံ့ ကွန်ကရစ်ရေစင်နှင့် ရေစက်ရုံတို့ကို ဆောက်လုပ်ပေးခဲ့ပြီးဖြစ်သလို မေ ၆ ရက်မှစ၍ လေးတွင်းစင်ကျေးရွာ၌ ခြောက်လက်မစက်ရေတွင်းကို တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ လေးတွင်းစင်ကျေးရွာ စက်ရေတွင်းတူးဖော်မှုလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကန့်ဘလူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ကျော်နှင့် မြို့နယ်ဦးစီးမှူး၊ ဝန်ထမ်းများ မေ ၈ ရက်နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အဆိုပါစက်ရေတွင်း တူးဖော်ပြီးစီးပါက မြေမွန်ကျေးရွာတွင်လည်း စက်ရေတွင်းသစ်ကို ဆက်လက်တူးဖော်ပေးသွားရန်ရှိကြောင်း ကန့်ဘလူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ရေလိုအပ်လျက်ရှိသော ယက္ကန်းစင်တောင်ခြေသို့ ရေများသွားရောက်လှူဒါန်း

မတ္တရာ မေ ၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ယက္ကန်းစင်တောင်ခြေတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအနေဖြင့် သောက်သုံးရေရှားပါးကာ ရေလိုအပ်နေ၍ မြို့နယ်သို့ အကူအညီတောင်းခံသောကြောင့် မြို့နယ် မီးသတ်တပ်ဖွဲ့က သောက်သုံးရေများကို မေ ၇ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် မြို့နယ် မီးသတ်တပ်ဖွဲ့မှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးထွန်းနေနွယ်နှင့်တပ်ဖွဲ့ဝင်များ၊ အမှတ်(၂)အရန် မီးသတ်တပ်ဖွဲ့နှင့် မတ္တရာလူငယ်လူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ သောက်သုံးရေလိုအပ်လျက်ရှိသည့် ယက္ကန်းစင်တောင်ခြေရှိ ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်များသို့ မီးသတ်ယာဉ် သုံးစီးဖြင့် စုစုပေါင်း ရေဂါလန် ၄၆၀၀ ကို သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ ယက္ကန်းစင်တောင်ခြေဒေသတွင် ယခင်က မြစ်ကျိုးအင်းအတွင်းမှရေကို သုံးစွဲခဲ့ကြရာ ယခုအခါ အင်းအတွင်း

ရေနည်းသွားပြီး သောက်သုံးရန်မသင့်တော့သည့်အတွက် သောက်သုံးရေ အခက်အခဲဖြစ်လာသောကြောင့် မြို့နယ်သို့အကူအညီတောင်းခံရခြင်းဖြစ်ကြောင်း သိရသည်။

စိုးကျော်သူထွေး (မတ္တရာ)

ဖာပွန်မြို့နယ်တွင် ရာသီပေါ်ဒူးရင်းသီး အထွက်နည်းသော်လည်း ဈေးကောင်းရ

ဖာပွန် မေ ၉

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့တွင် စိုက်ပျိုးထားသော ဒူးရင်းပင်များမှ ယခုနှစ် ဒူးရင်းသီး အထွက်နည်းသော်လည်း ဈေးကွက်အတွင်း ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ဒူးရင်းပွင့်များပွင့်ချိန်က မြေလျှင်လှုပ်ခတ်မှုကြောင့် ဒူးရင်းပွင့်များ အပွင့်မအောင်ဘဲ အသီးနည်းခဲ့သလို ရာသီဥတု ပူပြင်းခြောက်သွေ့မှုကြောင့် အပင်များပါ ခြောက်သွေ့လာကာ အပင်သေခြင်းနှင့် အသီးများ အရွယ်မရောက်မီကြွေကျခြင်းတို့ကြောင့် ယခုနှစ်တွင် ဒူးရင်းသီး အထွက်နှုန်း သိသိသာသာ ကျဆင်းခဲ့ကြောင်း သိရသည်။

“အရင်နှစ်ကဆိုရင် ဒူးရင်းသီးအသေးတစ်လုံးကို ကျပ် ၅၀၀ ၊ အကြီးတစ်လုံးကို ကျပ် ၁၀၀၀ လောက်ပဲ ဝယ်ရတယ်၊ ဒီနှစ်မှာ ဒူးရင်းသီးအသေးတစ်လုံးကို ကျပ် ၁၀၀၀၊ အကြီးတစ်လုံးကို ၂၀၀၀ လောက်အထိ ဝယ်ရတယ်”ဟု ဒူးရင်းခြံများမှ ဒူးရင်းသီးဝယ်ယူ၍ ပြန်လည်ရောင်းချသူ ဒေသခံတစ်ဦးကပြောသည်။ ဒူးရင်းသီးများကို ဖာပွန်မြို့ရှိ ညောင်ပင်ရွာ၊ နေပူခံကျေးရွာ၊ ဘိုရာပါကျေးရွာ၊ ကျွမ်းပင်ကျေးရွာ၊ မဲဝိုင်ကျေးရွာ၊ မနမ်းနွယ်ကျေးရွာ၊ ထို့လို့ကျိုးကျေးရွာ၊ ဒူးပလယ်ကျိုးကျေးရွာတို့တွင် ဝယ်ယူရရှိပြီး ဖာပွန်မြို့မှတစ်ဆင့် ဘားအံမြို့သို့လည်းကောင်း၊ ရန်ကုန်မြို့သို့လည်းကောင်း ကားများဖြင့် တင်ပို့ရောင်းချကြကြောင်း ဖာပွန်မြို့ရှိ ဒူးရင်းသီးကုန်သည်တစ်ဦးထံမှ သိရသည်။

ယခုနှစ်တွင် ဖာပွန်မြို့နယ်ရှိ ဒူးရင်းခြံများမှ အသီးထွက်နည်းပြီး ထွက်ရှိသည့် အသီးများ၏ အရည်အသွေးနှင့် ကြီးထွားမှုမှာလည်း ယခင်နှစ်များကထက် လျော့ကျနေသည့်တိုင် ဒူးရင်းသီးရှားပါးခြင်းကြောင့် ဈေးကောင်းရနေဆဲဖြစ်ကြောင်း သိရသည်။ ဒေသခံ ဒူးရင်းပင်စိုက်တောင်သူများအနေဖြင့် ရေရှည်အဆင်ပြေစေရေးအတွက် မျိုးကောင်းမျိုးသန့် ဒူးရင်းပင်များကို ပြန်လည်စိုက်ပျိုးရန် လိုအပ်လျက်ရှိနေကြောင်းလည်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ဇေယျာသီရိမြို့နယ်တွင် ကျေးရွာမြေငှားဂရန်များ ပေးအပ်

နေပြည်တော် မေ ၉

နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း ကျည်တောင်ကျေးရွာအုပ်စု ကျည်တောင်ကျေးရွာနေ ပြည်သူများအတွက် ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲကို ရွာဦးဘုန်းတော်ကြီးကျောင်း၌ မေ ၇ ရက်က ကျင်းပခဲ့သည်။ မြေငှားဂရန်များ ပေးအပ်ပွဲတွင် နေပြည်တော်ကောင်စီအတွင်းရေးမှူး နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းသော်ဝင်းနှင့် ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းတို့က အမှာစကားပြောကြားကာ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ကျေးလက်နေပြည်သူများအား ကျေးရွာမြေငှားဂရန်များ ပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ကျေးရွာနေပြည်သူ ၁၁၉ ဦးထံသို့ ကျေးရွာ မြေငှားဂရန်များကို နေပြည်တော်ကောင်စီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ထွန်းလင်း (ပြန်/ဆက်)

သဲကုန်းမြို့နယ်တွင် လေပြင်းတိုက်၍ လူနေအိမ်နှင့် ဓာတ်တိုင်များ ပြိုလဲပျက်စီး

သဲကုန်း မေ ၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် အင်းမမြို့၌ မေ ၆ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ လဲကျပြီး ဓာတ်အားလိုင်းအချို့နှင့် လူနေအိမ်အချို့ ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

လေပြင်းကြောင့် သီရိသုခရပ်ကွက် ရန်ကုန်-ပြည်ကားလမ်း ဘယ်ဘက်ခြမ်းရှိ ယူကလစ်ပင်နှင့် ညောင်ပင် လဲကျပြီး လူနေအိမ် လေးလုံးပေါ်သို့ ပိကျခဲ့ရာ ဦးရဲသွင်၏ သွပ်မိုးပျဉ်ကာအိမ်နှင့် ဒေါ်စောစော၏ သွပ်မိုးပျဉ်ကာအိမ်တို့မှာ လုံးဝပျက်စီးခဲ့ပြီး ဦးစိုးအောင်၏ တိုက်ခံအိမ်နှင့် ဦးအောင်ဇော်၏ သွပ်မိုးပျဉ်ကာ အိမ်တို့မှာ သစ်ပင်ကိုင်းများရိုက်ခတ်မှုကြောင့် နေအိမ်ရှေ့ခြမ်းများ ပျက်စီးခဲ့ကြောင်း သိရသည်။ ထို့အပြင် အင်းမအရန်မီးသတ်တပ်ဖွဲ့စခန်း အဆောက်အအုံပေါ်သို့ ကုက္ကိုကိုင်းကျိုးကျမှုကြောင့် သွပ် ၁၀ ချပ်ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး လမ်းမီး တိုင်လေးတိုင် ပြိုလဲပျက်စီးခြင်းနှင့် လူနေအိမ် အလုံး ၂၀ လုံးခန့် လေပြင်းဒဏ်ကြောင့် အမိုးလန်မှုများလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ရန်ကုန်-ပြည် ကားလမ်းဘေးတစ်လျှောက်ရှိ ဘောစကိုင်းပင်နှင့် မဲဇလီပင်များ ကားလမ်းပေါ်သို့ လဲကျမှုများလည်း ဖြစ်ပွားခဲ့ရာ ကားလမ်းပိတ်ဆို့မှုမရှိစေရေးအတွက် သဲကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး၊ အင်းမမြို့အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တပ်မ ၆၆ မှ တပ်မတော်သားများနှင့် အင်းမ မီးသတ် တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက အမြန်ဆုံး ဝိုင်းဝန်းရှင်းလင်းခဲ့ရပြီး လက်ရှိအချိန်တွင် ယာဉ်များပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

သန်းထွန်းအောင် (ပြန်/ဆက်)

ပေါင်းတည်မြို့နယ်အတွင်း တောင်ပေါ်ဒေသများ၏ ကျန်းမာရေးစောင့်ရှောက်မှု မှတ်တမ်းဗီဒီယိုများ ပေးအပ်

ပေါင်းတည် မေ ၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသည့် အခြေအနေများကို ရိုက်ကူးထားသည့် မှတ်တမ်းဗီဒီယိုခွေကို ပေါင်းတည်မြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ မေ ၇ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မှတ်တမ်းဗီဒီယိုခွေ ပေးအပ်ပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ဇာတ်ညွှန်းနှင့်ဒါရိုက်တာ အောင်ကောင်းမြတ်က မေတ္တာအလင်းရောင် မှတ်တမ်းတင်ဗီဒီယိုခွေ၊ ဗီနိုင်းပိုစတာနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဇာတ်ကားတွင်ပါဝင်ကူညီပေးကြသည့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့်အနုပညာရှင်များထံ ပေးအပ်ခဲ့သည်။

အဆိုပါ မှတ်တမ်းဗီဒီယိုခွေတွင် တောင်ပေါ်ဒေသများမှ ကျေးလက်နေပြည်သူများ၏လူနေမှုစရိုက်များ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ကျန်းမာရေးဝန်ထမ်းများက တောင်ပေါ်ဒေသများသို့ ဆက်သွယ်သွားလာရပုံ၊ ကျန်းမာရေးအသိပညာပေးမှုများ ဆောင်ရွက်ပုံ၊ ပြည်သူများအား ကျန်းမာရေး လိုက်လံစစ်ဆေးခြင်းနှင့် ရောဂါရှာဖွေပေးခြင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် မြို့ဆေးရုံကြီးများနှင့်ဝေးလံသည့်အတွက် အချိန်ပြည့်တာဝန်ယူကာ ကျန်းမာရေးစောင့်ရှောက်မှု ပေးနေရပုံများကို ရိုက်ကူးထားပြီး Japanese Film Festival 2017 ရုပ်ရှင်ပြပွဲတွင် ပါဝင်ပြသရန်အတွက် ပေါ်လွင်အောင် ဖော်ညွှန်းရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ယခုအခါ ပြပွဲတွင် ပါဝင်ပြသခဲ့ပြီးဖြစ်ကြောင်း အဆိုပါ မှတ်တမ်းဗီဒီယိုဇာတ်ကားကို ရိုက်ကူးသူ ဒါရိုက်တာ အောင်ကောင်းမြတ်က ပြောသည်။

တင်ဝင်းဇော် (မင်းသားကြီး)

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဆိုင်ရာ မူဝါဒများ ရှားတောမြို့နယ်တွင် ထပ်ဆင့်ရှင်းလင်း

ရှားတော မေ ၉

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေး ဗဟိုကော်မတီမှ ပြင်ဆင်ချမှတ်သည့် မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ချက်များကို ရှားတောမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဖွဲ့ဝင်များအားလုံး သိရှိလိုက်နာဆောင်ရွက်သွားနိုင်ရန်ရည်ရွယ်၍ ထပ်ဆင့်ရှင်းလင်းပွဲကို ရှားတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၇ ရက်က ပြုလုပ်ခဲ့သည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် ရှားတောမြို့နယ် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်က ဗဟိုကော်မတီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ကော်မတီ၊ ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် ကော်မတီ၏ လုပ်ငန်းတာဝန်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ကော်မတီ အတွင်းရေးမှူး ဦးမင်းအောင်ချမ်းက နိုင်ငံတော်ကသိမ်းဆည်းသည့် လယ်ယာမြေနှင့် အခြားမြေများကို မူလပိုင်ရှင်များက ပြန်လည်လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်းသည့် မူဝါဒ ၁၀ ရပ်၊ တပ်မြေသိမ်းဆည်းမှုများနှင့်စပ်လျဉ်းသည့် မူဝါဒ (၃)ရပ်၊ သိမ်းဆည်းမြေများကို ပြန်လည်ပေးအပ်ရန် လျှောက်ထားလာခြင်းများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက် (၄)ချက်၊ စွန့်လွှတ်နိုင်ခြင်းမရှိသည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက်(၅)ချက်၊ သိမ်းဆည်းထားသည့်ဌာနမှ စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍ အချက်(၆)ချက်နှင့် စွန့်လွှတ်သည့်မြေများ သက်ဆိုင်သူလက်ဝယ် အမြန်ရောက်ရှိရေး လုပ်ငန်းစဉ်(၉)ရပ်တို့ကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။ ထို့နောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို မြို့နယ်ကော်မတီဥက္ကဋ္ဌက ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မတီဥက္ကဋ္ဌများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထွန်းအောင်(ပြန်/ဆက်)

ကန့်ဘလူ၌ ကျေးရွာမီးလင်းရေးလုပ်ငန်းများ စစ်ဆေး

ကန့်ဘလူ မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် NEP စီမံကိန်းအရ Mini-Grid စနစ်ဖြင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်လျက်ရှိသည့် မယ်ဇတောကျေးရွာတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ကျော်၊ မြို့နယ်ဦးစီးမှူး ဦးဟန်ထွန်းအောင်နှင့် ခရိုင်၊ မြို့နယ်ဝန်ထမ်းများအဖွဲ့ မေ ၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ကျေးလက်မီးလင်းရေး အသေးစားလျှပ်စစ်ထုတ်လုပ်မှု Mini-Grid လုပ်ငန်းကို မယ်ဇတောကျေးရွာ၌ ဆောင်ရွက်ရာတွင် လမ်းမီးတိုင် ၇၄ တိုင်စိုက်ထူပြီးဖြစ်ကာ စက်ရုံမှာ ဆောက်လုပ်ဆဲဖြစ်ကြောင်း၊ လျှပ်စစ်ကြိုးများနှင့် ဆက်စပ်ပစ္စည်းများမှာလည်း ကျေးရွာသို့ရောက်ရှိနေပြီးဖြစ်ကာ ဇွန်လအတွင်းလျှပ်စစ်မီးလင်းနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါလျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် အဖွဲ့က ကြည့်ရှုစစ်ဆေးပြီး ကုမ္ပဏီနှင့် ကျေးရွာမီးလင်းရေးကော်မတီဝင်များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အမျိုးသားလျှပ်စစ်စီမံကိန်း(National Electrification Project-NEP) သည် ၂၀၃၀ ခုနှစ်တွင်မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးမည့် စီမံကိန်းဖြစ်ပြီး စီမံကိန်းနယ်မြေရွေးချယ်ရာတွင် မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင် အထက်ဝေးကွာပြီး လာမည့် ၁၀ နှစ်အတွင်း မဟာဓာတ်အားလိုင်းမှ မီးမရနိုင်သည့်ဒေသများကို ဦးစားပေးရွေးချယ်ကာ ဓာတ်အားလိုင်းပြင်ပ(Off-Grid)လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို အစိုးရ၊ပြည်သူနှင့် ပုဂ္ဂလိကအခန်းကဏ္ဍများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး တစ်အိမ်သုံးဆိုလာစနစ်၊ အသေးစားဓာတ်အားလိုင်းစနစ် (ဆိုလာ၊ ရေအားနှင့်ဇီဝ)တို့ဖြင့် မီးလင်းစေမည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း (ကန့်ဘလူ)

ဖျာပုံမြို့၌ လူရည်ချွန်များအား ထပ်ဆင့်ဂုဏ်ပြု

ဖျာပုံ မေ ၉

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဖျာပုံခရိုင်နှင့်မြို့နယ်အတွင်းမှ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုပွဲကို မေ ၆ ရက်က ဖျာပုံမြို့ အထကခွဲ(၁)ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်၊ ခရိုင်ပညာရေးမှူး ဆရာမကြီးဒေါ်စိန်မာအေး၊ ကျောင်းအကျိုးတော်ဆောင် ဦးအေးအောင်တို့က ဂုဏ်ပြုအမှာစကားပြောကြားကြပြီး ခရိုင်အဆင့် ဘက်စုံထူးချွန်လူရည်ချွန်ဆုရ ဖျာပုံမြို့ အထကခွဲ(၁)မှ ဒသမတန်းကျောင်းသူ မခင်ခင်ပပဦး၊ နဝမတန်းကျောင်းသူ မလင်းရုပ၊ အဋ္ဌမတန်းကျောင်းသား မောင်အေးချမ်းအောင်တို့အား တာဝန်ရှိသူများက တစ်ကျပ်သားရွှေဆွဲကြိုး တစ်ကုံးစီနှင့် ရွှေလက်စွပ်တစ်ကွင်းစီတို့ကို ဂုဏ်ပြုချီးမြှင့်သည်။ ထို့နောက် မြို့နယ်အဆင့် လူရည်ချွန်ဆုရရှိသော အထကခွဲ (၁) မှ မောင်အောင်ခန့်ပိုင်(နဝမတန်း)နှင့် မသီရိအောင် (အဋ္ဌမတန်း)တို့အား ရွှေလက်စွပ် တစ်ကွင်းစီကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး တက်ရောက်လာကြသည့် မြို့မိမြို့ဖများကလည်း ဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ခရိုင်အဆင့် လူရည်ချွန်မောင်မယ် သုံးဦးအတွက် ရွှေတစ်ကျပ်သားရှိ ရွှေဆွဲကြိုးသုံးကုံးကို ကျောင်းအကျိုးတော်ဆောင်နှင့် ကျောင်းသားမိဘ အလှူရှင်များက အကုန်အကျခံ တာဝန်ယူချီးမြှင့်ပြီး ခရိုင်နှင့်မြို့နယ်အဆင့် လူရည်ချွန် ငါးဦးအတွက် ရွှေလက်စွပ် ငါးကွင်းကို အထကခွဲ(၁)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူဝင်းနှင့် ဆရာ ဆရာမများက အကုန်အကျခံ၍ ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သူဇာနွယ် (ဖျာပုံ)

မိဘမဲ့၊ ခိုကိုးရာမဲ့ အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် သင်တန်းကျောင်း ဆောက်လုပ်ရန် ပန္နက်တင်

ရွှေဘို မေ ၉

မြန်မာနိုင်ငံအတွင်းရှိ မိဘမဲ့၊ ခိုကိုးရာမဲ့ အမျိုးသမီးများ ဘဝရပ်တည်နိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်စေပြီး အမျိုးသမီးများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရန်အတွက် မိဘမဲ့၊ ခိုကိုးရာမဲ့ အမျိုးသမီးစောင့်ရှောက်ရေး ဂေဟာနှင့် အသက်မွေးဝမ်းကျောင်းသင်တန်း ဆောက်လုပ်ရန် ပန္နက်တင်ပွဲကို မေ ၆ ရက်က ရွှေဘိုမြို့နယ် ဆင်းကွတ်ကျေးရွာ၌ ကျင်းပသည်။

ပန္နက်တင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် စစ်တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ပန္နက်များတင်ပေးကြသည်။ ထို့နောက် အဆိုပါ မိဘမဲ့၊ ခိုကိုးရာမဲ့ အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်း ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားကာ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ မိဘမဲ့၊ ခိုကိုးရာမဲ့ အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းကို ရွှေဘိုမြို့နယ် ဆင်းကွတ်ကျေးရွာအနီးရှိ မြေအကျယ် ၁၅ ဒသမ ၃ ဧကပေါ်တွင် ဆောက်လုပ်သွားမည်ဖြစ်ပြီး အဆောက်အအုံဆောက်လုပ်ရန် အလှူရှင် ၃၀ က အလှူငွေ ကျပ် ၂၀၄၄ သိန်းနှင့် ဘိလပ်မြေ အိတ် ၁၀၀ တို့ကို လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ဂန့်ဂေါမြို့နယ် ကျောက်ထုမြို့တွင် မြို့ပြသာယာလှပရေးအတွက် ရပ်ကွက်များမှ နေအိမ်များရှိ မီးဖိုချောင်သုံးအမှိုက်များကို မြို့စည်ပင်သာယာရေးအဖွဲ့၏ အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းပေးနေစဉ်။ (အမှိုက်သိမ်းယာဉ်ဖြင့် အပတ်စဉ် သိမ်းဆည်းပေးလျက်ရှိသည့်ပြင် စည်ပင်အမှုဆောင်အရာရှိ ဦးကျော်ကိုကိုအောင်နှင့်အဖွဲ့က ပြည်သူများအား အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းမပြုရန် အသိပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်) **၁၀၁**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကလေး ၂၁၀၀၀ ကျော်အား ကာကွယ်ဆေးထိုးပေးမည်

မုံရွာ မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီး၊ လဟယ်နှင့် နန်းယွန်း မြို့နယ်သုံးခုအတွင်းမှ မွေးကင်းစမှ အသက်ငါးနှစ်အထိ ကလေးငယ်ပေါင်း ၂၁၇၈၁ ဦးအား ၂၀၁၈ ခုနှစ် ပွင့်လင်းရာသီတွင် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအဖြစ် ကာကွယ်ဆေးကိုးမျိုးကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"နာဂဒေသမှာ လမ်းပန်းဆက်သွယ်ရေးနဲ့ ရာသီဥတုအခြေအနေတွေကြောင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းကို လုပ်ဆောင်ဖို့ ခဲယဉ်းတဲ့အတွက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအဖြစ် ၂၀၁၆ ခုနှစ်ကနေ စတင်ပြီးတော့ နှစ်စဉ် ပွင့်လင်းရာသီတွေမှာ ထိုးနှံပေးနေတာပါ၊ အဲဒီလို ထိုးနှံခြင်းလုပ်ငန်းတွေ လုပ်ဆောင်တဲ့အခါမှာ ဒေသခံပြည်သူတွေရဲ့ ကျန်းမာရေးအသိပညာဗဟုသုတတွေ နည်းပါးတဲ့အတွက် တချို့တွေက ကလေးတွေကို ကာကွယ်ဆေးထိုးဖို့ ငြင်းဆန်တာတွေရှိတယ်၊ နောက်တစ်ခုက လမ်းပန်းဆက်သွယ်ရေးမကောင်းလို့ နေရာတိုင်းကို မသွားနိုင်တဲ့အခက်အခဲတွေရှိတဲ့အတွက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအဖြစ် လုပ်ဆောင်တာပါ၊ ဒီလုပ်ငန်းတွေ ယခုထက်ပိုပြီး အောင်မြင်ဖို့အတွက် ဒေသခံအဖွဲ့အစည်းတွေက အခုထက်ပိုပြီး ပူးပေါင်းပါဝင်ကြစေလိုပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုးချဲ့ကာကွယ်ဆေး/ကူးစက်အဖွဲ့ခေါင်းဆောင် ဒေါက်တာကျော်သူဆွေက ပြောသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များတွင် ၂၀၁၆ ခုနှစ်အတွင်းက မွေးကင်းစမှ အသက်တစ်နှစ်အောက် ကလေးငယ် ၃၂၁၈ ဦး၊ အသက် တစ်နှစ်မှ ငါးနှစ်ကြား ကလေးငယ် ၁၅၀၀၄ ဦး၊ စုစုပေါင်း ၁၈၂၂၂ ဦးတို့အား ကာကွယ်ဆေးများ ထိုးပေးနိုင်ခဲ့သလို ၂၀၁၇ ခုနှစ်တွင် မွေးကင်းစမှ အသက်တစ်နှစ်အောက် ကလေးငယ် ၃၆၆၅ ဦး၊ အသက် တစ်နှစ်မှ ငါးနှစ်ကြား ကလေးငယ် ၃၆၁၉ ဦး စုစုပေါင်း ၇၂၈၄ ဦးအား တိုးချဲ့ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် အသက်တစ်နှစ်အောက် ကလေးငယ် ၁၈၂၈၁ ဦးနှင့် အသက် တစ်နှစ်မှ ငါးနှစ်ကြား ကလေးငယ် ၃၅၀၀ စုစုပေါင်း ၂၁၇၈၁ ဦးတို့အား လာမည့် ပွင့်လင်းရာသီဖြစ်သော နိုဝင်ဘာလမှ ၂၀၁၉ ဖေဖော်ဝါရီလအထိအတွင်း တိုးချဲ့ကာကွယ်ဆေးများ ထိုးနှံပေးသွားရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

ပူတာအိုမြို့နယ်၌ ကော်ဖီမျိုးစေ့ပျိုးထောင်ခြင်းလုပ်ငန်း ဆောင်ရွက်

ပူတာအို မေ ၉

ကချင်ပြည်နယ် ပူတာအိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးပျိုးခြံ၌ ကော်ဖီမျိုးစေ့ ပျိုးထောင်ခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ ပူတာအိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ဆောင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန့်စင်မျိုးတို့ မေ ၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

အဆိုပါ ကော်ဖီမျိုးစေ့များ ပျိုးထောင်ရာတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးက အရည်အသွေးကောင်းမွန်ပြီး ဒေသရေမြေရာသီဥတုနှင့် လိုက်ဖက်သော ကော်ဖီပျိုးပင်များကို ပျိုးထောင်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ကော်ဖီမျိုးစေ့များကို ပျိုးထောင်ရာတွင် အတန်းကြား နှစ်လက်မ၊ ပင်ကြား တစ်လက်မ စနစ်ဖြင့် မျိုးစေ့ချ ပျိုးထောင်ခြင်းဖြစ်ကြောင်း၊ ရရှိလာသော ပျိုးပင်များကို မျိုးစေ့အိတ်များတွင် ပြောင်းရွှေ့ထည့်သွင်းကာ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စသည်တို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဖုန်ကန်(ပူတာအို)

ကော့သောင်းမြို့နယ်တွင် ကျေးလက်အမျိုးသမီးများဘဝမြှင့်တင်ရေး ပညာပေးဟောပြော

ကော့သောင်း မေ ၉

ကော့သောင်းခရိုင် Woman Club မှ အဖွဲ့ဝင်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် ပုလုံးတုံတုံးကျေးရွာမှ ဒေသခံ အမျိုးသမီးများအား ကျေးလက်အမျိုးသမီးများဘဝမြှင့်တင်ရေးဆိုင်ရာ အသိပညာများကို မေ ၆ ရက်က ဟောပြောခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ရွာလယ်ဓမ္မာရုံ၌ကျင်းပသည့် ဟောပြောပွဲတွင် ကော့သောင်းခရိုင် Woman Club အဖွဲ့ဥက္ကဋ္ဌ ဒေါ်မေသဇင်က အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူက စားသုံးသူများအား အကာအကွယ်ပေးရေးဆိုင်ရာနှင့် စားသုံးသူများ၏ အခွင့်အရေးဆိုင်ရာသိမှတ်ဖွယ်ရာများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူက အမျိုးသမီးများနှင့် အန္တရာယ်ရှိအစားအသောက်များ၊ ဓာတုဗေဒဆိုးဆေးများနှင့် အမျိုးသမီးသုံး အလှကုန်ပစ္စည်းများနှင့်ပတ်သက်၍ သတိပြုဆင်ခြင်စရာများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူက အမျိုးသမီးများဘဝလုံခြုံရေးနှင့် သက်ငယ်မုဒိမ်းမှုဖြစ်ပွားခြင်းဆိုင်ရာ သတိပြုဖွယ်ရာများ၊ စာပေဖတ်ရှုလေ့လာခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများနှင့် စိတ်ခွန်အားဖြစ်ဖွယ် စာပေများအကြောင်းစသည်တို့ကို အသိပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် အဆိုပါကျေးရွာရှိ အမေ့မျက်ဝန်း ကျေးရွာစာကြည့်တိုက်သို့ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ လှူဒါန်းသည့် သုတ၊ ရသစာအုပ်စာစောင်များကို ကော့သောင်းခရိုင် ပြန်/ဆက်ဦးစီးဌာနက ကျေးရွာစာကြည့်တိုက်တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ် လှူဒါန်းခဲ့သည်။

ကျော်စိုး(ကော့သောင်း)

တနင်္သာရီမြို့၌ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေး အသိပညာပေး

တနင်္သာရီ မေ ၉

မော်တော်ယာဉ်နှင့် ဆိုင်ကယ်မောင်းနှင်စီးနင်းသူများ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းလုပ်ငန်းများကို တနင်္သာရီမြို့ တနင်္သာရီတံတားထိပ် မီးပွိုင့်အနီး၌ ဌာနဆိုင်ရာများပူးပေါင်း၍ မေ ၇ ရက်က ဆောင်ရွက်ခဲ့ကြသည်။ **(ဓါတ်ပုံ)**

မြိတ်မြို့ အမှတ်(၇၆)ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ဒုရဲမှူးဦးကိုကို၊ တနင်္သာရီမြို့မရဲစခန်းမှူး ဒုရဲမှူးတင်အောင်၊ မြိတ်မြို့နယ် အရန်မီးသတ်တပ်ရင်း(၄)မှ လက်ထောက်ဦးစီးမှူး ဦးနွေဦး၊ တပ်ခွဲမှူးဦးမောင်ရီနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မော်တော်ယာဉ်နှင့် ဆိုင်ကယ်မောင်းနှင်သူများအား ရပ်တန့်စေပြီး ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေး၍ မော်တော်ယာဉ်မောင်းနှင်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အန္တရာယ်ဖြစ်လွယ်နိုင်သော အချက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ရှောင်ရန်နှင့်ဆောင်ရန်များ၊ မီးပွိုင့်၏ သင်္ကေတများအကြောင်း စသည်တို့ကိုလည်း ဟောပြောခဲ့ရာ စုစုပေါင်း ယာဉ်မောင်းသူ ၆၀ ခန့်အား အသိပညာပေး ဟောပြောနိုင်ခဲ့ကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

သတင်းတိုများ

မြစ်သားမြို့ရပ်ကွက်နှစ်ခုတွင် ထရန်စဖော်မာများ တပ်ဆင်ပြီးစီး

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ မြို့မအရှေ့ရပ်ကွက် ကင်းတားဝန်းနှင့် ဘူတာရပ်ကွက်တို့တွင် ထရန်စဖော်မာများ တပ်ဆင်ပြီးစီးနေမှုကို ခရိုင်လျှပ်စစ်မန်နေဂျာနှင့်အဖွဲ့ မေ ၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါ ထရန်စဖော်မာများကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် သီးခြားရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ပြီး 11/0.4 KV,200 KVA ထရန်စဖော်မာများ ဖြစ်ကြောင်း သိရသည်။ ထရန်စဖော်မာများ တပ်ဆင်ပြီး၍ ကင်းတားဝန်းနှင့် ဘူတာရပ်ကွက်တို့တွင် ဗို့အားကျဆင်းမှုများကို ကုစားနိုင်ပြီး ရပ်ကွက်နေပြည်သူများ ဓာတ်အား ပိုမိုပြည့်ဝစွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမင်းမင်းက ပြောသည်။

ရဲဝင်းထွန်း (မြစ်သား)

ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

မေ ၈ ရက်တွင်ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် စုပေါင်းသန့်ရှင်းရေးများကို ဘူးသီးတောင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့က မေ ၇ ရက်က ဆောင်ရွက်ခဲ့သည်။ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်မြင့်ဝေနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် ၄၅ ဦးတို့က ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ဘူးသီးတောင်မြို့ပေါ်ရှိ အမှတ် - ၄ ရပ်ကွက်၊ အမှတ် - ၅ ရပ်ကွက်နှင့် အမှတ် - ၇ ရပ်ကွက်တို့မှ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများအတွက် ခေါက်ဆွဲခြောက် ၆၆ ဖာနှင့် ဆန်အိတ် ၉၀၀ တို့ကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ကြည့်မြင်တိုင်မြို့နယ်တွင် ကလေးများအား ကာကွယ်ဆေးများထိုးပေး

ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် ဗားကရာလမ်းရှိ ဦးဘဘေ သားဖွားဆေးရုံတွင် မွေးစမှ အသက်တစ်နှစ်ခွဲအထိ ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက မေ ၇ ရက်တွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းကို အထက်တန်းသူနာပြုဆရာမအဆင့်(၁) ဒေါ်ခင်ပပစိုးက ကြီးကြပ်ပြီး တာဝန်ခံဆရာမ ဒေါ်ကြူကြူအေးက ထိုးပေးခြင်းဖြစ်ကာ ပုံမှန်ကာကွယ်ဆေးများဖြစ်သော BCG ငါးမျိုးစပ်၊ ပိုလီယိုကာကွယ်ဆေး၊ ဝက်သက်နှင့် ဂျိုက်သိုး ကာကွယ်ဆေးများကို ထိုးပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

မှော်ဘီမြို့နယ်တွင် မူခင်းကျဆင်းရေး ပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း ပြည်သူများ မူခင်းကျဆင်းရေးဆိုင်ရာ အသိပညာများ တိုးတက်လာရေးအတွက် ပညာပေးဟောပြောပွဲကို မြောင်းတကာ စက်မှုဇုန်အတွင်းရှိ ၉၉ သံရည်ကြိုစက်ရုံ၌ မေလ ပထမပတ်အတွင်းက ကျင်းပခဲ့ရာ ဟောပြောပွဲတွင် မှော်ဘီမြို့နယ် မြောင်းတကာရဲကင်းစခန်းမှူး ရဲအုပ်တင်ဝင်းက မူခင်းကျဆင်းရေး၊ မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားခြင်း မရှိစေရေးအတွက် သတိပြုရမည့် အချက်များကို ရှင်းလင်းဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့သည်။

အောင်ထက် (မင်္ဂလာဒုံ)

နေပြည်တော်တွင် မူခင်းကျဆင်းရေး အသိပညာပေးပြောဟော

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အောင်သာကျေးရွာ၌ မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုကြိုတင်ကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို မေလပထမပတ်အတွင်းက ကျင်းပခဲ့ပြီး ဟောပြောပွဲတွင် ဇေယျာသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းဇော်ဦးက ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများအား မူခင်းများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးနှင့် မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ စသည်တို့ကို ဟောပြောခဲ့သည်။

ဟိန်းထက်ဇော် (မြန်မာ့အလင်း)

ရွှေသဲကုန်းဓမ္မစကူးလ်ဖောင်ဒေးရှင်း သင်တန်းဆင်းပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့ ရပ်ကွက် ၄ ရွှေဘုန်းရှိန်လမ်းရှိ သီတဂူတပ်မြောက်ကျောင်းအတွင်း၌ ရွှေသဲကုန်း ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ ပထမအကြိမ်သင်တန်းဆင်းအောင်ပွဲကို မေ ၆ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်သံဃနာယက အကျိုးတော်ဆောင် ဦးကဥ္စနာဒိစ္စနှင့် တပ်မြောက်ကျောင်းဆရာတော် ဦးဝါယမတို့က ဩဝါဒစကားနှင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း မိန့်ကြားခဲ့သည်။ ဆက်လက်၍ အာဟာရအလှူရှင်များနှင့် ဓမ္မစကူးလ်သင်တန်းသား၊ သင်တန်းသူ ၃၈၀ တို့အား သင်တန်းဆင်းအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ပြီး ရွှေသဲကုန်းဓမ္မစကူးလ်၏ တာဝန်ခံဆရာတော် ဦးဣန္ဒမှ ရှေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ် (ပြန်/ဆက်)

ဂျိုင်းကျေးရွာ လျှပ်စစ်မြစ်ရေတင်မှ ရေပေးဝေပြည့်မီရေးနှင့် စိုက်စွမ်းအားမြှင့်တင်ရေး နည်းပညာပေး

ဘားအံ မေ ၉

ကရင်ပြည်နယ် ဘားအံမြို့နယ် ဂျိုင်းကျေးရွာအုပ်စုရှိ ဂျိုင်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ရေပေးဝေနိုင်မှု အခြေအနေနှင့် ပတ်သက်၍ ဆွေးနွေးပွဲကို ရိုးမဟာကျေးရွာတွင် မေ ၇ ရက်က ကျင်းပခဲ့ပြီး ဂျိုင်းလျှပ်စစ်မြစ်ရေတင်မှ ရေရယူစိုက်ပျိုးသည့် ကော့ကရိတ်မြို့နယ်အတွင်းမှ ကျေးရွာများ၌ သီးနှံစိုက်စွမ်းအားမြှင့်တင်ရေးအတွက် နည်းပညာပေးဆွေးနွေးပွဲများကိုလည်း စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မေ ၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲများသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ဂျိုင်းလျှပ်စစ်မြစ်ရေတင်မှ ရေရယူစိုက်ပျိုးသည့် စိုက်ဧရိယာများတွင် အထွက်နှုန်း တိုးတက်ရေး၊ တစ်သီးစားမှသုံးသီးစားသို့ စနစ်တကျ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် သီးနှံပုံစံများ ချမှတ်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဂျိုင်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ရေပေးဝေနိုင်သည့် အခြေအနေကို ကွင်းဆင်းကြည့်ရှုကြရာ မြစ်ရေတင်လုပ်ငန်းနှင့်ပတ်သက်ပြီး ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦးက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က မြစ်ရေဖြင့်ပေးဝေနိုင်သည့် သတ်မှတ်ထားသော စိုက်ကေများ ရရှိစိုက်ပျိုးနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် တောင်သူများ စုပေါင်းအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဂျိုင်းလျှပ်စစ် မြစ်ရေတင်စီမံကိန်းသည် ယခင်က ဒီဇယ်အင်ဂျင်ဖြင့် မြစ်ရေတင်ခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်ဖြင့် မြစ်ရေတင်လုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်က တည်ဆောက်ပြီးစီးခဲ့ရာ ယခုနှစ်မှစ၍ ဧက ၆၀၀ ရေပေးဝေနိုင်မည့်အပြင် နွေရာသီတွင်သာမက မိုးစပါး ရေနောက်ကျစိုက်ကေများအတွက်ပါ ရေပေးဝေနိုင်မည်ဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငါးတိုင်ကျေးရွာ၌ ကျင်းပပြုလုပ်သော မြေဆီလွှာအာဟာရဖြည့်တင်းခြင်းနှင့် သစ်စိမ်းမြေဩဇာအသုံးပြုခြင်း နည်းပညာပေးသရုပ်ပြပွဲကိုလည်းကောင်း၊ ကော့ကရိတ်မြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ ကျင်းပပြုလုပ်သော မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲကိုလည်းကောင်း တက်ရောက်အားပေးကာ တောင်သူများကိုယ်တိုင် လက်တွေ့လုပ်ဆောင်ကြ၍ အမှန်တကယ် အကျိုးရှိစေရေးနှင့် ဝင်ငွေတိုးတက်စေရေးအတွက် သီးနှံစိုက်စွမ်းအားမြှင့်တင်ရန် မှာကြားခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ဘားအံ)

ကြက်ခြေနီနေ့ အခမ်းအနားများ မြို့နယ်များတွင်ကျင်းပ

၂၀၁၈ ခုနှစ် မေ ၈ ရက်တွင် ကျရောက်သည့် နှစ် ၇၀ မြောက် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားများကို မြန်မာနိုင်ငံ မြို့နယ်အသီးသီးတွင် မေ ၈ ရက်က ကျင်းပခဲ့ကြသည်။

စစ်ကိုင်း

ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို စစ်ကိုင်းမြို့တွင် ရွှေဟသ်ာခန်းမ၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မြသူထံမှ ပေးပို့သော သဝဏ်လွှာကို စစ်ကိုင်းခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဇေယျာက ဖတ်ကြားကာ စစ်ကိုင်းမြို့နယ် ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်သီတာခိုင်က စစ်ကိုင်းမြို့နယ်ကြက်ခြေနီအသင်း တပ်ဖွဲ့များ၏ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် စစ်ကိုင်းခရိုင်ကြက်ခြေနီတပ်ခွဲမှူး ဦးမြင့်သိန်းထွန်း ဦးဆောင်သည့် ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၅ ဦးက စစ်ကိုင်းမြို့ခုတင် ၂၀၀ ဆံ့ဆေးရုံတွင် သွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဝ၆၆

လှိုင်းဘွဲ့

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောချစ်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းထွန်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက ကြက်ခြေနီ စေတနာ့ဝန်ထမ်းများသည် အများပြည်သူအကျိုးကို စေတနာ၊ ဝါသနာ အရင်းခံ၍ ကူညီဆောင်ရွက်သည့်အတွက် ပြည်သူများကိုယ်စား ကျေးဇူးတင်ကြောင်းပြောကြားပြီး လှိုင်းဘွဲ့မြို့နယ်အတွင်း ဖွင့်လှစ်ခဲ့သောကြက်ခြေနီသင်တန်းများတွင် ဆုရရှိသော သင်တန်းသား သင်တန်းသူများအား ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ခင်စန်းမြင့် (ပြန်/ဆက်)

မောက်မယ်

ရှမ်းပြည်နယ် မောက်မယ်မြို့နယ်၌ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကို မောက်မယ်မြို့ရှိ နမ့်ယွန်းခန်းမ၌ ကျင်းပခဲ့ပြီး အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားကာ ကြက်ခြေနီအမှုဆောင်အဖွဲ့ဝင် ဦးဇော်အောင်က ကြက်ခြေနီအသင်းအကြောင်းနှင့် အသင်း၏ လုပ်ဆောင်ချက်များအကြောင်းတို့ကို ဟောပြောခဲ့သည်။ ထို့နောက် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဝတ်စုံဖိုးလှူဒါန်းငွေများကို အလှူရှင်များက ကြက်ခြေနီအမှုဆောင်အဖွဲ့ဥက္ကဋ္ဌထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

မြို့နယ် (ပြန်/ဆက်)

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/6777 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

CLAIMS DAY NOTICE

M.V VIKING SEA VOY:NO(6)

Consignees of cargo carried by M.V VIKING SEA VOY:NO(6) are here by notified that the vessel will arrive on about 14-5-2018 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

CLAIMS DAY NOTICE

M.V LOTUS LEADER VOY:NO(27)

Consignees of cargo carried by M.V LOTUS LEADER VOY:NO(27) are here by notified that the vessel will arrive on about 18-5-2018 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလို ပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၈/A၊ မြေကွက်အမှတ် ၄၉၂၊ ဧရိယာ ၀ဒသမ၀၅၅ ဧက၊ မြေကွက်တည်နေရာအမှတ်(၄၉၂)၊ ဗိုလ်တိုက်ချွန်လမ်း၊ ၂/ခ ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် (ဒေါ်ခင်ညိုရီ) ၉/တတဂ(နိုင်)၀၅၇၈၆၅ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ညိုရီ ကိုယ်တိုင်မှ ၂၀၀၉ ခုနှစ်တွင် ဘဏ်ချေးမြေပုံကူးလျှောက်ထားခဲ့ပြီး ဘဏ်ချေးမြေပုံမူရင်းသည် မည်သည့်ဘဏ်မှ ချေးယူခြင်းမရှိဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးခဲ့ပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ၅/၁၀၆ (၂-၅-၁၈) ရက် တရားရုံးကျမ်းကျိန်လွှာ၊ နှစ်(၆၀) ဂရန်မူရင်းတို့ကို တင်ပြ၍ ဘဏ်ချေးရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
မြစ်ကြီးနားတက္ကသိုလ်-မြစ်ကြီးနားမြို့
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ ခုနှစ်(ဧပြီလမှစက်တင်ဘာလအထိ) မြစ်ကြီးနားတက္ကသိုလ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) ဘောလုံးကွင်း Chain Link ကာရံခြင်းလုပ်ငန်း(၁၉၀၀'×၁၀')
(ခ) 11/.4 Line 315 KVA Transformer တည်ဆောက်ခြင်းနှင့် 400 V Overhead Line သွယ်တန်းခြင်း Chain Link ဝင်းခြံကာရံခြင်းအပါအဝင်(300')
(ဂ) 11 KV Line လဲလှယ်ခြင်း 10m RC. post 12 nos 1200 ft
(ဃ) ပင်မဆောင်အမိုးလဲလှယ်ခြင်း(အကြီးစားမွမ်းမံပြင်ဆင်ခြင်း)(45732 sft
(င) အားကစားရုံအဟောင်းအား Stree Structure ဖြင့် အကြီးစားမွမ်းမံပြင်ဆင်ခြင်း (၁၂၀'×၉၀')RC (ရေမီး အပါအဝင်)(၁၆၂၀၀စ/ပေ)

၂။ **တင်ဒါလျှောက်လွှာပုံစံ** - ၁၀-၅-၂၀၁၈ရက်
စတင်ရောင်းချမည့်ရက်/အချိန် - နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအထိ
တင်ဒါပိတ်မည့်ရက်/အချိန် - ၃၁-၅-၂၀၁၈ ရက် ညနေ ၄း၃၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၇-၆-၂၀၁၈ ရက် နံနက် ၉နာရီ

၃။ အသေးစိတ်သိလိုပါက မြစ်ကြီးနားတက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဖုန်းနံပါတ်-၀၉-၄၃၂၀၅၄၄၀နှင့် အင်ဂျင်နီယာမှူး ဖုန်းနံပါတ် ၀၉-၂၄၀၂၀၄၂ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
မြစ်ကြီးနားတက္ကသိုလ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အခွန်တံဆိပ်ခေါင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ အများပြည်သူသိစေရန်

ထပ်မံအသိပေးကြေညာချက်

ပြည်သူလူထုတစ်ရပ်လုံး တံဆိပ်ခေါင်းများကို လွယ်ကူစွာဝယ်ယူရရှိနိုင်ရေးအတွက် နေပြည်တော်၊ ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ် နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃၆)လမ်း၊ (အလယ်ဘလောက်) တို့တွင် တံဆိပ်ခေါင်းဗဟိုအရောင်းကောင်တာများဖွင့်လှစ်၍ လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း ရောင်းချပေးနေသည့်အပြင် ရုံးခွန်အက်ဥပဒေ၊ မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေ၊ ရုံးခွန်တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ နည်းဥပဒေများနှင့် အခွန်တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ (၃၅၁)ဦးကို ခန့်အပ်၍ ရောင်းချပေးလျက်ရှိပါသည်။

သို့ရာတွင် အသုံးပြုရန်လိုအပ်သည့်အချိန်မှ ဝယ်ယူရသည့်တံဆိပ်ခေါင်းကို အသုံးလိုသည့်အချိန်တွင် အဆင်ပြေလွယ်ကူစွာ ဝယ်ယူရရှိနိုင်အောင် ဆောင်ရွက်ပေးထားသော်လည်း အသုံးပြုရန်မလိုအပ်ဘဲ အကြောင်းအမျိုးမျိုးပြ၍ ဝယ်ယူခြင်း၊ တံဆိပ်ခေါင်းများကို တရားမဝင်ရောင်းချသူများထံ အမြတ်တင်၍ ပြန်လည်ရောင်းချခြင်းများ ပြုလုပ်နေသည်ကို စိစစ်တွေ့ရှိရပါသည်။

ရုံးခွန်အက်ဥပဒေပုဒ်မ(၃၄)ပုဒ်မခွဲ(၃)တွင်-

"တံဆိပ်ခေါင်းရောင်းချရန် ခန့်အပ်ထားခြင်းခံရသူများသည် ဤပုဒ်မအရ ပြဋ္ဌာန်းချက်များကို မလိုက်နာလျှင်ဖြစ်စေ၊ ထိုသို့ခန့်အပ်ထားခြင်းမျိုးကို မခံရသူက တံဆိပ်ခေါင်းများရောင်းချလျှင် သို့မဟုတ် ရောင်းချရန် ကမ်းလှမ်းလျှင်ဖြစ်စေ၊ တံဆိပ်ခေါင်းကို တရားမဝင်လက်ဝယ်ထားရှိလျှင်ဖြစ်စေ ထိုသူကို(၆)လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်(ငါးသိန်း)ထိ ဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။"

ဟူ၍ လည်းကောင်း၊

မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ(၆၉)တွင်-

"(က) တံဆိပ်ခေါင်းရောင်းချရန် ခန့်အပ်ခံထားရသူ မည်သူမဆို ပုဒ်မ(၇၄)အရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေတစ်စုံတစ်ရာကို မလိုက်နာလျှင် ထို့ပြင်

(ခ) မည်သူမဆို ခန့်အပ်ထားခြင်းမခံရဘဲ ကျပ်တစ်ဆယ်တန် ကပ်တံဆိပ်ခေါင်းမှအပ အခြားတံဆိပ်ခေါင်းတစ်စုံတစ်ရာကို ရောင်းချလျှင် သို့မဟုတ် ရောင်းချရန် ကမ်းလှမ်းလျှင်၊

(ဂ) တံဆိပ်ခေါင်းတစ်စုံတစ်ရာကို တရားမဝင်လက်ဝယ်ထားလျှင် ထိုသူကို ထောင်ဒဏ်ခြောက်လအထိ သို့မဟုတ် ငွေဒဏ်ကျပ်တစ်သိန်းအထိ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး ချမှတ်ရမည်။"

ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ တံဆိပ်ခေါင်းများကို သတ်မှတ်တန်ဖိုးထက် ဈေးကြီးမြင့်၍ ရောင်းချခြင်းကို ပိတ်ပင်တားဆီးနိုင်စေရန် သတ်မှတ်ပြဋ္ဌာန်းချက်များကို မလိုက်နာသည့် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအားလည်းကောင်း၊ တံဆိပ်ခေါင်းများကို တရားမဝင်ရောင်းချသူများအားလည်းကောင်း၊ ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် FF/2320 Toyota Corolla Fielder S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ညွန့် ၁၂/သဃက(ပြ)၀၀၂၁၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန 'သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း'

၁။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းများတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ၁၅-၁၁-၂၀၁၈ ရက်တွင် ဖွင့်လှစ်မည့်သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်းသို့တက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၃)ဘာသာ ရမှတ်ပေါင်းကိုမူတည်၍ ရွေးချယ်မည်ဖြစ်ပါသည်။)

၂။ **အရည်အချင်းသတ်မှတ်ချက်**

လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူဖြစ်ရမည်။(၂၀၁၈ခုနှစ် မတိုင်မီအောင်မြင်သူများသာလျှောက်ထားရမည်။ ၂၀၁၈ခုနှစ်၊ မတ်လတွင်ဖြေဆိုအောင်မြင်သူများလျှောက်ထားခြင်းမပြုရ။)
(ဂ) လျှောက်လွှာပိတ်သည့် ၁၆-၇-၂၀၁၈ရက်တွင် အသက်(၂၅)နှစ်ထက် မကြီးရ၊ (အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါ မွေးသက္ကရာဇ်အတိုင်းသာအတည်ပြုမည်။)
(ဃ) ပြစ်မှုကင်းရှင်းသူ၊ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
(င) အိမ်ထောင်မရှိသူ(အပျို/လူပျို)ဖြစ်ရမည်။
(စ) အနည်းဆုံးအရပ်(၅)ပေရှိရမည်။
(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဇ) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ တက်ရောက်နိုင်သူဖြစ်ရမည်၊
(ဈ) သင်တန်းတက်ရောက်စဉ် ပညာသင်ထောက်ပံ့ကြေး(၁)လလျှင် ကျပ်(၃၀၀၀၀ိ/၊ ကျပ်သုံးသောင်း)တိတိ ချီးမြှင့်မည်ဖြစ်ပြီး သင်တန်းကာလအတွင်းပျက်ကွက်လျှင်ဖြစ်စေ၊ သင်တန်းစည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ နိုင်ငံတော်မှအခါအားလျော်စွာ သတ်မှတ်ထားသောသင်တန်းလျော်ကြေးငွေ သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းအတွက် (၈၀၀၀၀၀ိ/)(ကျပ်ရှစ်သိန်းတိတိ)၊ ဘက်စုံသားဖွား ဒီပလိုမာ(၂)နှစ်သင်တန်းအတွက် ကျပ်(၃၀၀၀၀၀ိ/)(ကျပ်သုံးသိန်းတိတိ)ပေးလျော်နိုင်သူဖြစ်ရမည်။
(ည) သင်တန်းအောင်မြင်ပြီး (အမှတ်ဖြင့်/အထူးကိစ္စရပ်ဖြင့်ရွေးချယ်)သူများကို နိုင်ငံ့ဝန်ထမ်းအဖြစ်ခန့်အပ်ပါက မည်သည့်ဒေသတွင် မဆို/လိုအပ်ချက်ရှိသော တိုင်းဒေသကြီး/ပြည်နယ်တွင် အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ **လျှောက်လွှာပေးပို့ရန်**

(က) လျှောက်လွှာကို (မည်သည့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင်မဆို)ရယူပြီး ပြည့်စုံ၊ တိကျ၊ပီသစွာ ဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး အခြေခံပညာ အထက်တန်း/တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် စာစစ်ဌာနတည်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ် ပြည် သူ့ကျန်းမာရေးဦးစီးဌာနသို့သာလိပ်မူ၍ လျှောက်လွှာပိတ်မည့်ရက်(၁၆-၇-၂၀၁၈) ရက်ထက် နောက်မကျစေဘဲ လျှောက်ထားရမည်။(နေပြည်တော်၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့လိပ်မူ၍ တိုက်ရိုက်လျှောက်ထားခြင်းမပြုရ)
(ခ) လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲပေးပို့ရမည်-
၁။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့်အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်လက်မှတ်(မိတ္တူ)(၁)စောင်၊
၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ရမှတ်စာရင်း(မူရင်း)(၁)စောင်၊
၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)(၁)စောင်၊
၄။ ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာ ရဲစခန်းထောက်ခံစာ(မူရင်း)(၁)စောင်၊
၅။ အိမ်ထောင်မရှိသူ၊ အပျို/လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်(သို့မဟုတ်)ကျေးရွာ အထွေထွေအုပ်ချုပ်ရေးမှူးရုံး(အုပ်ချုပ်ရေးမှူး/အတွင်းရေးမှူး)၏ ထောက်ခံစာ(မူရင်း)(၁)စောင်၊
၆။ ကျန်းမာရေးကောင်းမွန်သူဖြစ်ကြောင်း သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ကုသရေးဦးစီးဌာန၏ဆေးထောက်ခံစာ(မူရင်း)(၁)စောင်၊
၇။ ဌာနဆိုင်ရာ ဝန်ထမ်းဖြစ်လျှင်(သင်တန်းတက်ခွင့်ရရှိပါက) ရာထူးမှနုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာအကြီးအကဲ၏ထောက်ခံစာ (မူရင်း) (၁)စောင်၊
၈။ လျှောက်လွှာပုံစံတွင် လိုင်စင်ဓာတ်ပုံ(၁)ပုံကပ်ပြီးဓာတ်ပုံ(၂)ပုံကို ပူးတွဲပေးပို့ရမည်။
(၆-လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် ပတ်စ်ပို့အရွယ်ဓာတ်ပုံဖြစ်ရမည်။ ဓာတ်ပုံနောက်ကျောတွင် လျှောက်ထားသူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၊ မိဘအမည်၊ နေရပ်များရေးရမည်။)

(မှတ်ချက်။ ။ ထောက်ခံစာများအားလုံးတွင် ထောက်ခံပေးသူ၏အမည်၊ လက်မှတ်၊ ရာထူးတံဆိပ်တုံး၊ ရုံးတံဆိပ်ဝိုင်းပါရှိရမည်။)

၄။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်၊ ကောလိပ်၊ အဝေးသင်တက်နေသူဖြစ်လျှင် သင်တန်းကာလအတွင်း(တက္ကသိုလ်၊ကောလိပ်၊အဝေးသင်)ပညာသင်ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာကျောင်းအုပ်/အကြီးအကဲ၏ ထောက်ခံစာမူရင်းကို တက်ခွင့်ရမည့် သင်တန်းကျောင်းသို့ပေးအပ်နိုင်ရမည်။ (သင်တန်းတက်စဉ်ကာလအတွင်း အခြားမည်သည့်လက်မှတ်ရ သင်တန်းမဆို လုံးဝတက်ခွင့်မပြုပါ)။

၅။ အောက်ပါအချက်များနှင့် ငြိစွန်းသည့်လျှောက်လွှာကို ရွေးချယ်ရေးလုပ်ငန်းစဉ်တွင် လုံးဝ (လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ-
(က) ရှင်းလင်းပီသစွာနှင့်ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသည့် လျှောက်လွှာများ၊
(ခ) သတ်မှတ်ချက်စာရွက်စာတမ်း မပြည့်စုံသည့်လျှောက်လွှာများ၊
(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီးပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လိပ်မူ၍ လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများ၊ (လျှောက်လွှာစိစစ်ခြင်း လုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်၍)
(ဃ) လျှောက်လွှာပိတ်ရက်ထက် နောက်ကျပေးပို့သည့် လျှောက်လွှာများ။

၆။ သင်တန်းတက်ခွင့်ရ အမည်စာရင်းများကြေညာခြင်း။

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ(ဒုတိယပတ်)အတွင်း အောက်ပါဌာနများ၌ ကြေညာထားပါမည်-
(က) ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်၊
(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
(ဂ) တက်ခွင့်ရသည့် သက်ဆိုင်ရာသင်တန်းကျောင်းများ။

(မှတ်ချက်။ သင်တန်းစတင်ဖွင့်လှစ်ပြီး (၂)ပတ်အတွင်း သတင်းပို့ တက်ရောက်ခြင်းမရှိက သင်တန်းတက်ခွင့်စာရင်းမှ ပယ်ဖျက်မည် ဖြစ်သည်။)

၇။ သင်တန်းတက်ခွင့်ရရှိပါက တက်ခွင့်ရသည့် သင်တန်းကျောင်းသို့ရောက်လျှင် သင်တန်းကျောင်း၏ ကျန်းမာရေးစစ်ဆေးရေးကော်မတီမှ ထပ်မံကျန်းမာရေးစစ်ဆေးမည်ဖြစ်ပြီး ဆေးစစ်ချက်အောင်မြင်မှသာ သင်တန်းတက်ခွင့်အတည်ပြုမည် ဖြစ်သည်။

၈။ အသေးစိတ်သိလိုပါက အောက်ပါဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-
(က) သက်ဆိုင်ရာ တိုင်းဒေသကြီး /ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
(ခ) ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန(သူနာပြုဌာန)၊ နေပြည်တော်၊ (ဖုန်း-၀၆၇-၄၁၁၁၄၈၊ ၄၁၁၁၄၉၊ လိုင်းခွဲ-၈၀၈၊၈၃၀)

ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန

ASEAN Engineer(AE) **လက်မှတ်အတွက် အဆိုပြုလျှောက်လွှာများ ထပ်မံခေါ်ယူခြင်း**

၂၀၁၈ခုနှစ်အတွက် ASEAN Engineer(AE) မှတ်ပုံတင်လက်မှတ်များကို ၂၀၁၈ခုနှစ်နိုဝင်ဘာလတွင်စင်္ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်မည့် အာဆီယံအင်ဂျင်နီယာများ အသင်းချုပ်ညီလာခံCAFEO-36တွင် ပေးအပ်ချီးမြှင့်မည်ဖြစ်ရာ လျှောက်ထားလိုသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ စိစစ်၍ထောက်ခံ တင်ပြပေးမည်ဖြစ်ပါသဖြင့် လျှောက်ထားလိုသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Website - www.org.mm တွင် သတ်မှတ်ပုံစံအား download ပြုလုပ်၍ ဖြည့်စွက်ပြီးလိုအပ်သောအထောက်အထားများပူးတွဲလျက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ လူကိုယ်တိုင်ဖြစ်စေ၊ aer.myanmar@gmail.com သို့ email ပေးပို့၍ဖြစ်စေ၊ ၂၀၁၈ခုနှစ်၊ ဇွန်လ (၉)ရက်နေ့ နောက်ဆုံးထား ဆက်သွယ်ပေးပို့လျှောက်ထား နိုင်ပါသည်။

ASEAN Engineer လျှောက်ထားရန်လိုအပ်ချက်များ

၁။ BE ဘွဲ့ရပြီး လုပ်သက်(၇)နှစ်
၂။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Member(M) သက်တမ်း(၁)နှစ်
၃။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ RE/RSE/PE လက်မှတ်

(အသေးစိတ်ကိုမြန်မာနိုင်ငံအင်ဂျင်နီယာအသင်း။(ဖုန်း-၅၁၉၆၇၃-၆)နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(အသင်းခွဲ)များတွင်စုံစမ်းနိုင်ပါသည်)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အအုံများဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ်(ဧပြီလမှ စက်တင်ဘာလ)အတွက် (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေ ဖြင့် ချင်းပြည်နယ်အတွင်း အခြေခံပညာဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အပ်နှံသော ဆောင်ရွက်ဆဲအဆောက်အအုံများ အပြီးသတ်ဆောက်လုပ်ရန်အတွက် စိတ်ဝင်စားသောကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အခြေခံပညာဦးစီးဌာန (၅၁)ခု
(ခ) ကုသရေးဦးစီးဌာန (၅)ခု
(ဂ) ပြည်သူ့ကျန်းမာရေးဦးစီးဌာန (၁၆)ခု

၂။ တင်ဒါလျှောက်လွှာပုံစံများ

စတင်ရောင်းချမည့်ရက်/အချိန် - ၁၄-၅-၂၀၁၈ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၇-၅-၂၀၁၈ရက် ညနေ ၄း၃၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၈-၅-၂၀၁၈ရက် နံနက် ၉း၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးရုံး
လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့
ဖုန်း-၀၇၀-၂၁၀၃၃၊ ၀၇၀-၂၂၃၅၈၊ ၀၉-၄၂၇၁၂၄၇၁၅
တင်ဒါကော်မတီ

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်- စက်မှုလက်မှု၊ မြေကွက်အမှတ်- ၁၇ ၊ ဧရိယာ- အလျား ၁၀၀ ပေ × အနံ ၁၅၆ ပေ (၁၅၆၀၀ စတုရန်းပေ) ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်၊ မြမာလာလမ်းသွယ်၊ အမှတ် (၁၇) ဟုခေါ်တွင်သည့် ဂိုဒေါင်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၌ အမည်ပေါက်ပိုင်ဆိုင်သော ဦးညွန့်ရွှေ (G/RGN- ၀၂၄၀၁၄၊ ၁၂/အလန (နိုင်) ၀၁၄၅၁၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့် ဂိုဒေါင်အဆောက်အအုံအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉- ၄၄၃၁၂၀၃၀၁၊ ၀၉- ၇၈၈၉၉၉၈၀၆၊ ၀၉- ၂၅၃၀၉၉၁၃၅။

အမည်မှန်

ဦးစိုင်းသက်စံဦး၏သမီး မန်စီမြို့နယ်၊ မန်ဝိန်းကြီး အထကမှ ၂၀၁၈ခုနှစ်၊ ဆဋ္ဌမတန်းအောင် မနန်းဥမ္မာဟန်၏ အမည်မှန်မှာ မနန်းသီရိခင် ဖြစ်ပါကြောင်း။ **မနန်းသီရိခင်**

အမည်မှန်

မန်စီမြို့နယ်၊ မန်ဝိန်းကြီး ကျေးရွာနေ ဦးစိုင်းသက်စံ၏ အမည်မှန်မှာ ဦးစိုင်းသက်စံဦး ၁၃/ကမန(နိုင်) ၁၂၇၄၂၄ ဖြစ်ပါကြောင်း။
ဦးစိုင်းသက်စံဦး

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်နေ ဦးသိန်းဇော် ၁၂/တတန(နိုင်) ၁၂၅၈၉၈ ၏သား မောင်ဝေဖြိုးဇော် ၁၂/တတန(နိုင်)၂၃၄၉၇၁အား ယနေ့မှစ၍ မောင်ဖွဲ့ဝဏ္ဏအောင်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

ဦးအောင်တင်ထွဋ် ၉/မကန(နိုင်)၀၇၉၈၆၈၏သမီး စမ်းချောင်းမြို့နယ်၊ အထက(၂)တတိယတန်း တက်ရောက်မည့် မထက်အိန္ဒြေဝင့်အား မဆုပြည့်မြင့်မိုရ်ဟုလည်းကောင်း၊ သမီးငယ်ဖြစ်သူ မထက်ဝတီအောင်အား မထက်ဝတီလင်းဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

မဆုပြည့်မြင့်မိုရ်၊ မထက်ဝတီလင်း

အမည်ပြောင်း

မြစ်ကြီးနားမြို့ လေ့ကျင့်ရေးအလယ်တန်းကျောင်း တတိယတန်း (B) မှ ဦးအောင်ကြည်ထွေး (၁၂/ဒဂန(နိုင်)၀၀၁၇၄၈) ၏ သားဖြစ်သူ မောင်ပြည့်ဖိုးအား မောင်ဘုန်းမင်းဇော်ဟုလည်းကောင်း၊ သမီးဖြစ်သူ မကြယ်စင်ကြည်နူးအား မခိုင်မာကြည်နူးဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဘုန်းမင်းဇော် မခိုင်မာကြည်နူး**

MINGALAR CINEMAS

www.facebook.com/mingalarcinemas
Mingalar Cinemas facebook

သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃	သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀	မင်္ဂလာ သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈	မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂	နေပြည်တော် ၀၉ ၄၅၇၇၄၂၈၈၂ ၀၉ ၄၅၇၇၄၂၈၈၃	ရွှေဆောင် ၀၉၄၅၅၇၈၄၂၈၈၀ ၀၉၄၅၅၇၈၄၂၈၈၁	မင်္ဂလာစံပြ ၀၉ ၂၆၀၈၈၇၀၃၅ ၀၉ ၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅
Top Royal (စိန်ဂေဟာ-ပိရမိ) ၀၉၄၂၀၁၆၂၉၁ ၀၉၄၂၀၁၆၂၉၂	မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉ ၂၆၁၉၀၁၁၅၅ ၀၉ ၂၆၁၉၀၁၁၆၆	မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်ငြိမ်) ၀၉၇၇၉၀၅၄၆၇၂ ၀၉၇၇၉၀၅၄၆၇၃	ဝင်းလိုက် မန္တလေး ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁	မြို့မ မန္တလေး ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇	မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂	(မန္တလေး)မင်္ဂလာ မန်းနေပြည်တော် ၀၉၉၆၀၉၁၂၁၀ ၀၉၉၆၀၉၁၃၁၀
မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂	မင်္ဂလာ ICON Mall(ပဲခူး) ၀၉၄၅၆၆၀၀၁၅ ၀၉၄၅၆၆၀၀၁၆	NEW 3D Cinema တောင်ငူ ၀၉၈၆၆၄၅၅ ၀၉၇၇၅၃၅၈၉၁-၂	မင်္ဂလာစံပြ(မကွေး) ၀၉ ၇၆၈၅၂၅၇၄၀ ၀၉ ၇၆၈၅၂၅၇၄၂ ၀၉ ၇၆၈၅၂၅၇၄၃	မင်္ဂလာ ရွှေဟသာ (ပဲခူး) ၀၉၄၂၈၈၃၆၆၉၄ ၀၉၄၂၈၈၃၆၆၉၅-၆	မင်္ဂလာ ဘုရင့် (မော်လမြိုင်) ၀၉၄၄၁၂၂၈၈၀ ၀၉၄၄၁၂၂၈၈၂-၃	မင်္ဂလာ မြစန္ဒာ(မုံရွာ) ၀၉၇၆၆၆၂၅၈၁၂၃ မင်္ဂလာ Ocean ၀၉၇၆၆၆၂၅၈၅ ၀၉၇၆၆၆၂၅၈၆-၇

ဒွေဝတီကိုလွမ်း၍ ၁
ရန်ကုန် - သမ္မတ၊ မင်္ဂလာစံပြ၊ Top Roy၊ မင်္ဂလာ(ဂမုန်းပွင့်)၊ မင်္ဂလာဝဇီရာ
မန္တလေး -ဝင်းလိုက်၊ မင်္ဂလာဒိုင်းမွန်း
ပြည်- မင်္ဂလာထွန်းသီရိ ပဲခူး - မင်္ဂလာ Icon
တောင်ငူ - NEW 3D CINEMA မုံရွာ - မင်္ဂလာမြစန္ဒာ
မော်လမြိုင် - မင်္ဂလာဘုရင့် မကွေး - မင်္ဂလာစံပြ

AVENGERS INFINITY WAR(3D)
ရန်ကုန် -နေပြည်တော်၊မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

A QUIT PLACE
ရန်ကုန် -နေပြည်တော်၊မင်္ဂလာစံပြ၊မင်္ဂလာ(၂)ဒဂုံစင်တာ
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း မုံရွာ - မင်္ဂလာ Ocean
ပြည်- မင်္ဂလာထွန်းသီရိ ပဲခူး - မင်္ဂလာ Icon

ဝုန်းပစ်လိုက်မယ်
ရန်ကုန် -ရွှေဆောင်၊ သွင်၊ မင်္ဂလာ(၁)၊မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - မြို့မ၊ မန်းနေပြည်တော်၊ မင်္ဂလာ ဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ မကွေး - မင်္ဂလာစံပြ
ပဲခူး - မင်္ဂလာ Icon ၊ မင်္ဂလာ ရွှေဟသာ
တောင်ငူ - NEW 3D CINEMA မော်လမြိုင် - မင်္ဂလာဘုရင့်
မုံရွာ - မင်္ဂလာမြစန္ဒာ၊ မင်္ဂလာ Ocean

မုန်းလို့ရရင် မုန်းချင်တယ်
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာ(ဂမုန်းပွင့်)

RAMPAGE (3D)
ရန်ကုန် - နေပြည်တော်

ရှယ်ချေးမ
ရန်ကုန် - ရွှေဆောင်

၁၁ . ၅ . ၂၀၁၈ နေ့မှ ပြသမည့် ဇာတ်ကားသစ်များ

ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
နေပြည်တော်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ထို့ကြောင့် အဆိုပါတိုက်ခန်းတွင် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံတွင် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ- ဒေါ်ခွေးခွေးရီ
H.G.P,LL.B,D.L101WIPO(Switzerland).
B.D.S (MOFA)ADVOCATE
တိုက်-၂/အခန်း-၀၀၁၊ နှင်းဆီကုန်းအဆင့်မြင့်အိမ်ရာ၊ (က)ရပ်ကွက်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၀၈၉၂၃၉၊ ၀၉-၄၂၅၀၂၀၆၃၂၊ ၀၉-၂၆၂၆၂၁၉၄၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ကျွန်းကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၈၀ လေ့ခွဲချောင်း၊ ဦးပိုင်အမှတ် ၃၆/၁၃၊ မြေအမျိုးအစား-လယ်မြေ၊ ဧရိယာ ၄ဒသမ၄၆ဧကရှိမြေကွက်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမျိုးမြင့်ဝင်း ၁၂/တတန(နိုင်)၁၇၂၄၄၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်သဘောတူခဲ့ပြီးရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအားပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှိုင်ဘွား LL.B (စဉ်-၈၁၃၀)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၄၇၅၊ ပထမထပ်၊ သုမနလမ်း၊ (၁၆/၂)ရပ်ကွက်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၈၅၅၂၂၀၄

မြေငှားဂရန်ပေးရန်အတွက် ကန့်ကွက်လွှာခေါ်ယူသည့်ကြော်ငြာစာ (အောက်မြန်မာနိုင်ငံ၊ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ နည်းဥပဒေ ၅၈)

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့၊ မြို့မ (၃) ရပ်ကွက်၊ မြေတိုင်းရပ်ကွက် (ရပ်-၉)၊ ဦးပိုင်အမှတ် (၂၈ က)၊ မြေကွက်အမှတ် (၁၂၆ A)၊ ဧရိယာ ၀ဒသမ၀၅၄၂ ဧကခန့်ရှိသောမြေကို ဒေါ်မိုးမြတ်မြတ်သိန်းဝင်း ပါ (၃)ဦး အမည်ဖြင့် အမည်ပြောင်းသက်တမ်းတိုးမြေငှားဂရန် လျှောက်ထားကြောင်း၊ ညောင်လေးပင်မြို့၊ မြို့မ (၃)ရပ်ကွက်နေသူတို့အား ဤသို့အားဖြင့် အသိပေးအကြောင်းကြားလိုက်သည်-

မြောက်ဘက်	-	မြေကွက်အမှတ် ၁၂၅
တောင်ဘက်	-	ဘူတာလမ်း
အရှေ့ဘက်	-	မြေကွက်အမှတ် (၁၂၆ B)
အနောက်ဘက်	-	ဈေးအရှေ့လမ်း

ယခုမြေကွက်ကို လူနေထိုင်ရန်အတွက် အလိုရှိခြင်းဖြစ်ပါသည်။

ယခုမြေကွက်ကို လူနေထိုင်ရန်အတွက် မြေငှားဂရန်မပေးသင့်ကြောင်း အကြောင်းပြနိုင်သူမည်သူအားမဆို သိစေလိုက်သည်မှာ မြေငှားဂရန်ပေးခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာများကို ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၀၁၈ခုနှစ် မေ ၁၇ရက်တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ပေးပို့ရမည်။ ကန့်ကွက်လွှာအားလုံးကို စာဖြင့်ရေးသားရမည်။ အထက်ဖော်ပြထားသည့်ရက်၏ နောက်ပိုင်းတွင် ပေးပို့ရမည့်ကန့်ကွက်လွှာများကို လက်ခံလိမ့်မည်မဟုတ်။ အကယ်၍ (၁၇-၅-၂၀၁၈)ရက်တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရခြင်းမရှိပါက ထိုမြေကို အဆိုပါ ဒေါ်မိုးမြတ်မြတ်သိန်းဝင်းအား အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ပါသည်။

အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့

လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိအသင်းမှပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်း (အောက်)၊ Strand Condo အမှတ် (၃၄/၃၉)၊ အခန်းအမှတ် (၃၂/ပထမထပ်) တွင် ရုံးခန်းဖွင့်လှစ်ထားသည့် READY - MIXED CONCRETE ASSOCIATION (YANGON) (အသင်းမှတ်ပုံတင်အမှတ် -၁၇၉/၂၀၁၇-၂၀၁၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေငြာအပ်ပါသည်။

RMCA
Ready-Mixed Concrete Association (Yangon)
အသင့်ဖျော်ကွန်ကရစ်အသင်း (ရန်ကုန်)

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည် အမှတ်အသားကို READY - MIXED CONCRETE ASSOCIATION (YANGON) အသင်း၏မှပိုင်အဖြစ် သုံးစွဲရန်အတွက် (၂၈.၂.၂၀၁၈) ရက်နေ့တွင် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင်းမှတ်ပုံတင်အမှတ် (၂၄၈၈/၂၀၁၈) ဖြင့် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။ အဆိုပါအမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ အသင့်ဖျော်ကွန်ကရစ်အသင်း (ရန်ကုန်) ၏ အဖွဲ့ဝင် အသင်းသားများဖြစ်သည့် အသင့်ဖျော်ကွန်ကရစ်ကုမ္ပဏီလုပ်ငန်းရှင်များအားလုံးနှင့် ပတ်သက်သည့် အကျိုးရှိသည့်ကိစ္စရပ်များ၊ ပြဿနာများကို ဖြေရှင်း၊ ဆောင်ရွက်၊ ညှိနှိုင်းလုပ်ဆောင်ပေးနိုင်ရန်အတွက် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ရုံးခန်းများ၊ ဖွင့်လှစ်၍ လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ၎င်းလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင် အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး တို့ကိုလည်း ပြုလုပ်အသုံးပြုသွားမည် ဖြစ်ပါသည်။ ထို့ပြင် အဆိုပါလုပ်ငန်း အမှတ်တံဆိပ်ကို ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Name Card, Letter Head, Internet, Website အစရှိသည်တို့တွင်လည်း အသုံးပြုသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အသင်းမှပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါအမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတို့ အသင်းမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဆိုပါအမှတ်တံဆိပ်အမည် အမှတ်အသား၏ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှားထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တစ်ခုခုဖြင့် တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက အသင်းထိခိုက်နစ်နာဆုံးရှုံးမှု၊ ကုန်ကျသမျှသော အရပ်ရပ်စရိတ်ကြေးငွေများအတွက် လျော်ကြေးငွေများ တောင်းဆိုရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားစွဲဆိုမည့်အပြင် တုပပြုလုပ်ထားသည့် အမှတ်တံဆိပ်၊ အမှတ်အသားများကို ပယ်ဖျက်ပေးသည့်အထိ ဆက်လက်အရေးယူဆောင်ရွက် မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဇာနည်နှင်း(LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၆၈၅၅)
ဒေါ်ခင်ပြည့် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၄၈)
ဦးတင်မောင်စိန် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၂၆)

Libran Legal Group
အမှတ်-၁၂၆ (မြေညီ)၊ ၃၉ လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉၄၅၅၆၇၆၁၂၂
Info@libran group.com , www.librangroup.com

အမည်မှန်

၂၀၁၇-၁၈ ပညာသင်နှစ်တွင် လှိုင်လင်လေးအထကမှ သတ္တမတန်း အောင်မြင်သော မနန်းနွမ်ချန်၏အမည် မှန်မှာ မနန်းနွံ့ဆိုင်ဖြစ်ပြီး ဖခင် အမည်မှန်မှာ ဦးဆောလိန် ဖြစ်ပါကြောင်း။ **ဦးဆောလိန်**

ရောင်းမည်

(၂၀'x၆၀')
နှစ်ထပ် တိုက်ခံအိမ်
(၈)ရပ်ကွက်၊ အရှေ့(ဒဂုံ)
(၅၂၅)သိန်း
ဖုန်း-၀၉-၄၀၂၄၉၉၁၇၃

ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(၇)၊ နဝမ တန်းမှ မောင်စိုင်းလှထွန်း၏ ဖခင် အမည်မှန်မှာ ဦးဆံဉာဏ် ဖြစ်ပါ ကြောင်း။ **ဦးဆံဉာဏ်**

ဖခင်အမည်မှန်

လဲချားမြို့၊ အထက၊ အဋ္ဌမတန်း (ခ)မှ နန်းဆိုင်လောဝ်ယွန့်နှင့် ပဉ္စမ တန်း(ဂ)မှ နန်းလျှံဟွမ်ဖွေးတို့၏ ဖခင် အမည်မှန်မှာ ဦးစိုင်းအိန္ဒက ၁၃/ လခန(နိုင်)၀၃၀၈၁၇ဖြစ်ပါကြောင်း။ **ဦးစိုင်းအိန္ဒက**

ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက(ခွဲ) တောင်လေးလုံး၊ အဋ္ဌမတန်းမှ မမိုးမိုး ဆွေ၏ ဖခင်အမည်မှန်မှာ ဦးဇော်မြင့် ၁၃/တကန(နိုင်)၁၄၈၁၇၉ ဖြစ်ပါ ကြောင်း။ **ဦးဇော်မြင့်**

အမည်မှန်

လဲချားမြို့၊ အထက၊ အဋ္ဌမတန်း (ခ)အောင်မှ နန်းဆိုင်လောဝ်ယွန့်၏ အမည်မှန်မှာ နန်းဆိုင်လောင်ယုမ့်ဖြစ် ပါကြောင်း။ **နန်းဆိုင်လောင်ယုမ့်**

ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက(ခွဲ) တောင်လေးလုံး၊ အဋ္ဌမတန်းမှ မဝေ ဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် ၁၃/တကန(နိုင်)၁၇၈၇၂၀ ဖြစ်ပါကြောင်း။ **ဦးမြင့်နိုင်**

အမည်မှန်

လဲချားမြို့၊ အထက၊ ပဉ္စမတန်း(ဂ) အောင်မှ နန်းလျှံဟွမ်ဖွေး၏အမည် မှန်မှာ နန်းဆိုင်လောင်ဖွေး ဖြစ်ပါ ကြောင်း။ **နန်းဆိုင်လောင်ဖွေး**

အမျိုးသိစေရန်ကြော်ငြာခြင်း

(၁) လားရှိုးမြို့၊ ရပ်ကွက် (၁)၊ နယ်မြေ (၁၆)၊ အမှတ် (၁)ရဲစခန်းဝင်းအနီးနေ ကျွန်မ ဒေါ်ခင်ညိုညိုဦး (ဘ) ဦးသိန်းအောင် ၁၃/ကမန(နိုင်)၀၆၀၄၉၉ပိုင် စက်မှုဇုန် (၉၅) (၁၂)ဘီး (၈ဂ/၁၂၀၀) ယာဉ်အား မဘိန်းမြို့နယ်၊ သားပျောက်ကျေးရွာနေ သန့်ဇင်ဝင်း ၁၃/မဘန(နိုင်)၀၂၁၈၆၀ ဆိုသူအား ၂၀-၆-၂၀၁၇ ရက်တွင် ကျွန်မ၏အမျိုးသား ကိုမြင့်နိုင်ဦး (ဘ)ဦးတင်ကြိုင် ၇/နတလ(နိုင်) ၀၉၈၃၆၉မှ ကျွန်မ၏ကိုယ်စား သက်သေဦးသန်းဌေး ၉/မထလ(နိုင်)၀၅၆၃၄၃နှင့် ဦးနိုင်နိုင်ထွန်း ၈/ပမန(နိုင်)၀၈၈၆၆၉ စက်မှုဇုန် မန္တလေးနေသူသို့ ရှေ့မှောက်တွင် အပြီးအပိုင်လွှဲအပ်ရောင်းချပြီး ဖြစ်ပါသည်။

(၂) အဆိုပါ(၈ဂ/၁၂၀၀)နှင့်ပတ်သက်၍ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဒေါ်ခင်ညိုညိုဦး ၁၃/ကမန(နိုင်)၀၆၀၄၉၉
လားရှိုးမြို့

အိတ်ပိတ်တင်ဒါ(Close Tender)ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ်ပွတ်ကျေးရွာ၊ အမှတ်(၄)လမ်းမကြီးအနီး၊ Myanmar Distillery Co.,Ltdမှ အောက်ဖော်ပြပါ ပစ္စည်းများကို ရောင်းချလိုပါ၍ အိတ်ပိတ်တင်ဒါများကို ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

ရောင်းချမည့်ပစ္စည်း	ရောင်းချပုံ
Sludge အစာဖတ်	ပိဿာဈေးနှုန်း
EQ အစာဖတ်	ပိဿာဈေးနှုန်း

၁။ တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၀ရက်အတွင်း) နောက်ဆုံးထား၍ရုံးချိန်အတွင်း လာရောက်တင်သွင်းနိုင်ပါသည်။
၂။ တင်ဒါတွင်တင်ဒါဝင်ရောက်သူ၏ လိပ်စာနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ် ပြည့်စုံစွာ ဖော်ပြရန်။ ကုမ္ပဏီ/စက်ရုံမှ ရောင်းချမည့်ရက်အား(၂)ရက်ကြိုတင် အကြောင်းကြားပါမည်။
အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ မေးမြန်းနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၀၂၅၉၀၆၄၊ ၀၉-၂၅၄၃၅၁၈၀၂၊ ၀၉-၄၅၀၀၅၈၂၆၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ နတ်မောက်လမ်း ၊ မြေကွက်အမှတ် (၄၅၃/က)၊ မြေအကျယ်ပေ(၂၀x၆၀) မြေနှင့် နေအိမ်အပါအဝင်တို့ကို လက်ရှိနေထိုင်သူ ဒေါ်ဖြူနှင့် မောင်နှမများထံမှ ကျွန်ုပ်မိတ်ဆွေ ဦးတင်ထွန်း-ဒေါ်မြင့်စိန်တို့က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်သိန်း(စဉ်-၂၂၀၁၉)၊ ဒေါ်ခင်ဖုန်း(စဉ်-၄၄၉၃၅)
အထက်တန်းရှေ့နေများ
တိုက်(၂)၊ အခန်း(၁၀၁)၊ ဗိုလ်အောင်ကျော်အိမ်ရာ၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်
ဖုန်း-၀၉-၅၁၈၆၇၉၈၊ ဖုန်း-၀၉-၉၇၁၈၉၀၃၇၂

အမွေပြတ်စွန့်လွှတ်ခြင်း

မြင်းခြံမြို့၊ အမှတ်(၃)ရက်ကွက် အိမ်အမှတ်(ခ/၄ ခ/၁၅)နေ ဦးအောင်စိန်တင် ၉/မခန(နိုင်)၁၀၉၇၆၉ ဒေါ်နှင်းကေသီ ၉/မခန(နိုင်)၁၂၁၅၉၈ တို့၏သမီး မမေသက်နှင်း ၉/မခန(နိုင်) ၂၆၉၂၃၀ သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမနာခံဘဲ အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုမူပြီး မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။
(မေးမြန်းခြင်းသည်းခံပါ) **ဦးအောင်စိန်တင်+ဒေါ်နှင်းကေသီ**

အမည်ပြောင်းဂရန်လျှောက်ထားခြင်းအတွက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့၊ အမှတ်(၃)ရပ်ကွက်ရှိ ဦးဖေဝင်း ABN-၀၄၂၁၁၁ အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွင်းအမှတ်(၄၆)၊ ဗိုလ်ကုန်းအရှေ့ရပ် မြေကွက်အမှတ်(၁၉)၊ ဧရိယာ(ဧက) ၀ဒသမ ၁၉၀ ဂရန်အမှတ်တွဲအမှတ် ၄၅၁/၁၉၇၆ မှာ ပျောက်ဆုံးနေပါသဖြင့် အဆိုပါမြေကွက်အား ယခုဝယ်ယူပိုင်ဆိုင်ထားသူ ကျွန်တော်ဦးစောဗစ်တာ ၁၃/ကလန(နိုင်)၀၀၉၉၅၀ က မိမိအမည်ဖြင့် အမည်ပြောင်းဂရန်အသစ်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစောဗစ်တာ ၁၃/ကလန(နိုင်)၀၀၉၉၅၀
ကလောမြို့

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

သိန္နီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၁၇၊ ဝိန်းနန်းရပ်)၊ ဦးပိုင်အမှတ်(၁)၊ မြေဧရိယာ ၀ဒသမ ၁၄၉ဧကရှိ မြေကွက်သည် မိဘများဖြစ်ကြသော ဦးဆန်စိုင်းနှင့်ဒေါ်ဆိုင်ဝါတို့မှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး မိဘများ ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သား/သမီးများဖြစ်ကြသော ဦးစံညွှန့်၊ ဒေါ်ခမ်းမိန်၊ ဒေါ်ရွှေအိမ်တို့မှ မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာကြေညာပါသည့် ရက်မှစ၍ ရက် ၂၀ အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစံညွှန့်၊ ဒေါ်ခမ်းမိန်၊ ဒေါ်ရွှေအိမ်
အမှတ်(၄)ရပ်ကွက်၊ သိန္နီမြို့

အမည်ပြောင်း

ဦးဆမ်ရီ၏ သားနှင့်သမီးများဖြစ်ကြသော ကွတ်ခိုင်မြို့ အလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်း သတ္တမတန်း(အောင်)မှ မမြတ်ဖြိုးသွယ်အား မအေးမြတ်ဖြိုးဟုလည်းကောင်း၊ မောင်နိုင်ထွန်းဦးအား မောင်နိုင်ဖြိုးထွန်းဟုလည်းကောင်းပြောင်းလဲခေါ်ပါရန်။ **မအေးမြတ်ဖြိုး၊ မောင်နိုင်ဖြိုးထွန်း**

ကန့်ကွက်နိုင်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေထီးအိမ်ရာရှိ တိုက်အမှတ် (၈)၊ အခန်းအမှတ် (၃၀၃)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်ဆွေ ၁၂/လမန(နိုင်)၀၂၁၄၁၄ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးသက်နိုင်ဦး ၇/ပမန(နိုင်)၀၀၀၅၅၃က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုံးဖုံးကျေးရွာအုပ်စု၊ ကျောက်ဖျာကျေးရွာနေ ဦးအောင်ကြည်-ဒေါ်အုံးမြိုင်တို့၏သမီး မလှလှဝေ ၉/သပက(နိုင်)၀၄၇၁၆၅ သည် မိဘတို့၏ ဆိုဆုံးမစကားကို နားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အုံးမြိုင် ၉/မသန(နိုင်)၀၆၈၀၂၄

ပျောက်ဆုံးကြောင်း

ကျွန်တော် ကဗြေလယ် ၂/ဒမဆ (နိုင်)၀၅၂၂၀၀၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဗိုဝါးနီ ၂/ဒမဆ(နိုင်) ၀၄၉၃၇၉ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

ပျောက်ဆုံးကြောင်း

ကျွန်တော် စဲရယ် ၂/ဒမဆ(နိုင်) ၀၀၁၇၆၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

ပျောက်ဆုံးကြောင်း

ကျွန်မ နန်းငယ်ထွေး ၁၃/တကန(နိုင်)၂၃၇၅၁၁၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၉၈၉၀၅၈၂**

အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် RLG/7712 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက်၊ ဂန္ဓမာလမ်းရှိ ဒေါ်ကျင်ဝင်းပိုင်ဆိုင်သော မြေတိုင်းရပ်ကွက် 28 B_2၊ မြေကွက်အမှတ် ၆၉/၂၄ ပေါ်တွင် ဆောက်လုပ်ထားသော တိုက်အမှတ် ၄၁၊ အခန်းအမှတ် လေးလွှာ(A)အား ပိုင်ဆိုင်သူ ဒေါ်တင်မာလာ ၁၂/တမန(နိုင်)၀၂၆၃၅၄ထံမှ ကျွန်မ ဒေါက်တာခိုင်စန္ဒာ ၁၂/ကတတ(နိုင်) ၀၂၀၁၄၀မှ ဝယ်ယူလိုပါသဖြင့် ထိုအခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်၊ အကျိုးခံစားခွင့်ထိခိုက်ရန်ရှိသူတို့သည် ကျွန်မထံ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိလျှင် ဆက်လက်ပြီး ဝယ်ယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါက်တာခိုင်စန္ဒာ ၁၂/ကတတ(နိုင်)၀၂၀၁၄၀
အခန်း D_4၊ ၄၆/၄၈ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄) မြေကွက်အမှတ်(၄၀၄) မြေကွက်တည်နေရာအမှတ်(၄၀၄) သုတ(၃)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ကြည်ဝင်း (S/OKA-၀၆၈၁၁၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်ကြည်ဝင်းထံမှ အရောင်းအဝယ်စာချုပ်-၄၇၇၄/၁. ၁၂. ၀၅ဖြင့် ရရှိသူ ဒေါ်ကြီးငွေ(ခ)ဒေါ်ကြည်ငွေ (၁၂/မဂတ(နိုင်)၀၂၂၇၃၅)မှ မြေငှားဂရန်စာချုပ်မူရင်းမှာ နေအိမ်အပြောင်းအရွှေ့တွင် အထားမှား၊ ရှာဖွေမရ ပျောက်ဆုံးနေကြောင်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံပေးကမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်းများ ပြုလုပ်ထားခြင်းလုံးဝမရှိကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး ကျမ်းသစ္စာပေးသူ အရာရှိရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသော ကျမ်းကျိန်လွှာ ၃၃၅၉/၂၈. ၂. ၂၀၁၇၊ ကိုယ်တိုင်ဝန်ခံကတိ ဂရန်မူရင်းပျောက်ဆုံးကြောင်း၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာတို့ကိုတင်ပြပြီး ဒေါ်ကြီးငွေ(ခ)ဒေါ်ကြည်ငွေ၏ ကိုယ်စား ကိုယ်စားလှယ်လွှဲစာအမှတ်-၂၁၃၆/၂၈. ၂. ၁၇ ဖြင့်ရရှိသူ SP-ဦးသောင်းအေးထွန်း (၁၂/မဂတ(နိုင်)၀၈၁၆၈၁)မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၃၃၅၄/၂၈. ၂. ၁၇တို့ကို တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်(မိတ္တူ)ခွင့်ပြုပြီး ဖြစ်၍ မူလ (၁၄. ၁၂. ၉၃)ရက်နေ့တွင် ထုတ်ပေးထားသည့် ဒေါ်ကြည်ဝင်း (S/OKA-၀၆၈၁၁၇) အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်အမှတ် တဥ/၄-၁၄၃၂/၉၃ ဂရန်မူရင်းစာအုပ်အား ဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/6760 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/1672 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/4438 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃မာန်ပြေ)၊ မြေကွက်အမှတ်(၄၈၇/က)၊ မြေကွက်တည်နေရာအမှတ်(၄၈၇/က)၊ မာန်ပြေ(၁၁)လမ်း၊ ၃မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ် ၁။ ဒေါ်ခင်မေ ၁၂/သကတ(နိုင်)၁၀၈၈၀၃၊ ၂။ ဦးအောင်ညွှန့် ၁၂/သကတ(နိုင်)၁၀၈၃၉၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦး ဦးအောင်ညွှန့်(ခင်ပွန်း)သည် ၂၁-၁-၂၀၀၃ ရက်တွင် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါ်ခင်မေ ၁၂/သကတ(နိုင်)၁၀၈၈၀၃ မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ အခြားသော ဇနီး/မယား တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း (၁၆-၈-၂၀၁၇)ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူး လျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် တစ်ထပ်ပျဉ်ထောင် အဆောက်အအုံတစ်လုံးရှိပြီး လျှောက်ထားသူ ဒေါ်ခင်မေကိုယ်တိုင် နေထိုင်သဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/7891 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/8911 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/1398 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညွှန့်ညွှန့်ရီ ၉/မခန(နိုင်)၁၅၉၇၁၅ မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၆၃/စက်မှုဇုန်)၊မြေကွက်အမှတ်(၈၈၈)မြေကွက်တည်နေရာအမှတ်(၈၈၈)၊(၆၃/စက်မှုဇုန်)၊ဒဂုံတောင်မြို့နယ်၊ဦးထွန်းမြင့်(၁၂/လမတ(ဧည့်)၀၀၀၂၀၃)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေမြေအားနှစ်(၆၀)ဂရန်အမည်ပေါက်ဦးထွန်းမြင့်(၁၂/လမတ(ဧည့်)၀၀၀၂၀၃)ကွယ်လွန်သဖြင့်၎င်း၏တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူဒေါ်စန်းစန်းဦး(၁၂/သဃက(နိုင်)၀၅၁၄၇၀)မှဦးဝှရှန်ချွန်(ခ)ဦးထွန်းမြင့်၏(၂၅-၃-၁၁)ရက်စွဲပါသေစာရင်း၊တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်းနှင့်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်းမင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကျမ်းကျိန်လွှာ(၄၀၈၄/၂၇-၁၁-၂၀၁၇)၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဂရန်မူရင်း၊အိမ်ထောင်စုလူဦးရေစာရင်း၊အမှတ်(၂)စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှကြွေးကျန်ကင်းရှင်းကြောင်းထောက်ခံချက်တို့တင်ပြ၍မြေပြင်ကွင်းဆင်းစစ်ဆေးရာအုတ်ကာ/သွပ်မိုး(၁)ထပ်ဖြစ်ပြီးLucky Starပလတ်စတစ်လုပ်ငန်းလုပ်ကိုင်ပါသည်။အလုပ်သမားများနေထိုင်ပါသည်။မြေကွက်အမှတ်(၈၈၇)၊(၈၈၈)၊(၈၈၉)အားပေါင်းသုံးထားပါသည်။မြေကွက်များပေါင်းသုံးထားခြင်းအားပိုင်ဆိုင်မှုအထောက်အထားတင်ပြရန်နှင့်ဝယ်ယူထားသူမှသဘောတူကြောင်းတင်ပြရန်အကြောင်းကြားခဲ့ရာမြေကွက်အမှတ်(၈၈၇)၊(၈၈၉)အားဝယ်ယူထားသူဦးရန်နောင်မိုးမှဒေါ်စန်းစန်းဦး၏လျှောက်ထားခြင်းအားကန့်ကွက်ရန်မရှိကြောင်းနှင့်ဂရန်မူရင်းမှာလည်းမိမိလက်ဝယ်တွင်ရှိကြောင်း၊အလုပ်သမားနေထိုင်မှုနှင့်ပတ်သက်၍တာဝန်ယူပါကြောင်းဝန်ခံကတိတို့အားဝင်စာဖြင့်တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ရန်(မြေပုံကူး)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းငြိမ်း
အသက်(၉၉)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန(ယခင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)မှ အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး၊ ငြိမ်း) ဦးကြွယ်ဝ-ဒေါ်မြမြထွေးတို့၏မွေးသဖခင်ကျေးဇူးရှင် ဦးထွန်းငြိမ်း အသက်(၉၉)နှစ်သည် ၈-၅-၂၀၁၈ရက်(အင်္ဂါနေ့)တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ငွေစာရင်းဝန်ထမ်းများ
(ယခင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)
ဝန်ကြီးရုံး၊ အဆောက်အဦ၊ လမ်း၊ တံတား၊
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

ပါမောက္ခ ဦးရဲမြင့်
နှလုံးနှင့်သွေးကြောခွဲစိတ်ဆရာဝန်ကြီး(ငြိမ်း)
အသက်(၈၄)နှစ်

ဦးတင်မောင်(ခရိုင်ရဲဝန်၊ ငြိမ်း)-ဒေါ်မြသင်တို့၏သား၊ ဦးအောင်သာကျော် (တရားလွှတ်တော်ချုပ်နှင့် တရားဝန်ကြီး) - ဒေါ်ဦးခင်လှတို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် (341/B)နေ ဒေါက်တာဒေါ်ခင်လေး(မြို့နယ်ဆရာဝန်၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ နှလုံးခွဲစိတ်ကုဆရာဝန်ကြီး Professor အောင်ရဲဦး(UK)၊ မခိုင်ဇင်သွယ်(UK)၊ ကိုမြတ်စိုးခိုင်(UK)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၅-၅-၂၀၁၈ရက်(စနေနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးစိုးလွင်(ခ)ဦးစိုး
ဗျိုင်းရေအိုးစင်(ရွာမ)ရပ်ကွက်လုံးဆိုင်ရာ
'ဧ'ဓမ္မာရုံ ဥက္ကဋ္ဌ
အသက်(၇၅)နှစ်

၈-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁း၅၅နာရီတွင် ကွယ်လွန်သွားပါသော 'ဧ'ဓမ္မာရုံဥက္ကဋ္ဌ ဦးစိုးလွင် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

'ဧ'ဓမ္မာရုံ အလုပ်အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဗိုလ်မှူးဒေါ်စန်းစန်းဝင်း(ငြိမ်း)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၁ရပ်ကွက်၊ သုမန ၂လမ်း၊ အမှတ် ၉၂၆နေ (ဦးမြဝင်း)-ဒေါ်လှတင်တို့၏သမီး၊ (ဦးသိမ်းမောင်-ဒေါ်ခင်ပု)တို့၏သမီးချွေးမ၊ မောင်နှမ ခုနစ်ယောက်တို့၏အစ်မ၊ ဒေါက်တာဉာဏ်ငြိမ်းချမ်းကျော်-ဒေါက်တာဆုမြတ်မျိုးနိုင်၊ ဒေါက်တာဝေလှိုင်စိုး-ဒေါက်တာလင်းလင်းတို့၏ချစ်လှစွာသောမိခင်၊ (ဒေါက်တာဦးကျော်မြင့်)၏ချစ်လှစွာသောဇနီးသည် ၇-၅-၂၀၁၈ရက်တွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား တပ်မတော်ဆေးတက္ကသိုလ် ခန္ဓာဗေဒဌာနသို့ ပို့ဆောင်လှူဒါန်းပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးဒေါ်စန်းစန်းဝင်း(ငြိမ်း)
စစ်သူနာပြုသင်တန်းတပ်ဆွယ်၊ အပတ်စဉ်(၁၀)
အသက်(၆၆)နှစ်

သမီးတို့အပေါ် ဆရာ့ဝတ်ငါးပါးအပြင် မိခင်ကဲ့သို့ သောမေတ္တာတရားပါထပ်လောင်း၍ သင်ကြားပျိုးထောင်ပေးခဲ့သော တပ်ခွဲမှူး စစ္စတာကြီး ဗိုလ်မှူးဒေါ်စန်းစန်းဝင်း(ငြိမ်း)သည် ၇-၅-၂၀၁၈ရက် (တနင်္လာနေ့)တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူနာပြု သိပ္ပံဘွဲ့ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃)မှ ကျောင်းဆင်းအရာရှိများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးဒေါ်စန်းစန်းဝင်း(ငြိမ်း)
စစ်သူနာပြုသင်တန်းတပ်ဆွယ်၊ အပတ်စဉ်(၁၀)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမန(၂)လမ်း၊ အမှတ် ၉၂၆နေ (ဒေါက်တာကျော်မြင့်)၏ ဇနီး၊ ဒေါက်တာဉာဏ်ငြိမ်းချမ်းကျော်နှင့် ဒေါက်တာဆုမြတ်မျိုးနိုင်၊ ဒေါက်တာလင်းလင်းနှင့် ဒေါက်တာဝေလှိုင်စိုးတို့၏မိခင် ဗိုလ်မှူးဒေါ်စန်းစန်းဝင်း(ငြိမ်း)သည် ၇-၅-၂၀၁၈ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူနာပြုပညာဌာနများ
တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိုက်(လော့်ကား)
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဦးဘဖေလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အမှတ် ၅၆(က)နေ(ဦးသာဖိုး-ဒေါ်သိန်း)တို့၏သမီး၊(ဦးစစ်ပန်း-ဒေါ်လိပ်)တို့၏သမီးချွေးမ၊ [ဦးအုန်းကြိုင်(ခ)ဗိုလ်မီးခဲ] မော်ကွန်းဝင်တတိယဆင့်၏ ချစ်လှစွာသောဇနီး၊ (ဦးဘသန်း-ဒေါ်လှတင်)၊ (ဦးဘတင်-ဒေါ်သန်းတင်)တို့၏ညီမ၊ (ဦးဝင်းကြိုင်)-ဒေါ်သီသီ၊ ဦးမြင့်ဦး-(ဒေါ်ကြူကြူ)၊ ဒေါ်သန်းသန်းနွယ်၊ ဦးလှကြွယ်၊ (ဒေါ်ဝင်းမြမြ)၊ ဦးကျော်ထူး၊ ဒေါ်တင်တင်နွဲ့တို့၏အစ်မကြီး၊ ဒေါ်နီနီကြိုင်(ကြီးကြပ်ရေးမှူး၊ အသေးစားချေးငွေရုံးချုပ်၊ ငြိမ်း)၊ (ဒေါက်တာစိုးညွန့်ကြိုင်)-ဒေါ်စီစီကျော်၊ ဦးစိုးမင်းကြိုင်(အင်းစိန်ဘဏ်၊ ငြိမ်း)-ဒေါ်စလိုမီ၊ ဦးစိုးစိုးကြိုင်(ဒုကြီးကြပ်ရေးမှူး၊ အင်းစိန်ဘဏ်)-ဒေါ်လှလှမြင့်၊ ဒေါ်မီမီကြိုင်(အမက-၁၊ အင်းစိန်)တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်၊ တူ၊ တူမ ၃၀တို့၏ကြီးမေသည် ၈-၅-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၀-၅-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယိကာမကြီး
ဒေါ်လှအေး အသက်(၉၁)နှစ်
ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ နိဗ္ဗာန်ကုန်းကျေးရွာနေ (ဦးရှန်-ဒေါ်အုန်းခင်)တို့၏သမီး၊ အမျက်ကျေးရွာနေ (ဦးထွန်းရှိန်-ဒေါ်မယ်တင်)တို့၏သမီးချွေးမ၊ သုံးဆယ်မြို့၊ မြို့မဘူတာလမ်းနေ (ဦးသိန်းရွှေ) သုမဓမ္မဏိဇောတရေ၏ချစ်လှစွာသောဇနီး၊ ဦးသန်းထွန်း-ဒေါ်စန်းမြင့်၊ ဗိုလ်မှူးဘိုးသန်း(ငြိမ်း) (ညွှန်ကြားရေးမှူး၊ လူမှု၊ ငြိမ်း)-ဒေါ်အေးမြင့်၊ ဦးမြင့်ရွှေ-ဒေါ်ခင်ဝင်းဦး၊ (ဦးစန်းထွန်းဝင်း)-ဒေါ်ခင်စန်းညွန့်၊ ဦးခင်မြင့်-ဒေါ်သန်းသန်းဝင်း၊ ဦးမြင့်အေး-ဒေါ်မြမြကြူ၊ ဦးစိုးအေးလွင်-ဒေါ်သန်းသန်းမြင့်၊ (ဦးဇော်မြင့်ထွေး)-ဒေါ်မြင့်မြင့်ငွေးတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ် ၁၀ယောက်တို့၏ဘွားဘွားကြီးသည် ၉-၅-၂၀၁၈ရက် ညနေ ၄း၄၅နာရီတွင် သုံးဆယ်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် သုံးဆယ်မြို့အနောက်လမ်း သစ်တန်းသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၉နာရီအထိ သုံးဆယ်မြို့၊ မြို့မဘူတာလမ်းနေအိမ်သို့ ရက်လည်းဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်လှစန်း
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ တိုက် ၃၊ အခန်း၂၄နေ (ဦးစိန်ဖေ-ဒေါ်ပုလဲငွေ)တို့၏သမီး၊ (ဦးသန်းမောင်)၏ဇနီး၊ ဦးအောင်စိန်-ဒေါ်အေးအေးခိုင်၊ ဦးလှသောင်း-ဒေါ်ခင်ဝင်း၊ ဦးအေးဝင်း-ဒေါ်အေးအေးသန်း၊ ဒေါ်စန်းစန်းရီတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၉-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၄၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်ရီ အသက်(၈၂)နှစ်
(ပစ်တိုင်းထောင်ဆေးတိုက်ပိုင်ရှင်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ မော်ကန် ၆လမ်း၊ အနောက်ဘက်ထိပ်၊ အမှတ် ၈၁၅နေ (ဦးထွန်းလှိုင်)ပစ်တိုင်းထောင်ဆေးတိုက်၏ဇနီး၊ [ဒေါ်အေးအေးမူ(တိုင်းသ/မဦးစီးဌာန၊ ငြိမ်း)]၊ ဦးသန်းဝင်း-ဒေါ်ချယ်ရီ (ပစ်တိုင်းထောင် ပရဆေးဆိုင်)၊ ဦးအေးဝင်း-ဒေါ်သန်းသန်းကြွယ်၊ ဦးရဲဝင်း-ဒေါ်နီနီအောင်၊ ဗိုလ်ချုပ်သောင်းနိုင်(ဒု-စစ်ဥပဒေချုပ်)-ဒေါ်မြင့်မြင့်စန်းတို့၏မိခင်၊ တပ်ကြပ်ကြီးအောင်ကိုဦး-မသွယ်သွယ်ဝင်း၊ မောင်ဆန်းထွန်းနိုင်-မအိအိမြင့်၊ မောင်တင်ဝင်းလှိုင်-မဆုပြည့်ပိုင်၊ မောင်ခန့်သူ၊ မသိမ့်သိမ့်သူ၊ မဆုမြတ်မွန်တို့၏အဘွား၊ မဝေမာအောင်၊ မောင်ဝဏ္ဏကျော်၊ မောင်ဟိန်းသန့်ပြည့်စုံ၊ မောင်လင်းသုဝဏ်အောင်၊ မောင်သားငယ်လေးတို့၏ဘွားဘွားကြီးသည် ၉-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၀၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၁၈ရက်(သောကြာနေ့)နံနက် ၁၁း၃၀နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၈ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမြင့်အေး(ခ)ဦးချိုနီစန်း
စက်မှုစီမံရေး(၂)၊ ပင်မခနီတော
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၄၉လမ်း၊ အမှတ် ၁၂၄၊ အခန်း ၅၊ ပထမထပ်နေ (ဦးစန်းမောင်)-ဒေါ်တီတီတို့၏သား၊ (ဦးတင်ဖေ - ဒေါ်တင်မေ)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်သန်း (ခ) ဒေါ်မော်မော်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဘေဘီစန်း၏မောင်၊ ဦးတင်ရွှေ-မဖြူတို့၏ညီ၊ ဒေါ်ငွေငွေစန်း၊ ဦးတင်သိန်း-ဒေါ်နွယ်နွယ် (နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်)၊ ကိုအောင်အောင်လှိုင်တို့၏အစ်ကို၊ မောင်ကိုကိုနိုင်၊ မောင်မင်းခန့်ဇော်တို့၏ ဦးလေးသည် ၈-၅-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမြင့်အေး(ခ)ဦးချိုနီစန်း
စက်မှုစီမံရေး(၂)၊ ပင်မခနီတော
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၄၉လမ်း၊ အမှတ် ၁၂၄၊ အခန်း ၅၊ ပထမထပ်နေ (ဦးစန်းမောင်)-ဒေါ်တီတီတို့၏သား၊ (ဦးတင်ဖေ-ဒေါ်တင်မေ)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်သန်း (ခ) ဒေါ်မော်မော်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကိုမြင့်(စက်မှုဆေးဝါး)-ဒေါ်ခင်မျိုးအေး (Strand Hotel)၊ [ဦးတင်လှ(ရသုံးဦးစီး)]-ဒေါ်တင်တင်လှ(စာရင်းရုံး)၊ (ဦးစိုးနိုင်၊ စစစ)-ဒေါ်အယ်နီသန်း၊ (ဦးကြီးမြင့်၊ ကျော်ကြား)-ဒေါ်အမာကြည်၊ [ဦးထွန်းဝေ(သမ္မတဟော်တယ်)-ဒေါ်မြမြဝင်း]၊ ဦးသက်နိုင်(သီရိစန္ဒီ)၊ (ဦးကျော်ကျော်စိုး၊ အကောက်ခွန်) - ဒေါ်ချိုချိုယု၊ [ဦးချစ်ထွေး(Second Mate)]-ဒေါ်သီတာခိုင်(ပါရမီကဖေး)တို့၏အစ်ကို/မောင်၊တူ၊တူမ၁၉ယောက်တို့၏ဦးလေး၊ မြေး ၁၇ယောက်တို့၏ အဘိုးသည် ၈-၅-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဖွားခင်ရီ (မြိတ်)
(ဘုရင်မ-မဆလာ)
အသက်(၈၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ဖျားရပ်၊ ဓမ္မာရုံလမ်း၊ အမှတ်(၁)နေ(ဦးကြည်စံ)၏ဇနီး၊ ဦးသန်းဟို-ဒေါ်နုနုငွေး၊ (ဦးအင်ဟို)-ဒေါ်ကြူကြူလွင်၊ ဦးအင်ပို-ဒေါ်ဇာနည်အေး၊ (ဦးဝင်းခိုင်)-ဒေါ်သီသီလွင်၊ ဦးအောင်စိုး-ဒေါ်စီစီလွင်၊ ဦးတင်ချို-ဒေါ်ဖြူဖြူဝင်း၊ ဦးသန်းငွေး-ဒေါ်နုနုလွင်၊ ဦးဗိုလ်ဗိုလ်စိုး-ဒေါ်ချိုချိုလွင်၊ ဦးနေနေစိုး-ဒေါ်သန်းသန်းဝေတို့၏မိခင်၊ မြေး ၁၆ယောက်၊မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၈-၅-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးအောင်သန်း(ခ)
Victor Kyaing
(St.Patrick's Boy's School)
ကျောင်းသားဟောင်း
အသက်(၇၂)နှစ်

(ဦးကြိုင်-ဒေါ်တင်အေး)တို့၏သား၊ (ဦးမျိုးလွင်)-ဒေါ်စန်းစန်းရီ၊ (ဦးမြင့်အောင်)-ဒေါ်ခင်စန်းရီ၊ ဦးဇောတိက(သထုံ)တို့၏အစ်ကို၊ မောင်သူရကြိုင်-မဝါဝါနိုင်၊ မောင်ကျော်စွာလွင်-မအေးအေးအောင်၊ မောင်တင်ကိုလွင်-မမေသန္တာဦးတို့၏ဘကြီး၊ နှင်းဦးခေတ်လွင်၊ မယုနန္ဒာလွင်တို့၏အဘိုးသည် ၈-၅-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၀-၅-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၈ရက် (တနင်္လာနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်တင်စု(ခ)
ဒေါ်ချောစု
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ပိုင်းရပ်ကွက်၊ သပြေလမ်း၊ အမှတ် ၉နေ (ဦးအုန်းရွှေ-ဒေါ်အေးကြွယ်)တို့၏သမီး၊ (ဦးမြကြီး-ဒေါ်ဖွားခြုံ)တို့၏ချွေးမ၊ ဦးတင်စိန်(ဒေါင်းယာဉ်ပျံ စက်မှုလုပ်ငန်း)၏ ချစ်လှစွာသောဇနီး၊ ကိုသက်နိုင်-မသင်းသင်းမိုး၊ မသက်ထားစုလှိုင် (BRIGHTEX FAMILY CO., LTD)တို့၏ မိခင်၊ မဆုမြတ်နိုး၊ မောင်ကောင်းနိုင်ခန့်တို့၏အဘွားသည် ၈-၅-၂၀၁၈ရက် မွန်းလွဲ ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၈ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၈ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကျော်ဝင်း(ခ)ဦးရိုး
ဖားအောက်ရွာ၊ မော်လမြိုင်မြို့နယ်
အသက်(၆၀)

မော်လမြိုင်မြို့နယ်၊ ဖားအောက်ကျေးရွာ အနောက်ပိုင်းနေ ဦးသောင်းညွန့်-(ဒေါ်ယုံ)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်အောင်လမ်းသွယ်(၂)၊ တိုက် ၃၀၇၊ အခန်း ၁၁နေ ဒေါ်ထွေးရီ(ခ)မငယ်၏ခင်ပွန်း၊ ကိုချမ်းမင်းစိုး(ခ)ဖိုးဝ-မခင်ခင်ထွေး (စင်ကာပူ)၊ မောင်ဇင်မင်းထွန်း-မဆုလဲ့ရည် (Pan Pacific Hotel)၊ မယမင်းဖြူ(T & H Maths Canter)၊ မယမင်းသူ(ခေတ္တ-ဂျပန်)တို့၏ဖခင်၊ ဦးမင်းကျော်ဝင်း-ဒေါ်အေးအေးမော်တို့၏ညီ၊ ဦးမျိုးအောင်-ဒေါ်ကွေ့မိုင်တို့၏ အစ်ကိုသည် ၉-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်မှူးကြီးကျော်မြင့်(ငြိမ်း) (ပြင်ဦးလွင်)
ကြည်း-၇၂၁၁၊ OTS - ၁၅
ဒုကျောင်းအုပ်ကြီး(ငြိမ်း)၊အုပ်ချုပ်မှုအကူအတတ်သင်ကျောင်း(မေမြို့)
အသက်(၉၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ (ဦးအုန်း-ဒေါ်သိန်းညွန့်)တို့၏သား၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အမှတ် ၄၂၊ စန္ဒာလမ်းနေ ဒေါ်ခင်မေစု၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ခင်(၉၅၁၊ ဆလအ-ခွဲ၊ နန်းတွင်း)-ဒေါ်ဥမ္မာမြင့်၊ ဒေါက်တာတင်လှိုင်(အရေပြားအထူးကု)-ဒေါ်ဥမ္မာမေ၊ ဦးကျော်သီဟ(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ NLD)၊ ဗိုလ်မှူးစိန်ဝင်း(ငြိမ်း)-ဒေါ်စန္ဒာမြင့်(အလပြ၊ ငြိမ်း၊ အထက-၂၊ ဗဟန်း)၊ ဒေါက်တာစိုးနိုင်(အရိုးအထူးကု)-ဒေါ်စန္ဒာကျော်(အထပြ၊ အထက-၁၆၊ မန္တလေး)တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၀ယောက်၊ မြစ် ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၈-၅-၂၀၁၈ရက်(အင်္ဂါနေ့) ညနေ ၃း၄၅နာရီတွင် ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် စမိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်မြမြရီ (Peter Hla Pe)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်းရပ်ကွက်၊ သုမင်္ဂလာအိမ်ရာ၊ သုဒဿနလမ်း၊ အမှတ် M-9A၊ အခန်း 002 နေ (ဦးလှဖေ-ဒေါ်လှကြည်)တို့၏သမီး၊ (ဗိုလ်မှူးကြီးတင်အေး)၏ချစ်လှစွာသောဇနီး၊ ဒေါ်ကြည်ကြည်လှ၏ညီမ၊ ဒေါ်မြမြကြည်၏အစ်မ၊ ဒေါက်တာလွင်တင်အေး-ဦးခင်ဖေကြီး၊(ဦးအောင်တင်အေး)-ဒေါ်ခင်စုလှိုင်၊ ဒေါ်အေးတင်အေး၊ ဦးသီဟတင်အေး-ဒေါက်တာမြစန္ဒာသိန်း၊ ဦးသူရတင်အေး-ဒေါ်ဆွေဇင်သက်၊ ဒေါ်ကေသီတင်အေး-John Kunda တို့၏မိခင်၊ ဦးသီဟန်တင်အေး-ဒေါ်အိမ္ဗွန်ကျော်၊ ဒေါ်သရဖီခင်-Ruess Iden ဒေါက်တာအေးချမ်းအောင်၊ Zigmund ဆန်းဦး၊ သုတအောင်၊ Kathi Rossman, Francis Rossman, Christopher Kunda နှင့် Jasmine Kunda တို့၏အဘွားသည် ၈-၅-၂၀၁၈ရက် နံနက် ၈း၃၀နာရီတွင် Ellicott City, Baltimore, Mary-Land, U.S.A ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၈ ရက်တွင် Maryland, U.S.A ၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းညွန့်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ် ၁၁၊ မြေညီထပ်(အေ)နေ (ဒေါ်မောင်လှ-ဒေါ်လှိုင်)တို့၏သမီး၊ (ဦးကျော်သန်း-ဒေါ်ကြည်)တို့၏တူမ၊ ဦးမြင့်ထူး-ဒေါ်ရီရီတင်(လက်ထောက်မန်နေဂျာ၊ IKBZ)၊ ဦးစိုးသိဏ်း-ဒေါ်ခင်ထွေးရီ(အထပြ၊ ငြိမ်း)တို့၏အစ်မ၊ (ဦးအောင်ကြည်)-ဒေါ်ယုယုမော်၊ ဒေါ်ခင်စန်းကြည်(အမက-၂၊ အလုံ)၊ ဒေါ်ခင်စန်းရှင်၊ ဦးမိုးကျော်၊ ဦးကျော်စိုးတို့၏မိခင်၊ ကိုဇင်သူမောင်-မဖြိုး၊ မောင်ဝေဖြိုး၊ မခင်ဖြိုးဝေ(မြန်မာ့အာမခံလုပ်ငန်း)တို့၏အဘွား၊ (ဦးသိန်းဟန်)၏ဇနီးသည် ၈-၅-၂၀၁၈ရက် (အင်္ဂါနေ့) ည ၁၀နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၀-၅-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ခင်လှ (Baby Hla)
ဒုတိယဥက္ကဋ္ဌ(၁)အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့
မဟာစည်သာသနာ့ရိပ်သာ
(စိန့်ဂျွန်းကွန်ဗင့်ကျောင်းသူဟောင်း)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၇)ရပ်ကွက်၊ အမှတ် ၆၇၊ နှင်းဆီမြိုင်လမ်းသွယ်(Rose Park)နေ ဦးလှ-ဒေါ်သောင်းတို့၏သမီး၊ (ဦးစံတင့်-ဒေါ်ပန်းရီ)တို့၏သမီးချွေးမ၊ (ဦးဝင်းထိန်)၏ဇနီး၊ Capt.ဝင်းဇော်-ဒေါက်တာမြမိုမို့အောင်၊ ဦးဝင်းထွဋ်၊ ဒေါ်ဖြူဖြူဝင်းတို့၏မိခင်၊ မောင်ဉာဏ်လင်းဇော်(ISM G-10)၏အဘွားသည် ၉-၅-၂၀၁၈ရက် နံနက် ၁၁း၃၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၈ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၈ ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ယိုကုလားမ(ခ)ဒေါ်ရီ
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် ၂၉၂/၂၉၄(7B)၊ အနော်ရထာလမ်းနေ(ဦးယိုကြောင်ချီး-ဒေါ်ကြင်မြိုင်)တို့၏သမီး၊ (ဦးစိုးညွန့်)၏ဇနီး၊ ကိုမင်းမင်းဦး-မတင်နွယ်ဦး(U.S.A)၊ မစုစုရီ-ကိုသန်းအောင်(ညောင်ပင်လေးဈေး)၊ မသင်းသင်းရီ-ကိုရဲဝင်းဇော်(ညောင်ပင်လေးဈေး)တို့၏မိခင်၊ မောင်ဘိုဘိုလေး၊ မမေထက်ထက်ခိုင်တို့၏အဘွားသည် ၈-၅-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၅-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဆရာကြီး ဦးဝင်းနိုင် အသက်(၇၀)
လက်ရွေးစင်(သချာင်္)နည်းပြ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ အမှတ်(၂/က)၊ သုကတိလမ်း၊ ပ/စံပြရပ်ကွက်နေ (ဦးရင်လျှောင်-ဒေါ်ငွေရင်)တို့၏သား၊ (ဦးအုန်း-ဒေါ်သိန်းမြင့်)တို့၏သားသမက်၊ (ဒေါ်ခင်အုန်းကြူ)၏ခင်ပွန်း၊ ဦးတင်ထွေး-ဒေါ်ခင်လှ၊ ဦးကြည်ရွှေ-(ဒေါ်မြရှိန်)၊ ဒေါက်တာဦးစိန်သွယ်-(ဒေါ်မြင့်မြင့်လေး)၊ ဦးအုန်းလွင်-ဒေါ်လှစန်း(ငြိမ်းချမ်းဆေးဆိုင်)တို့၏ညီ/မောင်၊ ဒေါ်သန်းသန်းမော်၏အစ်ကို၊ ကိုစောရန်နိုင်-မသင်းသန္တာဝင်း (ဝင်းသစ္စာ ခရီးသွားဝန်ဆောင်မှု)၊ ဒေါက်တာဝင်းစန္ဒာလင်း(ဘွဲ့လွန်ဆေးပညာ၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)တို့၏ချစ်လှစွာသောဖခင်ကြီး၊ ဦးနေလင်းအောင်၊ ဒေါက်တာသီတာလေးသွယ်(ပါမောက္ခ/ဌာနမှူး၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ကိုစောသန်းထိုက်-မခိုင်ဇာလွင်(မြသီတာကားပစ္စည်းဆိုင်)၊ ကိုကျော်သက်လွင်၊ ကိုဖြိုးဝေလွင်တို့၏ဦးလေး၊ မြေးသုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၈-၅-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၅း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ထောက်ကြန့် မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ အဋ္ဌမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း

ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ အဋ္ဌမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် မေ ၉

ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ အဋ္ဌမပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနာယက၊ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယခုကျင်းပပြုလုပ်မည့် ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ အဋ္ဌမပုံမှန် အစည်းအဝေးတွင် ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းကို

စာမျက်နှာ ၅ ကော်လံ ၅ ❖

သတင်းမီဒီယာအဖွဲ့ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ လတ်တလောဆောင်ရွက်မှုအခြေအနေများ သတင်းရယူ

မြစ်ကြီးနား မေ ၉

ကချင်ပြည်နယ်အတွင်း လုံခြုံရေးအခြေအနေကြောင့် သွားလာရွှေ့ပြောင်းမှု ခက်ခဲလျက်ရှိသော နေရာများမှ ပြည်သူများအား လုံခြုံစိတ်ချရသော နေရာများသို့ ပြောင်းရွှေ့နေရာချထားရေးနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများကို သိရှိနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ စာတည်းမှူးချုပ် ဦးသာစိန် ဦးစီးသတင်းမီဒီယာအဖွဲ့တစ်ဖွဲ့သည် ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြပြီး နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားလေဆိပ်သို့ ရောက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ ◆

မြစ်ကြီးနားမြို့နယ် ကဝါးခနောင်နန်းကျေးရွာအုပ်စု တြီနတီနှစ်ခြင်းဘုရားကျောင်းတွင် နေရပ်စွန့်ခွာတိမ်းရှောင်၍ ခေတ္တရွှေ့ပြောင်းလာသူများအား တွေ့ရစဉ်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာကြသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား မိုးရာသီမကျရောက်မီ စတင်ရန် မြန်မာနိုင်ငံအနေဖြင့် အဆင်သင့်ရှိနေ

နေပြည်တော် မေ ၉

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Manjurul Karim Khan Chowdhury အား မေ ၈ ရက်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ခေါ်ယူတွေ့ဆုံ၍ နယ်စပ်လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် နေရပ်စွန့်ခွာသွားသူများအား ဆောလျင်စွာ ပြန်လည်ပို့ဆောင်ရေးတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❄

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး **Mr. Manjurul Karim Khan Chowdhury** တို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

နိုင်ငံတကာချစ်ကြည်ရေး ခြေစမ်းပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် မေ ၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က Asian Game Indonesia and AFF Suzuki Cup 2018 ဘောလုံးပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်း အောင်မြင်မှုရရှိရေးအတွက် နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းနှင့် Leeds United အသင်းတို့သည် မေ ၁၁ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ရှိ မန္တလာသီရိ အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါချစ်ကြည်ရေးခြေစမ်းပွဲအား မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MRTV Digitla Sports Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**